


# ခင်နှင်းယု

# မြင့်မိုရ်တောင်ခြေ

ဝတ္ထုတိုများ

mgyoe.com

mgyoe.com

# ခင်နှင်းယု

ဝတ္ထုတို ၃၅ ပုဒ်စုစည်းထားသည်။

KHY0008
4,000.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၈၉၊ မဂိုးရိပ်လမ်း၊ ရန်ကင်း။
အဖြင့်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄၀၀၀၊ ကျပ်

၈၉၅·၈၃

မြင့်မိုရ်တောင်ခြေဝတ္ထုတိုများ
ခင်နှင်းယု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃။
စာမျက်နှာ ၃၉၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) မြင့်မိုရ်တောင်ခြေဝတ္ထုတိုများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြင့်မိုရ်တောင်ခြေ ဝတ္ထုတိုများ

ခင်နှင်းယု

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စန်သီရာ | ၁ |
| ၂။ | အတက်နှင့် အဆင်း | ၂၃ |
| ၃။ | ခန္တာနှင့်အာရုံ | ၃၀ |
| ၄။ | အစ်ကိုလင်ရဲ့ | ၃၈ |
| ၅။ | ဘိန်းစားရေချမ်း | ၅၁ |
| ၆။ | ခံပွင့် | ၆၂ |
| ၇။ | လမင်းနှင့်တိမ်တိုက် | ၇၄ |
| ၈။ | ပန်းပုဆရာ ဦးသာယာ | ၇၈ |
| ၉။ | မြေက ရယ်သည် | ၈၇ |
| ၁၀။ | ရှင်သာ ရခိုင်တန်ဆောင်လော | ၉၈ |
| ၁၁။ | ကံ | ၁၁၇ |
| ၁၂။ | ကမ္ဘည်းမထိုးသော ကွက်လပ် | ၁၂၇ |
| ၁၃။ | ငရဲပန်း | ၁၃၆ |
| ၁၄။ | အနုပညာ | ၁၄၂ |
| ၁၅။ | သည်းနိုင်ကြပါပေတယ် | ၁၅၁ |
| ၁၆။ | စာလေးတစ်ကောင် | ၁၆၁ |
| ၁၇။ | မြင့်မိုရ်တောင်ခြေ | ၁၆၉ |
| ၁၈။ | အိမ် | ၁၇၉ |
| ၁၉။ | မောင်လူဒင်၏နယ်မြေ | ၁၈၈ |


mgyoe.com

mgyoe.com


၂၀။ အခေါက်... အခေါက် ၁၉၆

၂၁။ မြွေမင်းသား၊ ရွှေမင်းသား ၂၀၆

၂၂။ နေခြည်မခ ၂၁၆

၂၃။ မွေးနေ့ပွဲ ၂၂၈

၂၄။ ဗုဒ္ဓဟူးနံ ၂၄၁

၂၅။ ဖန်မီးအိမ်လေး ငြိမ်းသွားပြီ ၂၅၁

၂၆။ မဏိမေခလာကို တွေ့ခဲ့သော် ၂၆၃

၂၇။ ပေါက်စီ၊ ပလာတာနှင့် မုန့်ဟင်းခါး ၂၇၀

၂၈။ ချစ်မေတ္တာက ပိုပါတယ် ၂၇၈

၂၉။ လူကလေးတို့ မွေးရပ်မြေ ၂၈၅

၃၀။ လောင်းပန်းကျန်ု ၃၀၄

၃၁။ တောင်ဆိတ်၏ ရဲရင့်ခြင်း ၃၂၁

၃၂။ သူတို့ကတော့ မေ့ပါပြီ ၃၃၈

၃၃။ အကိုလင်ရဲ့ လန်ကွတ်တီ ၃၅၂

၃၄။ မုန့်စိမ်းပေါင်း ၃၆၂

၃၅။ မဟာသယမသုတ် ကယ်ပေလို့ ၃၈၁


mgyoe.com

mgyoe.com

# စန်သီရာ

ယနေ့မှာ ကျွန်မတူမလေး စန်သီရာ၏မွေးနေ့ ဖြစ်သည်။ သူသည် (၁၆) နှစ် တင်းတင်းပြည့်၍ ကြာဖြူပွင့်လို စိုပြည်၍ နူးညံ့သည်။ ထိုနေ့က ဘရိုကိတ် လုံချည်ပြာနှင့် နီလာများကို ဝတ်ထားသည်။ ဘရိုကိတ်လုံချည်ပေါ်တွင် ငွေချည်ပွင့်နွယ်ကလေးများက တလက်လက်တောက်ပနေသည်။ သူသည် သူ၏ လှပရွှန်းစိုသော မျက်လုံးပြာလေးအတွက် အမြဲဂုဏ်ယူသည်။ "စန်သီရာ သိပ်လှတာပဲကွယ်။ သူ့မျက်လုံးပြာလေးကိုက ချစ်စရာလေး၊ စန်သီရာ ကျန်းမာပါစေကွယ်"ကတော်မျိုးစုံသည် စန်သီရာ၏ ချောမောလှပခြင်းအတွက် ချီးကျူးသံများနှင့် ဆုတောင်းသံများလည်း လှိုက်၍ဝေနေသည်။

ဟိုဘက်ခြံက ကိုကိုနိုင်လည်း မကြာခင် ရောက်လာပါသည်။ ကိုကိုနိုင်သည် လေတပ်မှ ဗိုလ်ကလေးတစ်ဦးဖြစ်သည်။ သူသည် ခဏခွင့်နှင့်လာစဉ် စန်သီရာမွေးနေ့နှင့် ဆုံသဖြင့် လာရောက်ခြင်းဖြစ်ပါသည်။ စန်သီရာ၏ဖခင်မှာ တရားဝန်ကြီး ဖြစ်သည်။

"ဟလို...ရစ်ချတ်"ဟူသော စန်သီရာအသံကိုကြား၍ ကျွန်မ လှည့်ကြည့်လိုက်မိသည်။ စန်သီရာသည် ပြေး၍ပင်သွားကာ ကိုကိုနိုင်နောက်မှ လိုက်လာသောလူကို နှုတ်ဆက်နေပါသည်။ သူတို့နှစ်ယောက်၏ လက်ဆွဲနှုတ်ဆက်ပုံကို ကျွန်မ အသည်းယားလှသည်။ အသက်ရှူကြပ်လှသည်။ ဒါပေမဲ့ ကျွန်မ တူမမှာ ရန်ကုန်မြို့ရှိ နာမည်ကြီး ဗိုလ်ကျောင်းတွင်နေသူဖြစ်၍ ထူးဆန်းမည်မဟုတ်ပါ။ မကြာခင် စန်သီရာသည် ရစ်ချတ်ပေးသော နှင်းဆီပန်းရောင်စုံကို ပုလဲကုံး

mgyoe.com

mgyoe.com


နှင့် ချည်ထားသော ပန်းစည်းအားပွေ့၍ ရစ်ချတ်နှင့် စားပွဲတစ်ခုတွင် ထိုင်နေကြသည်။

ကျွန်မသည် ကျွေးမွေးပွဲစပြီဖြစ်၍ ဘွိုင်များနှင့် အလုပ်ရှုပ်နေပါသည်။ ကိုကိုနိုင်ကိုသော်မှ ပြုံးရုံပဲ ပြုံးပြနိုင်ပါသည်။ ကျွန်မသည် ကတော်များကြားတွင် ဖြတ်သွားရာမှ

"အဲဒီမျက်လုံးပြာမျိုးပေါ့ မင်းကတော်၊ မျက်နှာများတာ ဒီရစ်ချတ်ဆိုတဲ့ ကောင်ကလေးကိုမှ တွဲပလေ၊ မင်းကတော် သိသလား"

"သိသားပဲ၊ သူဌေးသားလူပေါလေးပါ၊ ဒီကောင်မလေးတော့ မကြာပါဘူး။ နန့်ပြာပြာပါ"

ကျွန်မမှာ ကတော်များထံမှ အတင်းပြောသံကို ကြားလျှင် ရင်ထဲမှာ နင့်သွားသည်။ ကျွန်မ တူမ နန့်ပြာပြာဟုတ်သည်, မဟုတ်သည်ထက် သူတို့ လူစုပင် စောစောက တရားဝန်ကြီးကတော်ရှေ့တွင် စန်းသီရာအလှကို စာဖွဲ့ခဲ့သည်မဟုတ်ပါလော။ မျက်လုံးပြာလေးကိုပင် ချီးမွမ်းခဲ့ကြသေးသည်။ ဒီပတ်ဝန်းကျင် ဒီလူတန်းစားတွေမှာ ဒီလိုပဲ ဖြစ်ကြမည်ပင်။ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ အတင်းပြောသည်ထက် ဟန်ဆောင်မှုများ ပြည့်နေသည့် ဒီလူတန်းစားတွေကို ရွံသွားပါသည်။ အမှန်တော့ကာ ကျွန်မက ရွံ၍အော့နေဦးတော့ သူတို့ ဂရုစိုက်ကြမည် မဟုတ်ပါ။ ကျွန်မကလည်း ဂရုစိုက်ခံရလောက်သူ တစ်ယောက်မဟုတ်။ ကျွန်မမှာ တရားဝန်ကြီး ဦးမောင်ကြီး၏ နှမအငယ်ဆုံးပင် ဖြစ်လင့်ကစား ကျွန်မကို လူသိနည်းလှပါသည်။ ကျွန်မ အဖို့လည်း မိဘမရှိသည့်နောက် မောင့်အရိပ်ကို ခိုလှုံရချိန်တွင် နောက်ဖေးချောင် စခန်းမှလွဲ၍ ကျွန်မသည် ဘာမျှ စွက်ဖက်ပိုင်ခွင့် မရှိပါ။ ဒါကြောင့်လည်း ဒီပတ်ဝန်းကျင်က ကျွန်မကို မေ့ထားပါသည်။ ဒါပေမဲ့ ကိုကိုနိုင်ကမူ ကျွန်မကို လေးစားစွာနှင့် အသိအမှတ်ပြုရုံမက လွန်ခဲ့သော နှစ်နှစ်ကပင် ကျွန်မ ကိုကိုနိုင်နှင့် ချစ်ခဲ့ပါသည်။

ကျွန်မသည် စန်းသီရာအတွက် စိတ်ထဲတွင် မကောင်းလှပါ။ "ပြောရက်လေခြင်း"ဟူသော မခံချင်စိတ်က ရင်ထဲမှာ ခုန်နေသည်။ ကိုကိုနိုင်အနားကို ရောက်နေစဉ်တောင်မှ ကျွန်မ ဣန္ဒြေဆယ်၍ မရသေးပါ။

ပြင်ပတွင်နေရောင် မရှိတော့ပေမဲ့ ကျွန်မတို့ တစ်အိမ်လုံး ရောင်စုံမီးပွင့်များနှင့် ထိန်နေပါသည်။ ရောင်စုံတောက်နေသော ပရိသတ်တွေလည်း တဖြည်းဖြည်း ပြန်ကုန်ကြသည်။ မီးပွင့်လေးများလည်း ငြိမ်းကုန်ကြပြီ။ အားလုံး

mgyoe.com

သိမ်းဆည်းပြီး၍ ကျွန်မအိပ်ခန်းသို့ ကျွန်မဝင်ခဲ့သည်။ အဝတ်သစ်များကိုလဲရင်း ကျွန်မ စိတ်ပျက်နေသည်။ ကျွန်မရင်ထဲတွင် မတင်မကျဖြစ်နေသည်။ စန်သီရာ အတွက် စိုးရိမ်စိတ်မှာ တကယ်ပဲ ရင်ထဲတွင် ကျပ်နေသည်။ ရစ်ချတ်ဟာ ဘယ်လို လူတန်းစားလဲ။ သူတို့တွဲကြသည်မှာ သူငယ်ချင်းလိုလား ကျွန်မ ခေါင်းရှုပ်သွားပါသည်။ စန်သီရာ နက်ဖြန်ကျောင်းသို့ပြန်တော့မည်ဖြစ်သဖြင့် စိတ်အနည်းငယ် သက်သာသွားပါသည်။

ကျွန်မသည် ပြတင်းများကိုဖွင့်၍ အိပ်ရာပေါ်တွင် လှဲလိုက်သည်။ ကျွန်မ ဒီအကြောင်းများကို စန်သီရာမိခင် ဒေါ်မေမေခင်အား ပြောသင့် မပြောသင့် စဉ်းစားနေမိသည်။ စန်သီရာကျောင်းသို့ ပြန်သွားပါသည်။ ကျောင်းမှာ ရန်ကုန်ထဲတွင်ရှိပေမယ့် ကျောင်းအိပ်ကျောင်းစား ပို့ထားပါသည်။ ကျွန်မတို့က အင်းစိန်မှာ နေပါသည်။

ကျွန်မယောက်မ မေ (ခေါ်) ဒေါ်မေမေခင်မှာ ကောင်းမွန်စွာ နေမကောင်း လှပါ။ စန်သီရာ ကျောင်းပြန်သွားမှပင် အပြင်မထွက်တော့ဘဲ အိပ်ခန်းထဲတွင် ဝင်နေတတ်သည်။ သူ့ရောဂါမှာ နှလုံးရောဂါဖြစ်၍ စန်သီရာနှင့် ပတ်သက်သော စိတ်မကောင်းစရာများကို သူ့အား မပြောပြပါ။

တစ်ခါတစ်ရံ မေသည် မျက်မှန်တပ်၍ ကတ္တီပါနက်ပေါ်မှ စိန်လုံးလေး များကို ရွေးချယ်နေသည်။ စန်သီရာသည် သူကိုယ်တိုင် ရွေးချယ်သော ကျောက် မျက်ရတနာများကိုမှ ကြိုက်တတ်ကြောင်းကိုလည်း ပြုံးပြုံးပြုံးပြုံးနှင့် ကျွန်မအား ပြောပြတတ်ပါသည်။

တစ်နေ့တွင်လည်း ပုလဲများကို ရွေးနေစဉ်ပင်

"မသက်ဖြူ စန်သီရာဆီကို ကမ္ဘာကျော် အမျိုးသမီးများဆိုတဲ့ စာအုပ် တွေ ပို့ပြီးပလား"ဟု မေးရာ၊ ကျွန်မက ပို့ပြီးကြောင်း ပြောပြပါသည်။

"စန်သီရာဟာ အဖြူနဲ့မေတို့က သူ့ကိုဘယ်လောက် အလိုလိုက်တယ်၊ ဘယ်လောက် ချစ်တယ်ဆိုတာ သိပါတယ်နော်။ အေးလေ သမီးလေးက သိမှာ ပါပဲ။ ဒီလို အလို လိုက်တာလည်း သူကြီးစားအောင်လို့ပါ။ အနည်းဆုံး တရားဝန်ကြီး သမီးဟာ ဝတ်လုံတစ်ယောက်ဖြစ်ရင် ကျေနပ်တာပါပဲ"ကျွန်မမှာ မေ့စကားကို ခပ်မဆိတ်ပင် နားထောင်နေပါသည်။

အားလပ်ချိန်တွင် ပုလဲလုံးလေးများကိုပဲ ရွေးနေတတ်ပါသည်။ အမှန်တော့ မေ့မှာ မျက်စိရောဂါကြောင့် စာပင်ကြာရှည်စွာ ဖတ်ခွင့်မရသော်လည်း သူ့သမီး

mgyoe.com

mgyoe.com


လေးအတွက်၊ ကျောက်မျက်ရတနာများကိုမှ ဘယ်ဆရာဝန်က တားမြစ်တားမြစ် သူကိုယ်တိုင်ပဲ ရွေးချယ်တတ်ပါသည်။

စန်သီရာတို့ ဖခင်မှာ ပင်စင်ယူကတည်းက စာဖတ်ခန်းတွင်သာ အချိန်ကုန်တတ်ပါသည်။

ကျွန်မသည် ယနေ့ည ကိုကိုနိုင်နှင့် တွေ့စရာ ရှိပါသည်။ ကိုကိုနိုင်လည်း နက်ဖြန်ကို မင်္ဂလာဒုံသို့ ပြန်တော့မည်။ ကိုကိုနိုင် ရှိရာသို့ ကျွန်မထွက်လာခဲ့သည်။

သော်ကရွက်နီများလည်း ခြောက်၍ မြေသို့ ကြွေနေကြသည့်မှာ ငွေရည်ယိုစိမ့်၍ ညဥ့်ဦး၏လေကလည်း ဖြည်းညှင်းစွာ တိုက်ခတ်ရင်း အဝေးမှ ကရမက်ပန်းရနံ့များကို သယ်ယူလာသည်။

သစ်ကိုင်းကြားမှ ငွေရောင်ဖြင့် ရောနေသော ကိုကိုနိုင်မျက်နှာကို ကျွန်မသည်ငြိမ်သက်စွာပင် ငေးနေမိသည်။ ကိုကိုနိုင်သည် လှပသူ မဟုတ်ပေမဲ့ ခန့်ညားသူဆိုလျှင် မမှားပါ။

"အဖြူ ရှေ့နှစ် ဆောင်းဦးပေါက်ရင် ကိုကိုနိုင်တို့ လက်ထပ်ရအောင်နော်၊ အဲဒီအချိန်လောက်ဆိုရင် ရာထူးလည်း တက်ရော သဘောကျလား"

အမှန်တော့ ကျွန်မအဖို့ အလွန်ပဲ ဝမ်းသာမိပါသည်။ ကျွန်မသည် အိမ်တစ်ဆောင် မီးတပြောင်နှင့် အိမ်ရှင်မ ဖြစ်ရမည်ထက် သူများလက်အောက်မှ လွတ်မြောက်ကာ ကိုယ့်ချစ်သူနှင့် တစ်အိုးတစ်အိမ် နေရမည်ကို ပို၍ ဝမ်းသာပါသည်။

ကိုကိုနိုင်သည် စိန်တစ်လုံးမြှုပ်ထားသည့် ရွှေလက်စွပ်တစ်ကွင်းကို ကျွန်မလက်မှာ စွပ်ပေးပါသည်။

ကျွန်မတို့နှစ်ယောက် ယူရတော့မည်။ ကျွန်မဝမ်းသာ၍ မဆုံးပါ။ ဒီညတော့ တစ်ချိန်လုံးလိုလို ကိုကိုနိုင် ရင်ခွင်ထဲမှာပဲ နေပါသည်။

သူကလည်း ပြုံး၍ပင် ရယ်စရာတွေကို ပြောနေပါသည်။ အေးသောလေများ တိုက်ခတ်လာတိုင်း ကျွန်မတို့ပို၍ ထွေးပိုက်ထားပါသည်။ လ၏ငွေရည်များထဲတွင် ငွေနှင်းမှုန်များ သိပ်လာသည်။

ညငှက်မည်းလေးတွေလည်း လေအေးတွင် မိန်းမော၍ ငိုက်မျည်းနေကြသည်ထင်သည်။ သူတို့၏ ညဉ်းဖွဲ့တေးများကိုလည်း မကြားရတော့ပါ။

mgyoe.com

ကျွန်မ ကိုကိုနိုင်ထံမှ ထွက်၍လာခဲ့ပါသည်။

နောက်နေ့တွင် အလုပ်များလုပ်ရသည်ကို စိတ်မပါလှ၊ စိတ်ထဲတွင် ပျင်းနေသည်။ ကိုကိုနိုင်ကိုပဲ သတိရနေပါသည်။ ဒါပေမယ့် နေ့လယ်တွင် ကျွန်မ မပျင်းနိုင်တော့ပါ။

"မသက်ဖြူ အဖြူမြန်မြန်လာစမ်း၊ မမမေမျက်စိ သိပ်ကိုက်လို့တဲ့"

ထမင်းချက် ဒေါ်ဇင်လာခေါ်၍ ကျွန်မမှာ 'မေ'ရှိရာသို့ ကမန်းကတန်း ပြေးသွားမိသည်။ မေမှာ အတော်ပြင်းထန်စွာ ခံစားနေရပုံရသည်။ ကျွန်မသည် ဆရာဝန်ထံ တယ်လီဖုံးဆက်၍ မေကို သက်သာအောင် တတ်နိုင်သမျှ ပြုစုပေမယ့် မသက်သာပါ။

မကြာခင် ဆရာဝန်ရောက်လာ၍ ဆေးစည်းပေးပါသည်။ မေသည် သက်သာသွားသလို ငြိမ်နေသည်။ ကိုကိုကြီးမှာ သူ့ဇနီးဘေးတွင် ထိုင်ရာမှ

"ဒီကနေ့ကစပြီး နောင်ကို ပုလဲတွေလည်း မရွေးပါနဲ့တော့မေရယ် စာလည်း မဖတ်နဲ့တော့၊ မေဖတ်ချင်သမျှ အဖြူကို အဖတ်ခိုင်း ဟုတ်လား၊ ဘာကိစ္စပဲဖြစ်ဖြစ် သိပ်လေးလေးနက်နက်ကြီးလည်း စိတ်မဝင်စားစမ်းပါနဲ့ မေရယ်"

"အခု ကိုယ်တို့အရွယ်မှာ စိတ်တွေအားလုံး လျော့ပစ်လိုက်ရမယ်၊ ကိုယ်တို့ငယ်ငယ်က အလုပ်လုပ်ထားတာတွေဟာ အခု အရွယ်အတွက်ကွယ့်"

"ကဲပါ မေရယ် စိတ်တွေလွှတ်ထားစမ်းပါ။ တစ်ခုခုကို စူးစမ်းလွန်းလို့ ဒီနှလုံး အားနည်းတာက ဖြစ်တတ်သေးတယ်"ဟု တစ်လုံးချင်းပြော၍ မေ့အနားမှ ထသွားပါသည်။

နောက်တစ်ပတ် ဆေးစည်းဖြေလိုက်သောအခါတွင်မူ မေသည် စာများ ကိုမဖတ်တော့ပါ။ အမှန်လည်း မဖတ်နိုင်တော့ပါ။ သူ့မျက်လုံးများသည် အရာဝတ္ထု ခပ်သိမ်းကို မှုန်မွှားမွှားသာ မြင်ရတော့သည်။

ခုတော့ ကျွန်မပဲ မေ့အနားမှာ နေရသည်။

"သမီးလေးဆီကို အကြောင်းမကြားနဲ့ဦးအဖြူ စာမေးပွဲနီးနေပြီ သူပြန်လာတော့မှာပဲ"

ကျွန်မတို့လည်း မေ့စကားအတိုင်းပင် စန်သီရာထံသို့ အကြောင်းမကြားပါ။

ဒီနေ့ စန်သီရာတို့ကျောင်းမှ စာရောက်လာသည်။ မေက ကျွန်မကို

mgyoe.com

mgyoe.com


ဖွင့်ဖတ်ခိုင်းသည်။ ကျွန်မသည် စာကို ရုတ်တရက် ဖတ်ပြမည်လုပ်ပြီးမှ စာမှာ စန်သီရာဆီကမဟုတ်၊ သူတို့ကျောင်းအုပ်ဆရာမကြီးထံမှ ဖြစ်သည်။

ကျွန်မသည် စာပါအကြောင်းများကို မဖတ်ဘဲ၊ ရုတ်တရက်ကောင်းမည် ထင်သည့် စကားလုံးများကို ညာ၍ဖတ်ပြလိုက်ရပါသည်။ စန်သီရာကျောင်းတွင် စာကြိုးစားသည့် အကြောင်း ဆရာမကြီးထံမှ Reportဖြစ်သည်ဟု ဖတ်ပြော လိုက်ပါသည်။

အမှန်တော့ ကျွန်မစိတ်မသက်သာလှပါ။ စာပါအကြောင်းများသည် မေစိတ်ချမ်းသာစရာမဟုတ်။ မေသိလျှင် မျက်ရည်ကျ၍ မျက်စိကို ထိခိုက်ရုံ တွင်မက စိတ်မကောင်းလည်း ဖြစ်ရဦးမည်။

စာပါအကြောင်းမှာ စန်သီရာသည် ကျောင်းမှ ခဏခဏခိုးထွက်သည့် အကြောင်းနှင့် ရစ်ချတ်နှင့် တွဲသည့်ကိစ္စများပါ ပါလာလေသည်။ စာဘက်တွင် လည်း တဖြည်းဖြည်းညံ့ဖျင်းလာကြောင်းနှင့် စန်သီရာ အပြုအမူကို သူတို့သဘော မကျကြောင်း ရေးထားသောစာဖြစ်လေသည်။

မေကို ကျွန်မက သိပ်သနားသွားမိသည်။ မေသည် မျက်စိရောဂါကြောင့် သာ ကျောင်းထွက်လိုက်ရသော်လည်း စာတော်သူတစ်ယောက် ဖြစ်သည်။ သူက သူ့သမီးကို သိပ်မျှော်မှန်းသည်။

သူ့သမီးကို မိန်းမတော်တစ်ယောက်ဖြစ်စေချင်သည်။ ပညာ ပြည့်ပြည့်စုံစုံ နှင့် ဝတ်လုံတော်ရကြီးတစ်ယောက်အနေနှင့် ဖြစ်စေချင်သည်။ ဒါကြောင့် သူ့သမီး ထံသို့ မိန်းမလူတော်များအကြောင်း ရေးထားသောစာအုပ်မှန်သမျှ နိုင်ငံခြားမှ မှာယူကာ ပို့ခဲ့၊ ဖတ်စေခဲ့ပါသည်။

ယခုလိုပုံတော့ စန်သီရာက သူပေးပို့သော စာအုပ်များကို ဂရုစိုက်ပုံ မပေါ်လှပါ။

"သမီးကလေးအတွက် တို့ပစ္စည်းတွေထက် ပညာကို အမွေပေးခဲ့စေချင် တယ်"

မေကဒါပဲ ခဏခဏ ပြောပြတတ်ပါသည်။ သူ့သမီး နေပုံထိုင်ပုံ အကြောင်းတွေများ မေသာ ခုနေသိခဲ့လျှင် မည်မျှကြေကွဲမည်ကို ကျွန်မ မတွေး တတ်တော့ပါ။ ကျွန်မ ယောက်မ၏ မှန်းချက်နှင့် နှမ်းထွက်မှာ မကိုက်တော့ပါ။

နောက်စာများတွင်မူ စန်သီရာက ပိုမို၍ သောင်းကျန်းလာပြီဖြစ်ကြောင်း များပင် ဖြစ်ပါသည်။ စန်သီရာထံသို့ ရည်းစားများထံမှ ရောက်လာသောစာများကို

mgyoe.com

mgyoe.com


အထပ်လိုက် ဆရာမကြီးထံမှ ပို့လိုက်ပါသည်။ ကျွန်မကတော့ မေ့ကို ညာမြဲ ညာလိုက်ပါသည်။ ကျွန်မ ဒီလို လုပ်ရသည်ကို စိတ်မသန့်လှပါ။

စန်သီရာကိုလည်း အလွန်အမင်း ကျွန်မ ဒေါသဖြစ်လာသည်။ ဒါပေမဲ့ ကျွန်မ ဘာမှ မတတ်နိုင်ပါ။ ကျွန်မက ဒေါ်လေးဆိုပေမဲ့ ဆုံးမပိုင်ခွင့် အခွင့်အရေးကို မရရှိခဲ့ပါ။ စန်သီရာက ကျွန်မကို အမှုထားမည်လည်း မဟုတ်ပါ။

ကျွန်မတွင် အချစ်ရှိပါသည်။ အရွယ်ရောက်လျှင် ချစ်သူရှာမှုကို ကျွန်မ မကန့်ကွက်လိုသော်လည်း အရွယ်မရောက်တတ်သေးခင်မှ စ၍ ငါးပွက်ရာ ငါးစာချသည့် သဘောနှင့် ရည်းစားဗလပွထားခြင်းကိုမူ ကျွန်မ နည်းနည်းမှ မလိုလားပါ။ သူတို့က အချစ်ကို ကစားကြည့်ချင်ကြသည်။

အချစ်သည် ကစားခံသည်မဟုတ်၊ အချစ်က သူတို့ကို ပြန်လည်ပတ်လာမည့်မီးကို သူတို့သိမည်မဟုတ်။ မျက်နှာများခြင်းနှင့် ရလာသော အချစ်မှာလည်း ပေါ့ပျက်လှပါသည်။ ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်တွင် ကိုယ့်ချစ်သူထံမှ ကြည်ညိုလေးစားထိုက်သော အရည်အချင်းရှိဖို့ကလည်း အရေးကြီးပါသေးသည်။

စန်သီရာ ပေါ့သွားမှာစိုးသည်။ ကျွန်မရင်ထဲတွင် နေ့နေ့ညည ဒါပဲ ရှိနေသည်။

စန်သီရာ သိစမ်းစေချင်ပါသည်။ ဘဝတာတွင် လွယ်လွယ်ခရီးသွားနေသည့် သူတို့ကို ကောင်မလေးမျိုးတိုင်း ဘဝဆိုတာ ဘာလဲဆိုတာကို သိစေချင်ပါသည်။

သူတို့အဖို့ လိုသမျှ ရနေလောက်အောင် လောကက အခက်အခဲမရှိ၊ ရှောရှောရှူရှူ ဖြစ်နေသမျှ သူတို့ကလည်း ဘဝဆိုတာကို လေးလေးနက်နက် စိတ်ဝင်စားကြမည် မဟုတ်ပါ။ ခပ်ပေါ့ပေါ့နှင့် ရှုပ်ရှုပ်ပဲ နေကြမည် ဖြစ်ပါသည်။

လောက၏ ဒဏ်ချက်ပေါင်း မြောက်များစွာ လူးလွန့်တိုးထွက်ကြိုးစားနေရရှာသော အချို့မိန်းကလေးများ၏ ဘဝကို စန်သီရာအား ပြချင်ပါသည်။

တချို့ကလေးတွေမှာ ပင်ကိုကြိုးစားမှုရှိပေမယ့် စန်သီရာလို မိဘအင်အားမတောင့်၍ ဆက်လက်ကြိုးစားခွင့် မရရှာသူတွေကိုလည်း ပြချင်ပါသည်။ ခုတော့ စန်သီရာသည် မက်ထရစ်ကိုပင် မအောင်သေးပါ။ မနှစ်ကလည်း ကျပါသည်။

စန်သီရာ မြန်မြန်ကျောင်းပိတ်ပါစေလို့သာ ကျွန်မ ဆုတောင်းမိပါသည်။ ကိုကိုကြီးကလည်း နေနိုင်လွန်းပါသည်။ သူ့စာဖတ်ခန်းနှင့်ပဲ အချိန်ကုန်နေပါတော့သည်။

mgyoe.com

mgyoe.com


မက်ထရစ်စာမေးပွဲပြီး၍ စန်းသီရာကျောင်းမှ ပြန်လာသည်။ စိတ်တော့ အနည်းငယ် အေးသွားပါသည်။

ဒါပေမဲ့ ကျွန်မအဖို့ ရစ်ချတ်ဟာ ဘာလဲဆိုသည်ကို ယောကျ်ားလေး မိတ်ဆွေများထံမှ စုံစမ်းနေရပါသည်။ စန်းသီရာသည် ကျောင်းပိတ်ပေမယ့် မေကို ဂရုမစိုက်လှပါ။

မေက သူ့သမီးအနားသို့ ဘာကြောင့် မလာသလဲဟု မေးတိုင်း စာဖတ် နေသည်ဟူ၍သာ ကျွန်မက ဖြေလိုက်ပါသည်။

စန်းသီရာ ခဏခဏ လာသည်မှာလည်း ကောင်းပါသည်။ စန်းသီရာ နှင့် ပတ်သက်သည့်စာများအားလုံးမှာ မေ့ခေါင်းအုံးအောက်မှာ ရှိပါသည်။

မေသည် စန်းသီရာကိုယ်တိုင်ပေးသော စာများနှင့် ကျောင်းကစာများ ကို သူ့ခေါင်းအုံးအောက်တွင်ထား၍ ရံဖန်ရံခါ ပါးနှင့်အပ်နေတတ်ပါသည်။

ယနေ့ ကျွန်မသူငယ်ချင်းထံမှ စာတစ်စောင် ရောက်လာပါသည်။

"ရစ်ချတ်မှာ စန်းသီရာကို တကယ်ချစ်သူမဟုတ်"

စန်းသီရာသည် ရစ်ချတ်၏နံပါတ် မချိတ်နိုင်သော ချစ်သူတစ်ယောက် ဖြစ်ကြောင်းနှင့် ရစ်ချတ်က ကျွန်မက သူငယ်ချင်းအား တခြားအပျက်မတွေကို တွဲရင် ဂုဏ်ပျက်တယ်ကွ။

"စန်းသီရာကို တွဲရတာက ဂုဏ်လည်းရှိသေး၊ ခြေချော်လက်ချော်ဖြစ် တောင် ရောဂါမရဘူး"ဟု ရစ်ချတ်က ပြောကြောင်း ဖတ်ရသောအခါတွင်မူ ကျွန်မမှာ အသားများတုန်နေပါသည်။

နောက်ဆုံးတော့ ကျွန်မစဉ်းစားမိသည်။ စန်းသီရာအတွက် မေပြောသလို "ပညာအမွေပေးခဲ့သည်ထက် လင်ကောင်းတစ်ယောက်ကို ရှာပေးခဲ့သည်က နောင်ရေးတွင် ပို၍ ခိုင်လုံမည်ထင်သည်..."

လက်ရှိ အခြေအနေကို ထွက်ရခြင်းဖြစ်သည်။ မှန်သည်။ စန်းသီရာ ဒီနှစ်လည်း စာမေးပွဲကျပြန်သည်။

သူသည် အချစ်ကို ကျီစားရေးတွင်သာ နေသည်။ သူ့ စိတ်ဝင်စားချက် များကို ရုတ်တရက်ပိတ်၍ လမ်းပြောင်းပေးဖို့ကလည်း မလွယ်လှ။

စိတ်မပြောင်းစေဘဲ ထားပါကလည်း တဇောက်ကန်းလျှောက်လုပ်သွား ပါက ကိုကိုကြီးနှင့်မေတို့ ရင်ကွဲဖို့အကြောင်းသာ ပေါ်လာမည်ဖြစ်လေသည်။

mgyoe.com

mgyoe.com


မေ မျက်စိမြင်စေချင်သည် ရောဂါလည်း မရှိစေချင်၊ စန်သီရာ၏ ဘဝမှန်ကို သူတို့ သိစေချင်ပါသည်။

နွေနှောင်း၍ မိုးရိပ်မိုးသွင်သည် ဝိုးတိုးဝါးတား ပေါ်လာခဲ့လေသည်။ လေအေးများတွင် မိုးသက်နံ့လည်း ရော၍ပါလာခဲ့သည်။ သော်ကပွင့်တွေလည်း ပန်းရောင်နုသွေးနှင့် ပင်ထက်တွင် ပွင့်နေကြသည်။

မိုးရာသီ ကျရောက်တော့မည်ဖြစ်သည်။ ကျွန်မသည် သော်ကပင်ခြေတွင် ရပ်ရင်း အိမ်နောက်ဘက်မှ တောင်ကုန်းများကို ငေးနေမိသည်။ ပွင့်ဖတ်များသည် တဖြုတ်ဖြုတ် ကြွေ၍လွင့်နေကြသည်။

မြက်ခင်းကလေးများကို နင်း၍လျှောက်ရင်း စိတ်ထဲတွင် ဆွေးမြေ့မြေ့ချည်း ဖြစ်လာကာ ကိုကိုနိုင်ကိုပို၍ သတိရမိသည်။ လက်ထပ်ရန် လများလည်း လိုပါသေးသည်။

သော်ကပင်များကို ကျော်လွန်၍ တောင်ကုန်းမြေမြင့်ကလေးများ အနားသို့ ရောက်လျှင်မူ ကျွန်မခြေလှမ်းများမှာ တန့်သွားပါသည်။

"စန်သီရာနှင့် သူငယ်တစ်ယောက်"

စန်သီရာက သူငယ်ရင်ခွင်ထဲတွင် ကော့နေသည်။ ထိုသူငယ်မှာ ရစ်ချတ်မဟုတ်။ "ဘုရားသခင် ကယ်တော်မူပါ"ဟု ကျွန်မက အသံများပင် ထွက်သွားမိသည်။

မျက်ရည်များလည်း စို့လာပါသညည်။ စန်သီရာ ဘယ်လိုလုပ်ပုံများလည်း ကျွန်မတော့ သူ့ရှေ့ရေးကို မတွေးဝံ့တော့ပါ။ သော်ကပင်ဘက်သို့ အမြန်ပြေးလာပြီး "စန်သီရာ ဟော့ စန်သီရာ"ဟု ကျွန်မသည် မသိသလို အော်ခေါ်နေသည်။ မကြာခင် သူသည် ကျွန်မရှိရာသို့ ပြေးလာသည်။ သူက ရယ်နေသည်။

"မာမီရယ် စန်သီရာကို ခေါ်နေတယ်"

ကျွန်မဒါပဲပြော၍ အိမ်ဘက်သို့ လာခဲ့သည်။ ပြီးတော့ ကျွန်မ အိပ်ခန်းထဲဝင်ကာ စိတ်မောလူမော လှဲနေမိသည်။ မကြာခင် တံခါးဖွင့်၍ စန်သီရာ ကျွန်မဆီသို့ ဝင်လာသည်။

"ဒေါ်လေးဖြူက သိပ်ညာတာပဲ မာမီကဖြင့် မခေါ်ဘဲနဲ့"

ကျွန်မမှာ စဉ်းစားရလွန်း၍ သူ့ကို ဘာပြန်ပြောရမည်ကိုမှ သတိမရဘဲ ဖြစ်နေသည်။ သူသည် ကျွန်မဘေးတွင် ဝင်ထိုင်ရင်း ကျွန်မကိုလှုပ်၍ ကစားနေသည်။

mgyoe.com

mgyoe.com


ခုလိုတော့လည်း ကျွန်မ တူမလေး စန်းသီရာသည် ကလေးစိတ် မကုန်သေးသော ချစ်စရာ အပျိုမလေးနှင့် တူနေသည်။ ဩော်...စန်းသီရာ နောက်ဆုံးတော့ ကျွန်မပြဿနာကို ရဲရဲရင်ဆိုင်ရန် ပြင်လိုက်သည်။

"ဒါနဲ့ ဒက်ဒီက စန်းသီရာကို ကျောင်းပြန်မပို့တော့ဘူးလိုလို ပြောနေတယ်။ ဘယ်လိုလဲ ဒေါ်လေးဖြူ"

ကျွန်မသည် အိပ်လျက်ကပင်...

"စန်းသီရာက စာမေးပွဲ ဆက်ကျနေတာကိုး။ မာမီကတော့ ထားချင်ပါတယ်။ ဒါနဲ့ ဒေါ်လေးမေးတာကို စန်းသီရာဖြေစမ်း၊ စန်းသီရာ ရစ်ချတ်နဲ့ သိပ်တွဲနေတယ်ဆို"

သူသည် ကျွန်မမေးခွန်းကို ရုတ်တရက် မဖြေ၊ ဂရုမစိုက်သလို ရယ်နေရာမှ...

"တွဲတာ ဘာဖြစ်သလဲ၊ ရစ်ချတ်ကိုတောင် ယူမလို့။ မာမီက စန်းသီရာ ပြောရင် ရတာပဲ။ စာလည်း မသင်ချင်တော့ပါဘူး"

ကျွန်မကို အမှန်တော့ စန်းသီရာ နည်းနည်းမှမခန့်ပါ။ ကျွန်မက အံ့သြရာမှ ...

"ဒီမှာ တခြားကောင်လေးတွေကို တွဲတာကော၊ စန်းသီရာ ခုနက တွဲကနေတဲ့ ကောင်လေးလေ"

ကျွန်မကမေးပြီး လန့်နေသည်။ ကျွန်မ မေးခွန်းကြောင့် စန်းသီရာ ဣန္ဒြေပျက်တော့မည်ထင်သည်။ သို့သော် ကျွန်မထင်သလို မဟုတ်ပါ။ စန်းသီရာသည် အပြုံးပင်မပျက်။

"အို... ဒေါ်လေးဖြူလလည်း ဒီလိုကောင်တွေလည်း တွဲရတာပေါ့။ ဒီလိုများများတွဲပြီး သူတို့အကြောင်းသိမှ ဒီအထဲက ရွေးရတာပေါ့"

ကျွန်မဖြင့် သူ့အဖြေကို ကြားလျှင် အသက်ရှူများပင် မှားနေတော့သည်။ သူတွဲပုံက ဘယ်လောက် အန္တရာယ်များသည်ကို စန်းသီရာ သိပုံမပေါ်။

ခက်ပါဘိ စန်းသီရာရယ် ချစ်သူရွေးပုံမှာ အမေရိကန် ဆန်လှသည်။ အမေရိကန်၏ အိမ်ထောင်ရေးစနစ်သည် ဘယ်လို နည်းနဲ့များ ကျွန်မတူမလေး စန်းသီရာ ခေါင်းထဲသို့ ဝင်လာပါလိမ့်။

ရစ်ချတ်သည် ယခု မေမြို့သို့ ထွက်သွားၡ ဟိုမှာ ၃ လခန့် နေမည့်

mgyoe.com

mgyoe.com


အကြောင်း စန်းသီရာက ပြောနေသည်။ သူ့စိတ်သည် ဒါပဲဝင်စားနေသည်။ မကြာခင် သူ ထွက်သွားသည်။

ကျွန်မသည် နောက်ဆုံး ဆုံးဖြတ်ချက်ကိုချ၍ သူ့အခန်းရှိရာသို့ ထသွားမိသည်။

သူသည် အိပ်ရာပေါ်မှောက်၍ ရစ်ချတ်ထံ စာရေးနေသည်။ ကျွန်မလောက်ကို သူက ဂရုမစိုက်ပါ။ ကျွန်မသည် သူ့အနားမှာ ထိုင်၍ အေးအေးဆေးဆေး အမူအရာဖြစ်အောင် တတ်နိုင်သမျှ ဟန်လုပ်ပြီးမှပင်...

"ဒီမှာ စန်းသီရာ ဒေါ်လေးတစ်ခုလောက် ပြောချင်တယ် စန်းသီရာ ရစ်ချတ်ကို အမှန်ယူမှာလား"

"ယူမှာပေါ့ ကျောင်းကို ပြန်မသွားဘူး"

"ရစ်ချတ်ဟာ စန်းသီရာကို ချစ်မနေဘူး ဆိုရင်ကော"

"အောင်မယ်လေး ဒေါ်လေးကလည်း တခြားကောင်မတွေကို ရစ်ချတ်ဟာ လုံးလုံးဂရုမစိုက်ပါဘူး"

"အို... စန်းသီရာက ဒါပဲသိတာကိုး၊ ဒေါ်လေးကို ဂရုစိုက်တယ်ဆိုရင်ကော"

"ဘာ ဒေါ်လေးဖြူက ရစ်ချတ်နဲ့ ကြိုက်နေတယ်ပေါ့လေ"

ကျွန်မသည် သူ့ကို အကဲခတ်ရာမှ ကြိုးစား၍ပြုံးရင်း "ဟုတ်တယ် ရစ်ချတ်က စန်းသီရာကို ညာနေတာ၊ တကယ်တော့ ဒေါ်လေးကို ချစ်နေတာ သိလား"

သူသည် ကျွန်မကို စားမတတ်ကြည့်နေသည်။

"ဒီမှာ ဒေါ်လေးကို ရစ်ချတ်ပေးထားတဲ့ လက်စွပ်"

ကျွန်မက ကိုကိုနိုင်ပေးထားသော လက်စွပ်ကို ပြလိုက်သည်။ သူသည် ထွိခနဲ တံတွေးထွေးရင်း...

"သိပါတယ်၊ ဒေါ်လေး ဒေါ်လေးဖြူလို မိန်းမတစ်ယောက်အတွက် ဒီလို တူမရည်းစား ခိုးမှပဲ လင်ရမှာပါ သိပါတယ်။ ဒီလိုဆို ဟိုဘက်အိမ်က ကိုကိုနိုင်က ဒေါ်လေးဖြူကို ပိုးနေတာ ညာနေတာပေါ့"

"မညာဘူး၊ ဒေါ်လေးဖြူ ရစ်ချတ်နဲ့ ကြိုက်နေတဲ့အကြောင်းပြောလိုက်ပြီ"

"မပြောလည်း စန်းသီရာ ပြောလိုက်မယ်"

သူသည် ဒေါနှင့်မောနှင့် ခုတင်မှ ထလိုက်ကာ

mgyoe.com

mgyoe.com


"ဒေါ်လေး ဒီအခန်းထဲမှာ မနေရင် ကောင်းမယ်"

ကျွန်မသည် အသာပင်ထ၍ ထွက်ခဲ့သည်။ ကျွန်မ ပထမတော့ ကြေကွဲမိသည်။

ဒါပေမဲ့ ကျွန်မ တူမလေး လင်ကောင်းရရန် ဖြစ်ပါသည်။ ဟုတ်သည်။ ကျွန်မ တူမလေး တင့်တောင့်တင့်တယ်နှင့် လင်ကောင်းရဖို့ပဲ အရေးကြီးပါသည်။

ကျွန်မသည် ရစ်ချတ်ထံမှ စန်သီရာဆီကို ပေးသမျှ စာတွေကို အားလုံးဖြတ်ယူလိုက်သည်။ ရစ်ချတ်ထံက စာပြတ်သွားလေလေ ကျွန်မပြောသမျှမှာ စန်သီရာ ယုံကြည်ရန်အတွက် ပိုမို၍ ခိုင်လုံလေ ဖြစ်လာပါသည်။

ကျွန်မသည် ညဘက်တွင် မေ့ထံသို့ ရောက်လာခဲ့ပါသည်။ နှိပ်နယ်ပေးရင်း ကျွန်မစိတ်ကူးကို ကျွန်မဖော်ရန် ကြိုးစားနေသည်။ ကျွန်မ နှိပ်ရင်းပင် မေက စကားစလာသည်။

"အဖြူ မေတော့ စန်သီရာကို ကျောင်းပြန်ပို့ဖို့အတွက် မစဉ်းစားတတ်ဘူး။ သူ့အဖေကလည်း မပို့ဖို့ဘဲ ပြောနေတယ်၊ စာမေးပွဲကလည်း ဘာလို့များကျပါလိမ့်"

"စာမေးပွဲဆိုတာ စာတော်တိုင်း မအောင်ဘူးမေ၊ မေကတော့ ရည်ရွယ်ချက်ရှိပေမယ့် အကြောင်းက ဖြစ်လာတာကိုး၊ ဒီတော့ ကိုကိုကြီးပြောသလိုကျောင်းမပို့တာဘဲ ကောင်းပါတယ်"

"အို... စန်သီရာက ကံနည်းလိုက်တာကွယ် လွန်ပါရောအေ၊ နှစ်ဖက်မိဘ အမွေနဲ့တော့ တစ်သက် စားလောက်ပါတယ်။ တစ်နေ့ကတော့ သူ့အဖွားလာရင်း စန်သီရာကို အိမ်ထောင်ချဖို့ အကြံဉာဏ် ပေးသွားတယ်"

အမှန်တော့ စန်သီရာ သတင်းမှာ လူပျိုလူရွယ်တိုင်းသို့ တော်တော်သင်းစ ပြုနေပါသည်။ ကျွန်မသည် ကြိုးစား၍ အားတင်းရင်း...

"ဟုတ်တယ်မေ၊ ဒါလည်း ကောင်းတာပဲ၊ ဟိုဘက်ခြံက ကိုကိုနိုင်ဆိုရုပ်ရည်ရော၊ အကျင့်စာရိတ္တရော၊ ပညာအရည်အချင်းရော ပြောစရာ မရှိဘူး။ ကိုကိုနိုင်တို့ မေမေဆို၊ မေနဲ့ရင်းနှီးသားပဲဟာ"

ကျွန်မသည် ပြောရာမှ အသံတုန်လာ၍ စကားကို ရပ်လိုက်သည်။ ကျွန်မ တူမလေးသည် ကိုကိုနိုင်လို လူကောင်းတစ်ယောက်ရဖို့ အရေးကြီးပါသည်။ သူနဲ့မှပဲ စန်သီရာကို စိတ်ချနိုင်မည်။ မေက အတန်ငယ် ငြိမ်နေပြီးမှ...

mgyoe.com

mgyoe.com


"အေး... သူဆိုရင်တော့ ပစ္စည်းတွေလည်း ဖရိုဖရဲဖြစ်မှာမဟုတ်ဘူး။ သူ့ဖေဖေနဲ့ တိုင်ပင်ကြည့်ပါဦးမယ်၊ မောင်အောင်နိုင် အမေကတော့ လာတိုင်း စကားစပ်ပါရဲ့"

"မေက လမ်းဖွင့်မပေးဘူးကွယ့်၊ ဩော်... ဖြစ်ချစ်တာက ကိုယ့်သမီးကလေး စန်းသီရာကို B.A.B.L ဘိလပ်ပြန်လိုဟာမျိုး ဖြစ်ချင်တာကွယ့်"

ကျွန်မသည် မေ့စကားများကို မကြားတစ်ချက် ကြားတစ်ချက်နှင့် နောက်ဆုံး မေအိပ်ပျော်၍ ထလာခဲ့သည်။ မှန်ပါသည်။

ကိုအောင်နိုင် မေမေကလည်း ကျွန်မလို မိန်းကလေးထက် အမွေပေါင်းမြောက်များစွာ အလားအလာရှိသော စန်းသီရာလို တရားဝန်ကြီးသမီးနှင့်ပဲ သူ့သားကို ပေးစားချင်ပေလိမ့်မည်။

ကျွန်မအခန်း ကျွန်မပြန်၍ ကိုကိုနိုင်ထံမှ ဒီတစ်ပတ် တနင်္ဂနွေ ပြန်လာမည့်အကြောင်း စာဖတ်ရချိန်တွင်မူ ကျွန်မကြုံကြုံပါအောင် ငိုမိသည်။

ဘယ်သူမပြု မိမိမှုဆိုသလို ကျွန်မလုပ်ပုံကို ကျွန်မ နောင်တပြင်းစွာ ရမိပါသည်။ တခြားနည်းလမ်းကို မစဉ်းစားမိသော ကျွန်မဦးနှောက်ကိုပင် ကျွန်မ အပြင်တင်မိသည်။

ကျွန်မ ကိုကိုနိုင်ကို အသည်းအူပြတ်မျှ ချစ်ခဲ့သည်ကို ခုတော့ ကောင်းကောင်း သိပါပြီ။

အို... ဘာပဲဖြစ်ဖြစ် ကျွန်မ တူမလေးတော့ ကောင်းစားမည် အမှန်။ ဒါပဲ ကျွန်မလိုလားချက် ဖြစ်သည်။

မှန်သည် ကျွန်မ အချစ်ကို ကျွန်မတူမလေးအတွက် အနစ်နာခံရပါမည်။ ကျွန်မ တစ်ညလုံး စိတ်မသက်သာလွန်း၍ မောဖေသည်။

ရေပန်းစားသဘော အချစ်မျိုးဖြစ်သည့် ရစ်ချတ်ကလည်း တဖြည်းဖြည်း စန်းသီရာသံထို့ စာမထည့်တော့ပါ။ ဒါကလည်း ကျွန်မ လက်ချက်ဖြစ်သည်။ စန်းသီရာ စာထည့်ခိုင်းသမျှ ကျွန်မ အားလုံး ဖြတ်ယူလိုက်သည်။

ကိုကိုနိုင်တို့မေမေနှင့် စန်းသီရာမေမေ ဆက်ဆံပုံမှာ ခြေသွက်လာသည်။

ကိုကိုနိုင်သည် ယခု တနင်္ဂနွေပတ်တွင် ရောက်လာသည်။ ကျွန်မတော့ လုံးလုံး အတွေ့မခံတော့ပါ။ ဒါပေမဲ့ စန်းသီရာက ကိုကိုနိုင်ကို ပစ်တွဲနေသည်။

စန်းသီရာ အရူးမလေး၊ ဘာမှမသိတတ်ဘူးလေ၊ ကျွန်မကိုမခံချစ်စိတ်နှင့်

mgyoe.com

mgyoe.com


သူပြုံး၍ လက်စားချေသသောမျိုးနှင့် ကျွန်မရှေ့တွင်မှ ကိုကိုနိုင်ကို ပို၍သည်းကာ အရေးယူပြတတ်သည်။ ကျွန်မကတော့ အမြန်ဆုံး ရှောင်၍ပင် ထွက်လာတတ်ပါသည်။

"စန်သီရာရယ် ဒေါ်လေး မင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ စန်သီရာ မသိဘူးနော်"

အမှန်လည်း သူမသိပါ။ သူသည် တကယ်တန်း လေးနက်သော အချစ်များ၏တန်ဖိုးကို သိသူမဟုတ်။ တကယ်ဆို သူ့မေမေ အချစ်ကိုပင် မဖြတ်တတ်သူ တစ်ယောက်ဖြစ်သည်။

ကိုကိုနိုင် ရောက်နေသည်မှာ ၂–ရက်ရှိပြီ၊ နက်ဖြန် တနင်္လာနေ့တွင် သူပြန်တော့မည်။ မကြာခင် ဒေါ်ဇင် ကျွန်မအခန်းထဲကို ဝင်လာ၍ စာတစ်စောင် လာပေးသည်။

ကျွန်မနှင့် ကိုကိုနိုင် ချစ်နေသည်ကို ဒေါ်ဇင်ကောင်းကောင်းသိပါသည်။ စာမှာ သူ့ကို ယနေ့ည အတွေ့ခံပါမည့်အကြောင်း ကိုကိုနိုင်က ရေးလိုက်သော စာဖြစ်ပါသည်။ ကျွန်မသည် စာဖတ်ရင်း ဣန္ဒြေဆယ်၍ မရပါ။

"ဟုတ်တယ် ကျွန်မ မတွေ့ချင်ဘူး..."

ကျွန်မသည် ပြောရင်း မျက်ရည်များ ကျလာပါသည်။ အမှန်တော့ ကိုကိုနိုင်ကို ပြေး၍ တွေ့လိုက်ချင်သည်။ ကိုကိုနိုင်သည် တကယ်ဆိုတော့ ကျွန်မ၏ ချမ်းငြိမ်းရာမှတ်တိုင် ဖြစ်ပါသည်။

"ဘာဖြစ်တာလဲ မိန်းကလေးရယ် ဘာလို့များ မတွေ့ချင်တာလဲ"

ကျွန်မ ဘာမှမပြော၊ စာတစ်စောင်ကိုသာ ရေး၍ ဒေါ်ဇင်ကို ပေးလိုက်ပါသည်။

စာမှာ "ရစ်ချတ်နှင့် ချစ်နေပြီဖြစ်၍ မတွေ့နိုင်တော့ကြောင်း"

ရေးလိုက်ပါသည်။ အမှန်တော့ ကလောင်ဖျားမှာ ကျွန်မနှလုံးသွေးများသည် ယိုစိမ့်နေပါသည်။ ဒေါ်ဇင်မှာ ကျွန်မကို အတော်ချစ်သူဖြစ်ပါသည်။

ကိုကိုကြီး အိမ်မှာနေပေမယ့် ကျွန်မငယ်စဉ်က ကျွန်မမိဘ အိမ်တွင် ဒေါ်ဇင်ကိုယ်တိုင် ထိန်းလာခဲ့ပါသည်။ ကျွန်မဝမ်းနည်း၍ ငိုလေလေ သူက မနေတတ်လေလေ ဖြစ်ပသည်။

"ဘာလို့ ဒီလိုဖြစ်တယ်ဆိုတာ ဒေါ်ဇင်ကို ပြောပြရမယ်။ ဒါပဲအဖြူ၊

mgyoe.com

မပြောရင်တော့ စန်းသီရာစာတွေ ဖြတ်သိမ်းတာတွေ အကုန်လုံး အကြောင်းမှန် အတိုင်း ဝန်ကြီးရော မမရော ပြောလိုက်မယ်”

ဒီတော့မှ ကျွန်မ စာဖြတ်သည်များကို ဒေါ်ဇင် အကူအညီနှင့် လုပ်ခဲ့မှန်း ကျွန်မ သတိရလာသည်။ ကျွန်မသည် ခပ်တည်တည်ပြန်၍ ဣန္ဒြေဆယ်ရင်း ကျွန်မ၏ရည်ရွယ်ချက် အမှန်ကို သူ့အားပြောလိုက်သည်။

“နောက်ဆုံး ကျွန်မလို မိန်းမတစ်ယောက်က ကိုကိုနိုင်နှင့် မရလို့ ဘယ်ယောကျ်ားနဲ့ရရ အရေးမကြီးဘူး။ စန်းသီရာ ကချွတ်ကချော်ဖြစ်သွားရင် သူ့ဖေဖေဂုဏ်ပါ ထိခိုက်မှာ၊ ကျွန်မကတော့ နောက်ဖေးချောင်မှာပဲ အရိုးချွတ် ရမှာ ဒေါ်ဇင်၊ ဒါတွေကို ဘယ်သူ့မှမပြောပါနဲ့ ပြောရင် ဒုက္ခဖြစ်မှာပဲ”

ကျွန်မသည် ရှိသမျှ နောက်ဖေးချောင်ပါဝါကို သုံးလိုက်ပါသည်။

ကျွန်မ ဒီလို မခြိမ်းခြောက်ဦးတော့ နောက်ဖေးချောင် လူတန်းစားဟူ၍ ခွဲခြားသတ်မှတ်ခြင်းနှင့် အောက်တန်းကျနေသော ဒေါ်ဇင်လို မိန်းမကြီးတွင် သခင်ကို သစ္စာရှိသော စိတ်ဓာတ်ကောင်းလေးများ ရှိတတ်ပါသည်။ သူသည် ဟိုကတော်များလို ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး၊ လုပ်လိမ့်မည် မဟုတ်ပါ။

ဒေါ်ဇင်သည် ကျွန်မကို ကတိပေးသော်လည်း ကျွန်မ အိမ်ထောင်ရေး အတွက် တစ်သက်တွင် သူလည်း စိတ်ကောင်းနိုင်တော့မည်မဟုတ်ကြောင်း ပြောကာ စာကိုယူ၍ ထွက်သွားပါသည်။

ကိုကိုနိုင်သည် ကျွန်မကို တွေ့ချင်သည်။ ချစ်သူကို သေချာစွာ စုံစမ်းချင် ပေမည်။ ကြားစကားတွေကို ယုံချင်မည်မဟုတ်ပေ။ အမှန်တော့ ကိုကိုနိုင်သဘော ထားကို သိလေလေ ကျွန်မရင်ထဲတွင် အခံခက်လေဖြစ်နေသည်။

ကျွန်မ စိတ်ကို တင်းလိုက်သည်။ ကျွန်မဘဝသည် ဘာမျှအဓိပ္ပာယ် မရှိတော့ပါ။ ဆိတ်သုဉ်းသွားပါသည်။ အင်းစိန်ရှိ ဒီအိမ်ကြီးနှင့် ဒီဝင်းခြံထဲ ကျွန်မ ပတ်ဝန်းကျင်အဖြစ် နေရတော့မည်။

ကျွန်မ ထွင်ပေးလိုက်သောစက်မှာ သူ့အလိုအလျောက် အရှိန်နှင့် လည်သွားပါသည်။

ဆောင်းဦး နှင်းမှုန်များ သိပ်နေသည်။

ကိုကိုနိုင် မျှော်မှန်းခဲ့သော ဆောင်းဦးသို့ ကျရောက်လာပါသည်။ သို့ပေမဲ့ ငွေပွင့်များကြဲနေသည့် ထိုဆောင်းဦး၏ မင်္ဂလာပွဲမှာ ကျွန်မအဖို့ မဟုတ်ပါ။

ကိုကိုနိုင်နှင့် စန်းသီရာအတွက် မင်္ဂလာအောင်ရမည့် ဆောင်းဦးဖြစ်ပါ

mgyoe.com

mgyoe.com

သည်။ စန်သီရာက ကဗျာဆန်သည့် နှင်းပွင့်များနှင့်လိုက်အောင် သူ့ဝတ်စုံအတွက် အဖြူပိုးဇာလွှာများကို ရွေးချယ်လိုက်သည်။ လုံချည်တွင် ငွေပြာရောင်နုနုကိုခံ၍ ပုလဲစစ်များ ဖောက်ထားသည်။

ကျွန်မ တူမလေးသည် သိပ်လှသည်။ ချစ်စရာကောင်းသည်။ ပဒုမ္မာကြာဖြူလေးသည် ပိတုံးကိုက် မခံရတော့ပါ။ ဖွေးနုသော သူ့ကိုယ်လုံးမှာ ပိုးဇာပြင်အောက်တွင် နွဲ့နေသည်။ လက်ထပ်ပွဲသည် ခမ်းနားစွာ ပြီးဆုံးခဲ့ပါသည်။

အမှန်တော့ ကျွန်မ ဖွင့်ဟဝန်ခံရပါလျှင် သူတို့စုံတွဲကိုတော့ ကျွန်မ မျက်စိအောက်တွင် ကြည့်မနေချင်ပါ။

ကံအားလျော်စွာပင် ကိုကိုနိုင် မနေချင်၍လားမသိ၊ အိမ်တွင် ၇ ရက်ပဲနေကာ တပ်တွင် အရေးကြီးသည်ဆို၍ မင်္ဂလာဒုံတပ်မှပေးသော အိမ်သို့ စန်သီရာနှင့်အတူ ပြောင်းသွားကြပါသည်။

အိမ်တွင် ထမင်းချက်များနှင့် ကျွန်မတို့သုံးယောက်ပဲ ကျန်ရစ်ပါသည်။ အိမ်ကြီးတစ်ခုလုံး အေးငြိမ်း၍ တိတ်ဆိတ်လှပါသည်။ ကိုကိုကြီးကလည်း စာဖတ်ခန်းနှင့် ဘုရားခန်းမှာပဲ အချိန်ကုန်ပါသည်။

ကျွန်မလည်း မေကို ခြံတွင်းသို့ တွဲထုတ်ရင်း လမ်းလျှောက်သည့်အခါ လျှောက်၊ အိမ်ကိစ္စလုပ်သည့်အခါ လုပ်နှင့် ကျွန်မတို့ အိမ်ကြီးမှာ တိတ်ဆိတ်အေးချမ်းလျက်ရှိပါသည်။

ကျွန်မအဆွေးကိုတော့ ရပ်ပစ်ရမည်။ ဆက်လက်၍ အချစ်မီး မလောင်အောင်သာ ငြိမ်းသတ်ရင်း အချိန်များကို ကုန်လွန်ခဲ့ပါသည်။ တဖြည်းဖြည်းပင် မြတ်စွာဘုရား၏ ဓမ္မများကို လေ့လာနေခဲ့ပါသည်။

မေ့ကို စာဖတ်ပြသည့်အခါလည်း ဘုရားသခင်၏ တရားတော်များကိုသာ ဖတ်ပြရသည်က များနေ၍ ကျွန်မစိတ်ဓာတ်များသည် တဖြည်းဖြည်း အနှယ်ထိုင်စ ပြုလာသည်။

ဆောင်းကနှောင်း၍ နှင်းကြွင်းလေးများသာလျှင် လောကထဲတွင် ကျန်ရစ်ပါသည်။ မြက်ခင်းကလေးများတွင် နှင်းမှုန်များ ပျံ့ကြဲ၍ ပုလဲရောင် တောက်နေသည်။

မေနှင့်ကျွန်မ မြက်ခင်းပေါ်တွင် ထိုင်နေစဉ် မေက ကြေကွဲစွာပြောနေသည်။

mgyoe.com

"ခုနေ လေကိုရှူရတော့ ဆောင်းနှောင်းရဲ့ အနံ့ရတယ်နော် ခုချိန်ဆို နှင်းကမှုန်မှုန်နဲ့ ဆောင်းဟာ သိပ်လှတာပဲကွယ့်"

"ခုတော့... ဘာမှမမြင်ရဘူး အဖြူရယ် ဆောင်းစတုန်းကများ ကရမက်ပန်းတွေ ပွင့်တာကို မြင်ချင်လိုက်တာ၊ အဆိုးဆုံးကတော့ မင်္ဂလာဆောင်တုန်းက သမီးလေးအလှကို သာပြီး မြင်ချင်သေးတယ်"

သူသည် ပင့်သက်ရှူနေသည်။ အမှန်တော့ မေမှာ မမာလှပါ၊ အတော်ပင် ပိန်၍ အားနည်းနေပါသည်။

နောက် ရက်သတ္တပတ်တွင်မူ မေ နေမကောင်းနေ၍ တစ်ကြောင်း၊ လက်ထပ်စဉ်က ခွင့်ရက်ရှည်မရ၍ ယခု ခွင့်သုံးလယူကာ ကိုကိုနိုင်တို့အိမ်ကို ပြန်လာမည့်အကြောင်း စန်းသီရာထံမှ စာရပါသည်။

ကျွန်မကတော့ ယခင်ကလောက်ပင် အိမ်ရှေ့ကို မထွက်တော့ပါ။ ကျွန်မဘဝကို ကျွန်မလုံးဝ မြုပ်ပစ်နေပါသည်။ နွေကသစ်၍ လာပြန်သည်။

သော်ကရွက်နုလေးတွေလည်း နီထွေးထွေးနှင့် သစ်ကိုင်းထက်တွင် ပြူလာကြသည်။ ဒီသော်ကပင်ထက်တွင် သော်ကရွက်လေးတွေ နီထွေးရာမှ နောက်ဆုံးညိုးခြောက်၍ ပင်အောက်တွင် စခန်းသိမ်းသွားကြသည်။

ကျွန်မသည် သော်ကပင်ကြီးအောက်သို့ ရောက်လာပြန်သည်။ ရွက်နုကလေးတွေကတော့ ရှေ့နှစ်အတွက် အားသစ်လောင်း၍ ထွက်ပြူလာကြပြန်သည်။ လေများသည် ဖြည်းညှင်းစွာ တိုက်ခတ်၍ နေရောင်များလည်း မှေးမှိန်သွားတော့သည်။

"အဖြူ"

ကျွန်မသည် ဒီခေါ်သံကြောင့် တစ်ကိုယ်လုံး ရပ်ဆိုင်းသွားမတတ် လန့်သွားသည်။ ကျွန်မနောက်မှာ ကိုကိုနိုင်ရောက်နေသည်။ သူသည် ကျွန်မနှင့် အနီးကပ်ဆုံး မျက်နှာချင်းဆိုင်တွင် လာ၍ ရပ်လိုက်သည်။

ကျွန်မတစ်ကိုယ်လုံး အေးစက်နေသည်ဟု ထင်ပါသည်။ ကိုကိုနိုင် မျက်နှာကလည်း နာကျည်းခံခက်လှသော အမူအရာနှင့် စိတ်အလွန်ထိခိုက်နေပုံရပါသည်။ သူသည် ကျွန်မပခုံး နှစ်ဖက်ကို ဆွဲလှုပ်လိုက်ရင်း

"အဖြူလုပ်တာတွေအားလုံး ကိုကိုနိုင် သိပြီသိလား ဒေါ်ဇင်က အကုန်လုံး ပြန်ပြောပြတယ်။ သူ့ အလုပ်ပြုတ်ချင် ပြုတ်ပေစေတော့တဲ့၊ အဖြူအပေါ်

mgyoe.com

mgyoe.com


ကိုကိုနိုင်အထင်လွဲတာ မခံနိုင်လို့တဲ့သိလား၊ အဖြူသိလား၊ ကိုကိုနိုင် အကုန်လုံး သိပြီ"

ကျွန်မတော့ အသက်ပင် ရှူမရတော့၊ တစ်ကိုယ်လုံး တုန်နေသည်။ အဆိုးဆုံးမှာ ကိုကိုနိုင်မျက်နှာ ပုံဖမ်းမရအောင်ပင် ပြောင်းလဲ၍ နီရဲနေသည်။

"အဖြူကိုတော့ သိပ်သနားတယ်။ ခု ပိုပြီးတော့တောင် ချစ်လာသေးတယ်။ ဒါပေမဲ့ အဖြူ မင်းက စွန့်စားခန်း လုပ်လိုက်တာကတော့ မှန်ပါတယ်။ အဖြူရဲ့အနစ်နာခံမှုက တစ်ကိုယ်ကောင်းဆန်သွားတယ်။ အဖြူ့တူမ ကောင်းစားရေးပဲ ဖြစ်သွားတယ်အဖြူ သိလား။ အဖြူက နွားမရွှံ့ပိတ်ပေးလိုက်တာ သိလား"

ကျွန်မသည် လက်နှစ်ဖက်လုံး အဖြစ်ခံထားရ၍ နာနေရာမှ မျက်လုံးပြူးသွားရင်း

"ဘာ ကိုကိုနိုင်"

"ဘာရမလဲ... အဖြူ့တူမကို ရွှံ့ပိတ်ပြီး ကိုကိုနိုင်ကိုပေးလိုက်တာပေါ့၊ ဟုတ်တယ် မဟုတ်လား"

"မဟုတ်ဘူး နည်းနည်းမှ မဟုတ်ဘူး။ စန်းသီရာက ရွှံ့ပိတ်ရမယ့် ဘဝမျိုး ရောက်နေတာ မဟုတ်ဘူး ကိုကိုနိုင်"

"အို...ဟုတ်တယ်၊ ဟိုဘက်တောင် ရောက်နေသေးတယ် နားလည်လား။ ရစ်ချတ်နဲ့ ကိုကိုနိုင်တွေ့ပြီးပြီ။ ကောက်တေးပါတီ တစ်ခုမှာတွေ့ပြီးလို့ ဒီကောင် အားလုံး အန်ချတယ်။ ဒါတင် ဘာကမလဲ၊ ကျောင်းကတိုင်စာတွေ မာမီခေါင်းအုံး အောက်က ကိုယ် အားလုံး ဖတ်ရတယ်"

"ဘုရား"

ကျွန်မသည် ရှိသမျှအားတွေ အကုန်လျှာကျသွားသည် ထင်သည်။ တစ်ကိုယ်လုံးလည်း ပျော့သွားသည်။ ကျွန်မ မှားသည်။ ဒီစာတွေကို ကျွန်မ စောစောက သိမ်းထားဖို့ကောင်းသည်။ ဒါလေးတစ်ချက်မေ့လိုက်သည်မှာ ခုတော့ အားလုံး စဉ်သမျှ ပျက်သွားသည်။

"အဲဒါ သတိထားဖို့ပဲ၊ အဖြူအနစ်နာခံတယ်ဆိုပေမယ့် အဖြူရဲ့ချစ်သူကို ပတ်တီးချရာ ရောက်မနေပေဘူးလား၊ ဆွဲနှစ်ရာ မရောက်နေဘူးလားဟင်၊ အနစ်နာခံတယ်ဆိုတာ ခံတိုင်းမကောင်းဘူးအဖြူ"

ကျွန်မတော့ ဘာမှပြန်မပြောနိုင်ပါ။ ချွေးစီးတွေသာ ပြန်လာသည်။

mgyoe.com

"ပြီးတော့လည်းအဖြူ့တူမက ပြီးတာပြီးပါစေလို့ ခွင့်လွှတ်ပေမဲ့ ကိုယ်တို့လေတပ်က သိပ်ဗိုလ်ဆန်တော့ ရင်ချင်းအပ်ကပွဲတွေကို သိပ်လုပ်တယ်။ စန်သီရာကလည်း အဲဒီကပွဲတွေမှာပဲ ကိုကိုနိုင် ဒါလောက်အထိတော့ ဗမာတစ်ယောက်အနေ့ ခွင့်မလွှတ်နိုင်ဘူး။ ဘာပဲပြောပြော အဖြူ့ကို ကိုကိုနိုင်ယူမယ်"

ကဲ ခုအချိန်မှာ ကျွန်မ ဘာလုပ်ရမည်ဆိုတာကို မတွေးတတ်တော့ပါ။ အကြောင်းကိစ္စများသည် ထင်သလို မဖြစ်ဘဲ ကြောက်မက်ဖွယ် အခြေအနေသို့ ပြောင်းလဲလာပါသည်။ ကျွန်မသည် အားတင်းလိုက်၍–

"မဖြစ်ဘူး ကိုကိုနိုင် ဥပဒေအရ စန်သီရာဟာ ကိုကိုနိုင့်မယားကြီး။ အဖြူ့ကို မယူနိုင်ဘူး။ အဖြူကလည်း အငယ်မလုပ်နိုင်ဘူး ကွာပြီးလည်း မယူနိုင်ဘူး"

"ဘာ... ဘာ... ဘာဥပဒေလဲ၊ တရားဝန်ကြီးနှမက ဥပဒေစကားတွေ သိပ်ပြောနေတယ်။ စန်သီရာလို လူတန်းစားအတွက် ကာကွယ်ထားတဲ့ ဥပဒေတွေ ကိုကိုနိုင် ဂရုမစိုက်နိုင်ဘူး။ ဥပဒေနားကပ်ပြီး လက်တစ်လုံးကြား မတရားမှုလုပ်တာတွေတော့ ဘယ်ဥပဒေနဲ့မှ အရေးမယူကြဘူး။ အခု ကိုကိုနိုင်က တရားတယ် သိလား တရားတယ်။ အဖြူ ဒီမှာ ကြည့်စမ်းပါ"

သူက အော်၍ ကျွန်မမျက်နှာကို ဆွဲမော့လိုက်ရင်း...

"ဘယ်သူ့အတွက်များ ဒါလောက် ကိုယ့်ကိုယ်ကိုယ် အနစ်နာခံရတာလဲ သူတို့ ကြေးရတတ်တွေ၊ ဂုဏ်ရှင် ဓနရှင်တွေတွက် အဖြူတို့ လူတန်းစားက ကုန်းခံပေးရမှာလား"

သူ ဘာတွေပြောမှန်းမသိ။ သတိများပင် လွတ်နေပြီလားဟု ကျွန်မထင်သည်။ သူသည် ပြောရမှ ကျွန်မကိုဆွဲ၍ အတင်းဖက်ထားသည်။ ပါးချင်းအပ်၍ ဖြစ်ညှစ်ထားသည်။ ပါးစပ်မှလည်း

"အဖြူ့ကိုပြန်ယူမယ်၊ အဖြူ့ကိုချစ်တယ်၊ အဖြူလည်း ကိုကိုနိုင့်ကို ချစ်နေသေးတယ်၊ အားလုံး ကိုယ်သိတယ် အဖြူ"

ကျွန်မသည် မျက်ရည်များပင် တွေတွေကျလာသည်။ တကယ်တော့လည်း ကျွန်မကိုကိုနိုင်ကို ချစ်သေးသည်။ နောက်လည်း ချစ်နိုင်ပါသေးသည်။

ဒါပေမဲ့ တူမလင်ခိုးသည့် ဘဝကိုတော့ ပြန်မရောက်လိုပါ။ ကိုကိုနိုင် ရင်ခွင်ထဲတွင် ဆက်၍ နေချင်သေးပေမဲ့ သူ့လက်အလျော့လိုက်တွင် ကျွန်မ ရုန်းကန်၍ အိမ်ဘက်သို့ ထွက်ပြေးလာပါသည်။

mgyoe.com

mgyoe.com


အမှန်တော့ကာ မှောင်စပြုနေ၍ ကိုကိုနိုင်နှင့် ကျွန်မပြစ်ပုံကို လူမမြင်ရခြင်းဖြစ်ပါသည်။

တစ်ညလုံးအိပ်၍ပင်မရ၊ ဒီအိမ်ကြီးမှာ ကျွန်မဆက်နေ၍ မဖြစ်တော့၊ အမှန်အတိုင် ဝန်ခံရလျှင် ကိုကိုနိုင်နှင့် နီးနီးစပ်စပ်နေပါက တစ်နေ့နေ့ ကျွန်မ စိတ်ပါသွားမည် ဖြစ်ပါသည်။

ယခင်က ကိုကိုနိုင် စိတ်နာနေပေမဲ့ ယခုအမှန်သိ၍ တဖွတ်ထိုးလုပ်လျှင် နောက်ဆုံး ကျွန်မပဲ နစ်နာမည်ဖြစ်သည်။

ကျွန်မ ဝေးဝေးကပဲ နေရမည်။ ကျွန်မသည် နောက်ဆုံးစိတ်ကူးရသည့်အတိုင်း မေမြို့ရှိ အစ်ကိုလေး ကိုဖေသက်ထံ အလည်လာလိုကြောင်း စာရေးလိုက်ပါသည်။

နောက်တစ်ပတ်တွင်မူ ကိုကိုကြီးက ခေါ်၍ ကျွန်မ တစ်ဖက်ခန်းသို့ ဝင်သွားသည်။ သူသည် ငြိမ်သက်စွာ စာဖတ်နေရာမှ ပြုံး၍ မော်ကြည့်ရင်း

"အဖြူရေ မောင်ဖေသက်ဆီက စာလာတယ်ကွယ့် အဖြူကို မေမြို့ အလည် လွှတ်လိုက်ပါဦးတဲ့"

ကျွန်မမှာ ဝမ်းသာ ဝမ်းနည်း ဖြစ်နေသည်။

"သွားဖို့ စီစဉ်တာပေါ့ကွယ်၊ ဘယ်နေ့လာမယ်ဆိုတာ သံကြိုးရိုက်လိုက် အဖြူ၊ မမအနားမှာလည်း စန်းသီရာတို့ရှိတုန်း သွားလည်တာပေါ့ကွယ်၊ စန်းသီရာ တို့ ပြန်ကာနီးတော့ ပြန်လာနော်"

ကျွန်မသည် ခေါင်းသာညိတ်၍ လှည့်ထွက်လာခဲ့ပါသည်။ "စန်းသီရာ ပြန်ကာနီးတော့ ပြန်လာတဲ့" တကယ်တော့ မလာချင်တော့ပါ၊ ဒီနေရာမှာလည်း မနေချင်တော့ပါ၊ ကိုကိုလေး ကိုဖေသက်တို့နှင့်လည်း နေစမရှိဘဲ အရှည်သဖြင့် နေ၍ဖြစ်မည်မထင်ပါ၊ ကျွန်မရင်ထဲတွင် ဟာသွားပါသည်။

ဆောင်းဦးတွင် နှင်းပွင့်များအောက်မှ အိမ်လေး...

ချစ်သူ ကိုကိုနိုင်နှင့် ဘဝကို စတင်တည်ဆောက်ရမည့် စိတ်ကူးများ၊ အတွေးထဲတွင် တည်ထွင်ခဲ့ရသည့် အစီအစဉ်များ ခုတော့ နေရောင်အောက်ရှိ နှင်းခဲလေးတွေလည်း အရည်ပျော်သွားရသည်။

ကြေမွပျက်စီးကုန်ကြသည်။ ကျွန်မက စိတ်ကူးထဲက အိမ်လေးလည်း နှင်းပွင့်လေးများနှင့်အတူ ပျောက်ကွယ်သွားပါပကောလား၊

mgyoe.com

ဒေါ်ဇင်က သွားဖို့အတွက် ကူ၍ ပြင်ဆင်ပေးနေသည်။ မနက်စောစော ကျွန်မထ၍ လေယာဉ်ပျံကွင်းသို့သွားရမည်။

တစ်အိမ်လုံးလည်း အိပ်မောကျနေပါသည်။ မေတစ်ယောက်သာ ကျွန်မ ထွက်သွားမည့်အတွက် သူစိတ်မကောင်းကြောင်း ပြောကာ မအိပ်ဘဲနေသည်။

ကျွန်မသည် ကျွန်မကို ဖက်ထားသော ပူနွေးသည့် မေ့လက်များကိုဖြေ၍ ကျွန်မအခန်းသို့ ပြန်လာခဲ့ပါသည်။

ကြိုးစား၍ အိပ်သည် မပျော်ပါ။

"အနစ်နာခံတယ်ဆိုတာ အခါတိုင်းလည်း မကောင်းဘူး"

ကိုကိုနိုင်နှင့် နောက်ဆုံးတွေ့ခဲ့သော ညနေကိုသာ ကျွန်မခေါင်းထဲတွင် ပေါ်လာသည်။ အိပ်မက်တွေကလည်း ချောက်ချားစရာ ကောင်းလှသည်။

"အဖြူရဲ့ အနစ်နာခံတယ်ဆိုတာက တစ်ကိုယ်ကောင်း ဆန်သွားတယ်"

ဒီစကားလုံးတွေကိုလည်း တီးတိုးစွာ ရေရွတ်နေသလို နားထဲမှာ ကြားနေသည်။

မနက် သုံးနာရီလောက်မှာ အိပ်ရာမှ ထလိုက်သည်။ ညက စိတ်ပင်ပန်းနေ၍လား မသိ၊ တစ်ကိုယ်လုံးမှာ အားတွေ ပျော့နေသည်။

အပြင်တွင် ကြေးနီရောင်လသည် အနောက်သို့ ဝင်စပြုနေသည်။ ဝင်းပသော ငွေရည်အကြွင်းအစများလည်း သစ်ရွက်ခြောက်များပေါ်တွင် ထနေသည်။

မိုးပြာသည် ကြည်လင်၍ ချမ်းငြိမ်းသည်။ လရောင်ကွက်များသည် မြေပြင်တွင် အပြောက်အပြောက် ထင်နေသည်။ ကျွန်မသည် ပစ္စည်းများတင်ပြီး ဖြည်းဆေးစွာ ကားပေါ်တင်လိုက်သည်။

ဒေါ်ဇင်ရှိက်သံက ညဉ့်နှောင်း၏ တိတ်ဆိတ်ခြင်းကို ဖောက်၍ထွက်လာသည်။ အိမ်ကြီးပေါ်တွင် ဘယ်သူမှ မနိုးသေး။

ကိုကိုနိုင်လည်း တူမလေး စန်သီရာနှင့် စက်ရာအလယ်မှာ ချမ်းငြိမ်းစွာ အိပ်နေတုန်းပဲ ရှိပေမည်။

ကျွန်မ ထွက်ခွာသွားခြင်းကို ကိုကိုနိုင်ကတော့ ခွင့်လွှတ်မည် မဟုတ်ပါ။

ကျွန်မ၏ကားသည် ဖြည်းညှင်းစွာ ခြံထဲမှထွက်လာသည်။ မိုးပြာ ကောင်းကင်နှင့် လရွှေဝါ။ ပြီးတော့ ချမ်းငြိမ်းသော အိမ်ကြီး၊ ကျွန်မသည် ငေးမျှော်ရင်း တဖြည်းဖြည်း မြက်ခင်းများသည် မှုန်မွှား၍သွားတော့သည်။

mgyoe.com

mgyoe.com

မျက်လုံးထဲတွင် မျက်ရည်များ စို့၍လာကြသည်။ ကျွန်မသည် အတိတ်ကို ကြိုးစား၍ မေ့ပစ်ပါမည်။ မသက်ဖြူဆိုသည့် ကျွန်မ နာမည်ကိုသော်မှ၊ ကျွန်မ မေ့ပါတော့မည်။

ဒါပေမဲ့ တူမလေး စန်းသီရာကိုတော့ လိမ္မာစေချင်သည်။

"စန်းသီရာ... စန်းသီရာ... လိမ္မာရစ်ပါတော့ တူမလေး စန်းသီရာရယ်"

❐

mgyoe.com

mgyoe.com

## အတက်အဆင်း

အကယ်၍သာ ကျွန်မသည် မနှစ်က ရွှေမန်းသင်္ကြန်ပွဲတွင် အစွမ်းကုန် ပျော်နေသော အတွင်းဝန်ဦးအောင်မြင့်အား မတွေ့ခဲ့ပါမူ မမြသွေးကို သတိရလိမ့်မည် မဟုတ်ပေ။ သာမန်အားဖြင့် မမြသွေးသည် ကျွန်မ၏ ကျောင်းနေဘက် သူငယ်ချင်းဖြစ်ခဲ့လေသည်။

သို့သော် ယခုဦးအောင်မြင့်သည်ကို မြင်လေလေ မမြသွေးကိုပဲ ပိုမို၍ သတိရလာလေလေ ဖြစ်ရတော့သည်။

တောက်ပသော မီးရောင်အောက်တွင် ယဉ်နွဲ့စွာ ကနေသော ရွှေမန်းသူတို့၏ ခြေထောက်နားဝယ် ပါးစပ်အဖြဲသားနှင့် အစွမ်းကုန် ပီတိဖြစ်နေသော ဦးအောင်မြင့်ကို ကျွန်မသည် ဝင်းလိုက် ရေသဘင်နားတွင် တွေ့ရလေသည်။ ရံဖန်ရံခါ ရတနာနတ်မယ်၏ တွန့်ပျံ့လှုပ်ရှားသော အနောက်တိုင်းအကကို မက်မောစွာ ကြည့်နေလေသည်။ ပြီးတော့ သူသည် ဟက်ဟက်ပက်ပက် ပျော်ရွှင်စွာ လက်ခုပ်တီး၍ ရယ်ပြန်သည်။ သူသည် ဝင်းလိုက်မယ်တို့ ရပ်နားချိန်တွင် ရွှေမန်းလှပျိုဖြူ ရေသဘင်အဖွဲ့သို့ တာဦးလှည့်သွားပြန်သည်။

မထွက်သာဘဲ ပိတ်နေသော ကားများကြားတွင် ကျွန်မကားသည် ဦးအောင်မြင့် ကားနောက်တွင် ကပ်လျက်ဖြစ်နေ၍ ကျွန်မသည် ဦးအောင်မြင့် သွားရာကိုပဲ လိုက်ရပြန်သည်။ ရံဖန်ရံခါ သူသည် တေးများကိုပင် အသံထွက်အောင် သီဆို၍ လက်နှင့်စည်းလိုက်ကာ ပျော်ရွှင်ခြင်း၏ အဆုံးသို့ ရောက်နေဟန် တူပါသည်။

mgyoe.com

mgyoe.com


ကျွန်မသည် ကြည့်ရင်း ဝမ်းနည်းလာသည်။ ဦးအောင်မြင့်၏ ပျော်ရွှင်ခြင်း သရုပ်များသည် ကျွန်မအား မမြသွေးကို သတိရရုံတွင်မက မမြသွေးနှင့် တွေ့ခဲ့သော အတိတ်ကိုပါ သတိရစေပါတော့သည်။

"အတက်နှင့်အဆင်းဆိုတာ လမ်းခုလတ်မှာပဲ တွေ့ကြမှာပေါ့ အနှင်းရယ်။ ကြာသွားလေ ဝေးလေပဲပေါ့"

မမြသွေးသည် ဒီလိုပဲ ကျွန်မကို တည်ငြိမ်စွာ ပြောခဲ့ပါသည်။ သူနှင့် တွေ့ခဲ့သည်မှာ ယခု နှစ်ပတ်လည်ခဲ့ပြီး ယခုလိုပဲ မိုးသက်ပါသော လေများထဲတွင် ပိတောက်နံ့ သင်းချိုချိုသည် ပျံ့လွင့်နေဆဲ မဟုတ်ပါလော။ ပြာလွင်သော ကောင်းကင်တွင် မိုးသားများ ဆိုင်းစပြု၍ မှိုင်းညိုညို နောက်ခံဝယ် ဝင်းဝါသော ပိတောက်ခက်သည် ထင်း၍ ပေါ်လွင်နေတော့သည်။

မမြသွေးသည် ပိတောက်မြစ်ပေါ်တွင် ထိုင်နေသည်။ ပွင့်ဖတ်ဝါများသည် မြေပြင်ဝယ်အနှံ့ ပြန့်ကျဲနေလေသည်။ သူသည် မှိုင်းညို့သော ကောင်းကင်ကို ငေး၍ နေသည်။ ကျွန်မမှာ သူ့ကို ကြည့်ရသည်ကိုပဲ ကြည်နူးမိသည်။ သူမနှင့် ပတ်ဝန်းကျင် တစ်ခုလုံးသည် မိုးဦး၏ ပန်းချီကားချပ်နှင့် တူလှသည်။

ကျွန်မ သူနှင့် တွေ့ရသောအချိန်မှာ သူနှင့် ဦးအောင်မြင့်တို့၏ နောက်ဆုံးနေ့ဖြစ်သည်။ ကျွန်မက သူ့ကို စကားစပြောရန် သနားနေသည်။ သူကတော့... တည်ငြိမ်၍ အေးဆေးလှသည်။ သူကပဲ စကား စပြောတော့သည်။

"အတက်နဲ့အဆင်းဆိုတာ လမ်းခုလတ်မှာသာ ခဏ တွေ့ကြတာပဲ။ ကြာသွားလေ ဝေးလေပဲပေါ့ အနှင်းရယ်။ ခုလိုအချိန်မှာ အနှင်းနဲ့တွေ့ရတော့ အနှင်းက ဝမ်းနည်းနေမှာပဲ။ တကယ်ဆိုတော့ အမှန်တရားက ခုမှ တွေ့တာ"

သူသည် ကျွန်မဘက်သို့ လှည့်ပြောနေရာမှ သူ့လက်ပေါ်ရှိ ပိတောက်ပွင့်တွေကို ချေပစ်နေသည်။

သူသည် ငယ်စဉ်က ကျွန်မတို့ သူငယ်ချင်းများထဲတွင် အတော် လှပခဲ့သည်။ ယခု သူသည် အရွယ်ရင့်ခြင်းမှလွဲ၍ ငယ်ငယ်က အလှအတိုင်းပင် ကျန်ရစ်သေးသည်။ လူကတော့ ပို၍ ပိန်ပိန်ပါးပါး ဖြစ်နေတော့သည်။

"ကိုယ်လည်း ဘာမှ မသိဘူး။ လက်ထပ်တာပဲ သိတယ်။ ဒါတောင် သူငယ်ချင်းတွေက ပြောလို့ သိတာ။ ခု တစ်နှစ်လောက် ရှိပြီပေါ့နော်။ လာပြန်တော့လည်း ဘာဖြစ်တာလဲ မမြသွေးရယ်"

ကျွန်မစကားကို သူ သေချာစွာ နားမထောင်ရာမှ ပြုံး၍ နေတော့သည်။

"ခုတော့ ကိုယ့်အတိတ်ကို ပြန်ဖွင့်ရလိမ့်မယ် အနှင်း။ မင်းတို့နဲ့ ၁၀

mgyoe.com

mgyoe.com


တန်း အောင်ပြီး ခွဲလာကတည်းက ကိုယ် ရန်ကုန်ကို လွင့်လာခဲ့တယ်။ ၁၀ တန်းမှာ နေခဲ့ရတုန်းကလည်း အနှင်း အသိပဲ။ ကိုယ့်ရဲ့ ကျောင်းသားဘဝဟာ အတော်ခက်ခက်ခဲခဲနဲ့ ဆင်းရဲခဲ့တယ်။ စာမေးပွဲ တစ်ခါအောင်ရင် ကြိုးသာ ကြိုးစားရတယ်။ ဒီ ပတ်ဝန်းကျင်ကြီးက ကြောက်စရာ။ ကိုယ်တို့ မိသားစုနဲ့ ဆို ရန်ကုန်ဒဏ်နဲ့ မနည်းပဲ လိုမ့်ခံရတယ်။ ဒီကြားက ကိုယ့်အမေက အိုလှပြီ။ သူက ဘယ်လောက်ပဲ လောကကို ရင်ဆိုင်နိုင်အောင် စိတ်ဓာတ်သွင်းပေးပေမဲ့ ကိုယ့်က လူပဲ။ ဘယ် ခံနိုင်မလဲ”

သူသည် သူ့စကားများကို ခေတ္တ ရပ်နားလိုက်၍ “ကိုယ်ဟာ ဘာနဲ့ တူနေသလဲဆိုတော့၊ ဟို မွေးကတည်းက သိပ်ဆင်းရဲပြီး ရက်စက်တဲ့လူတွေ လက်ထဲ ရောက်နေတဲ့ ကလေးလိုပဲ။ ရယ်စရာ မြူပေမဲ့ မရယ်တော့ဘူး။ ကိုယ်ကလည်း ပျော်စရာဆိုတာ ဘာမှ မတွေ့တော့။ လူက သေနေတယ်အနှင်း”

“ဘာ... သေနေတယ်”

ကျွန်မသည် သူ့စကားကို နားမလည်လိုက်ပါ။

“အေး၊ အေး၊ သေတယ်ဆိုပါတော့။ ဘာကြောင့်မှ စိတ်ကို ပျော်လို့ မရဘူး။ ပျော်စရာတွေဆီလည်း သီခွင့်မရဘူး၊ တစ်ခါတစ်ခါ ကိုယ့်အနားမှာ စာရေးမ အဖော်လေးတွေ ရယ်မောသွားတာများ မြင်ရင် ကိုယ်ဖြင့် ကြောင်နေ တယ်၊ သူတို့လိုလည်း ရယ်ချင်ပါတယ်။ လွတ်လပ်ချင်တယ်။ ဒါပေမယ့် ကိုယ်ဟာ အိမ်ကို အမြန်ပြန်ပြီး ညဘက် စက်ပန်းထိုးအလုပ် လုပ်ရသေးတယ်။ မောင်လေးတွေ ကျောင်းစရိတ်၊ ကိုယ့်အမေရဲ့ ဆေးဖိုးဝါးခနဲ့ဟာ ကိုယ့်အဖို့ မလည်နိုင်ဘူး။ လခက ၁၀၀ ကျပ်ကျော်ကျော်ကိုး”

သူမသည် မျက်လုံးများကို မှေး၍ နေလိုက်ရင်း အဓိပ္ပာယ်မဲ့စွာ ရယ်လိုက် သည်။ တကယ်တော့ သူမ၏ ရယ်ပုံမှာ လုံးဝ အရသာ မပါလှပါ။ သူ ပြော သည့် “သေနေသည်” ဆိုသော စကားကို သူ့အမူအရာက သရုပ်ဖော်လိုက်သည်။

“နောက်ဆုံး တစ်ပြိုင်နက် ဆိုပါတော့၊ ကိုယ်တို့ နေရတဲ့အိမ်ရဲ့ ကျန်းမာ ရေး မညီညွတ်မှုကြောင့် ကိုယ့်အမေနဲ့ မောင်လေးတစ်ယောက်ဟာ ရှေ့ဆင့် နောက်ဆင့် ဆုံးသွားကြတယ်။ ကျန်တဲ့ မောင်လေး ၂ ယောက်နဲ့ ကိုယ်ပဲ လိမ့်နေတာပေါ့။ ကြွေးလည်းတင်၊ လူလည်း ဖားသွားတာပဲ။ ကိုယ့်ကိုယ်ကိုယ် မလဲအောင် အတော်တင်းထားပေမယ့် ကိုယ်လည်း မတ်တတ်နာ ဖြစ်နေတာပေါ့။ တစ်နေ့တော့ ကိုယ်ကြိုးစားပြီး ရုံးတက်ပေမယ့် လမ်းမှ အန်နေတာဟာ တစ်နာရီ

mgyoe.com

mgyoe.com


လုံးလုံး ရုံးတက် နောက်ကျသွားတယ်။ ကိုယ်လည်း အားတင်းပြီး ရုံးခန်းဝလည်း ရောက်ရော၊ ရုံးအုပ်နဲ့ တိုးတော့ အဆူခံရတာပေါ့။ သူကတော့ ထုံးစံအတိုင်း ဆူတာပဲ။ ဒါပေမယ့် ကိုယ်က သိပ်ဝမ်းနည်းနေတဲ့ လူဆိုတော့ အခန်းပြင် ခဏထွက်ပြီး ကျုံကျုံပါအောင် ငိုမိတာပဲ။ ရုံးအုပ်လည်း ဘာမှ မပြောတော့ ဘူး။ တော်ကြာတော့ 'ဘာလို့ ငိုနေရတာလဲ မမြသွေး' လို့ဆိုတဲ့ အသံကို ကြားတော့၊ ကိုယ် မော့ကြည့်မိတယ်။ ဒီတော့ ဘယ်သူလဲ သိလား။ အတွင်းဝန် ဦးအောင်မြင့်ရယ်၊ ကိုယ့်ရှေ့မှာ ရပ်နေတယ်။ ကိုယ်ကလည်း ကြောင်နေတာ ပေါ့။ သူ့အခန်းကို လိုက်ခဲ့ရမယ် ခေါ်တာနဲ့ ကိုယ်လည်း လိုက်သွားတယ်။ ဟိုကျ သူက ကိုယ့်အကြောင်းကို အကုန်မေးလိုက်တာပဲ"

မမြသွေးသည် အားတက်ဖွယ်များကို တွေ့ခဲ့ရသော အတိတ်ကွက်ကို ကြိုးစား၍ ဖော်နေသည်။

"ကိုယ်လည်း ကမ္ဘာတစ်ခုလုံးမှာ ဒီတစ်ခါပဲ ကိုယ့်ကိစ္စကို ဂရုတစိုက် မေးမယ့်သူရှိတော့၊ အကုန်လုံးပဲ ပြောပြလိုက်တော့ သူ နောက်ဆုံး ဘာပြောလဲ သိလား"

ကျွန်မသည် ခေါင်းခါပြလိုက်သည်။

"သူ့ကို လက်ထပ်ပါတဲ့"

"ဟင်"

"အေး... သူ့ကို လက်ထပ်ပါတဲ့။ ကိုယ်လည်း စဉ်းစားပြီး ၆ လကြာ တော့ သူ့ကို လက်ထပ်လိုက်တယ်"

ကျွန်မသည် အတော်ပဲ ဝမ်းသာလိုက်သည်။ သူကတော့ ထူးခြားသော မျက်နှာ အမူအရာနှင့်ပင် ကျွန်မကို စေ့စေ့ကြည့်ရာမှ...

"အနှင်း ဘယ်လိုထင်လဲ။ ကိုယ့်လောက် ဆင်းရဲတဲ့ မိန်းကလေး တစ် ယောက်ဟာ အတွင်းဝန်တစ်ယောက်နဲ့ လက်ထပ်လိုက်တော့၊ ဟင်... ဘယ်လို ထင်လဲ"

"ဦးအောင်မြင့်ဟာ အကျင့်စာရိတ္တလည်း ကောင်းတယ်။ မိန်းမရောဂါ လည်း ကင်းတယ်။ ကိုယ့်လည်း သိပ်အလိုလိုက်တာပဲ။ သူတက်သမျှ ပါတီ တွေနဲ့ ပွဲလမ်းသဘင်တွေမှာ ကိုယ့်ကို အမြဲခေါ်တယ်။ သူက လူထူထူများများ နဲ့ ဆိုပါတော့ အလွန် ပျော်တတ်တယ်။ ကိုယ်က သေနေတာ အနှင်း။ အဲဒီ လူတွေထဲ တိုးလို့ မရဘူး၊ ယုံလား၊ ပွဲတွေထဲမှာဆို ကိုယ် သိပ်ပြီး ငြီးငွေ့တယ်။

mgyoe.com

mgyoe.com


ကိုယ်က ပြဇာတ်တွေ ပါတီတွေ တစ်ထောင်လောက်ထက် ဟောဒီ ပိတောက်ပင်အောက်မှာ တစ်ယောက်တည်း ထိုင်နေရတာလောက် အရသာ မရှိဘူး။ အို… ကိုယ်ဟာ မပျော်တတ်တော့ဘူး ယုံလား"

"ဝတ္ထုတွေ ဖတ်တာတောင်မှ သူက တင့်တယ်တို့လို ခပ်ရွှရွှလေးတွေနဲ့ အချစ်သရုပ်ဖော်ရာမှာ ခပ်ရှင်ရှင်လေး ခြယ်သွားတဲ့ စာပေမျိုးကိုမှ သဘောကျတယ်။ ကိုယ်ကတော့ ဟုတ်တာ မဟုတ်တာထက် စာလုံးလေးတွေ နုနုလှလှနဲ့ စိတ်ကူးယဉ်လို့ ကောင်းတဲ့ ဒဂုန်တာရာတို့ ဗန်းမော်တင်အောင်တို့လို စာရေးဆရာတွေရေးတဲ့ စာပေတွေသာ သဘောကျခဲ့တယ်။ ဘာပဲ ပြောနေနေ၊ သူတို့ရေးတဲ့ စာပေတွေက သရုပ်ဖော်လိုက်ရင် ကောလိပ်က ပရော်ဖက်ဆာကြီးတွေနဲ့ ဂါဝန်ဝတ် ကျောင်းသူကလေးတွေကို သရုပ်ဖော်လေ့ ဖော်ထ ရှိတော့ ဘဝတစ်ခုကို ပြေးပုန်းပြီး စိတ်ကူးတော့ အတော်ယဉ်လို့ ကောင်းတယ်။ ဝတ္ထုဖတ်တာက အစတောင် သဘောကွဲနေတဲ့ တို့နှစ်ယောက်ရဲ့ မတူလိုက်တာဟာ မတူသမျှလုံးဝ မတူတော့ဘူး။ သူက လောကို ခုမှ ပျော်ချင်တုန်း ရွှင်ချင်တုန်း အတက်။ ကိုယ်က လောကကို သိပ်စိတ်ပျက်တယ်။ စိတ်မဝင်စားဘူး။ ရယ်လို့ မရတော့ဘူး။ လောကမှာ အဆင်းဖြစ်နေပြီ"

"ကိုယ့်အမှားတွေ ပါပဲကွယ်။ ကိုယ် သူနဲ့ လိုက်ကြည့်ပါတယ်၊ ကပွဲတွေ ပြဇာတ်တွေ။ ဒါပေမယ့် ကိုယ် အောင့်အည်းလို့ မရဘူး၊ သည်းမခံနိုင်ဘူး။ မြန်မြန်ပြန်ချင်တော့ ဒီပွဲတွေသွားတိုင်း သူနဲ့ ကိုယ်နဲ့ ရန်ဖြစ်ရတယ်။ နောက်ဆုံးတော့ ကိုယ်လည်း သူ့ကို သနားလာတယ်။ ကိုယ် သည်းမခံနိုင်တာတွေကြောင့် သူ့ကို အနှောင့်အယှက် ပေးသလို ဖြစ်နေတာ ကိုယ် သိလာတယ်။ ကိုယ်က လည်း ခုလို မိုးမှိုင်းထဲမှာ ပိတောက်ခက်ကြီး ဝင်းနေတာကို တွေ့ပင်မယ့်လည်း အတော် စိတ်ဝင်စားနေတဲ့ မိန်းကလေးပဲ။ သူ့နဲ့ဖြင့် သူ့ပတ်ဝန်းကျင်ကို ကိုယ် တိုးလို့ မရတော့ဘူးဆိုတာ ကိုယ် အမှန် သိလာတယ်၊ ခုတော့ ကိုယ်လည်း ရဲရဲရင့်ရင့်ပဲ ဆုံးဖြတ်လိုက်တယ်။ ကိုယ် သူ့ကို ခွဲတော့မယ်ဆိုတဲ့ အကြောင်း ကိုယ်ပြောလိုက်တယ်…"

"ဘာ… မပြသွေးက စပြောတယ်"

ကျွန်မသည် အတော်အံ့သြစွာ မေးလိုက်မိသည်။

"ဟုတ်တယ်၊ ကိုယ်ကပဲ ပြောလိုက်တယ်။ ခုလည်း ဒီညနေ သူပြန်လာပြီးလို့ ကိစ္စတွေပြီးရင် ကိုယ်လည်း စစ်ကိုင်းတောင်ရိုးကို သွားတော့မယ်…"

mgyoe.com

mgyoe.com


"ဟင်... ဒီလိုဆို မမြသွေး မောင်လေးနှစ်ယောက်ကော"

"သူတို့ကိုလည်း ဘဝအမှန်ကို ကိုယ် ပြောပြတယ်။ သူတို့လည်း ကိုရင်ဝတ်ဖို့ သဘောတူကြလို့ စီစဉ်ပြီးပြီ..."

"အို... သုံးယောက်စလုံး စစ်ကိုင်းတောင်ရိုးမှာ နေတော့မယ်ပေါ့..."

မမြသွေးသည် ခေါင်းညိတ်ပြလိုက်သည်။ သူ့အမူအရာမှာ လုံးဝ မထူးဆန်းသော ခွေးကလေး၊ ကြောင်ကလေးတစ်ကောင် အကြောင်းလောက် ပြောနေသလို အေးစက်စက်နိုင်လှသည်။ ကျွန်မအဖို့မှာမူ အလွန်ပင် အံ့သြ၍ ထူးဆန်းနေသည်။

"အမှန်တော့ အနှင်း၊ ဘဝဆိုတာ ကိုယ်တစ်ခါက ဖတ်ခဲ့ဖူးတဲ့ စာပိုဒ်ကလေးလိုပဲ။ ဘာသာရေးနဲ့ ပတ်သက်တဲ့ သီဟိုဠ်က မဂ္ဂဇင်းတစ်ခုထဲမှာ ကိုယ်တွေ့ခဲ့တယ်။ လူ့ဘဝမှာ သေခြင်းတရားက အစဉ်ကပ်နေသတဲ့။ တစ်ဖက်က ဆင်ရိုင်းကြီးဟာ သူ့ကို မြင်သွားရင် လူ့ဘဝဟာ ဆုံးရမယ် အမှန်ပဲ။ အဲဒီလူဟာလည်း လက်တစ်ဖက်က ဆူးတွေနဲ့၊ သစ်ပင်နွယ်ကို တွယ်ထားရတယ်။ တစ်ဖက်ကလည်း ပျားအုံကြီးကို ကိုင်ထားရတယ်။ ဒါက လွတ်ကျသွားရင်လည်း အောက်က မြွေဆိုး၊ မြွေဟောက် တွင်းထဲကျပြီး သူ သေသွားမှာ အမှန်ပဲ။ ဒါလောက် နီးစပ်နေတဲ့ သေခြင်းတရားတွေ ကြားထဲက ပျားအုံက တစ်စက်စက် ကျနေတဲ့ ပျားရည်ရဲ့ ချိုမြိန်တဲ့ အရသာကို ခံစားရင်း ပျော်နေနိုင်တယ် အနှင်း။ ကိုယ်တော့ ဒီပျားရည်ရဲ့ အရသာလေးကို ခံစားပြီး မပျော်နိုင်ဘူး"

ကျွန်မသည် သူ့စကားများကို နားမလည်တစ်ချက် နားလည်တစ်ချက်နှင့် နားထောင်နေမိသည်။

သူသည် တကယ်ပဲ ဘဝကို ရှုမှန်းသွားပြီလား။ လောကီမှာ သူ သေနေပြီဆိုသည်မှာ မှန်ပဲနေသလား။ ကျွန်မ တွေးနေဆဲမှာပင် မိုးညိုများကြားမှ မိုးပေါက်များ ရွာကျလာ၍၊ သူနှင့် ကျွန်မ ပိတောက်ပင်ခြေမှ ထွက်လာခဲ့ကြတော့သည်။ ထိုနေ့သည် သူနှင့် ကိုအောင်မြင့်အတွက် နောက်ဆုံးနေ့ ဖြစ်ခဲ့သည်။

ကျွန်မအတွေးမှာ ရှေ့က ကား၏ အော်သံကြောင့် ရပ်သွားတော့သည်။ ကျွန်မရှေ့မှာ ဦးအောင်မြင့် ရှိသေးသည်။ သူတို့သည် ပျော်နေတုန်းပဲ ဖြစ်လေ

mgyoe.com

mgyoe.com


သည်။ ကျွန်မရင်ထဲတွင် ဦးအောင်မြင့်၏ ပြုံးချိုရွှင်လန်းသော အမူအရာများ ကြားမှပင် စစ်ကိုင်းတောင်ရိုးဝယ်၊ တရားအားထုတ်နေမည်ဖြစ်သော မမြသွေးကို မြင်ယောင်မိသည်။

"အတက်နဲ့ အဆင်းဆိုတာ လမ်းခုလတ်မှာသာ ခဏ တွေ့ကြမှာပဲ။ ကြာသွားလေ ဝေးလေပဲပေါ့ အနှင်းရယ်"

သူ ရေရွတ်ခဲ့သလိုပင် ယခုလည်း သူနှင့် ဦးအောင်မြင့်မှာ လုံးဝ မနီးစပ်နိုင်တော့ပါ။

ကြာသွားလေ ဝေးလေ ဖြစ်ကြမည်မှာ အမှန်ပဲ ဖြစ်သည်။

(ရှုမဝ ဧပြီလ၊ ၁၉၅၂)

▢

mgyoe.com

mgyoe.com

## ခန္ဓာနှင့်အာရုံ

မရွှေဇင်သည် ဘုရားသခင်ကိုတည်း ကျေးဇူးတင်ရမည်လော၊ ကံတရားကိုတည်း ကျေးဇူးတင်ရမည်လော၊ မဝေခွဲနိုင်။ သို့သော် ထိုအိမ်ကြီးကို ရောက်လာသည်မှာ သူ့ အလွန်ကံကောင်းလာပြီဟု ထင်မြင်ယူဆရပေမည်။

အိမ်ရှင်မှာ မစ္စတာလျူး ဖြစ်သည်။ လျူး၏ ဇနီးကလည်း ချောမော လှပသူ ဖြစ်လေသည်။

ရွှေဇင်သည် အိမ်အခန်းတိုင်းကို ရောက်၏။ အိမ်၏ ရနံ့သည် သင်းပျံ့ နေသည်။ အခန်းတိုင်းရှိ ပန်းအိုးငယ်များမှ ပန်းပွင့်များကပင်လော၊ အမွှေးတိုင် က ပင်လော တွေးဆ၍ မတတ်ပေ။ ရနံ့များသည် အိမ်သားများ၏စိတ်ကို အားတက်ရွှင်လန်းစေပေသည်။

လျူး၏အခန်းကို သွားရာတွင် ကြမ်းပြင်ထက်ရှိ ကော်ဇောမှာ ကတ္တီပါ မွေးလို နူးညံ့သည်။ ရွှေဇင်သည် ခြေထောက်အရသာရှိတိုင်း ကော်ဇောကို ပွက်တိုက်၍ လျှောက်၏။ နံရံများသည် အဝါနုရောင်ဖြစ်သည်။ မရွှေဇင် စိတ်ကူး ထဲတွင် အကယ်၍ သူသာ အိမ်ရှင်ဖြစ်လျှင်တော့ အခန်းနံရံများကို ခိုဥရောင် သုတ်မည်။ မီးလုံးများကလည်း အပြာနုနုကလေးဆိုလျှင် အိမ်ခန်းသည် ဘယ် လောက် အေးချမ်းနေမည်နည်း။ ဒါပေမယ့် သူ့သခင်များသည် တရုတ်ဖြစ်၍ ပန်းရောင်နှင့် အဝါကိုသာ အသုံးများကြသည်။

သူသည် လျူးတို့ ဇနီးမောင်နှံအတွက်သာ အစေအပါး ဖြစ်၏။ တစ်အိမ် လုံး၏ အစေခံထဲတွင် သူ အသက်သာဆုံး ဖြစ်ပေသည်။ လျူးတို့ ထမင်းစား ခန်းတွင် သူသည် အပါးမှ ထိုင်ရုံပဲ ထိုင်နေရသည်။ တစ်ခါတစ်ရံ တစ်ကောင်စ၊

mgyoe.com

နှစ်ကောင်စ ဝင်လာသော ပိုးကောင်နှင့် ယင်ကောင်တို့ကို ညင်သာစွာ ယပ်ပေးရသည်။

နံရံတွင် ကပ်ထားသော မီးပုံးအိမ်များသည် ပန်းရောင်ဖြစ်၍ မီးရောင်ကလည်း နှင်းဆီပန်းရောင်သွေးလို လင်းနေသည်။ ထမင်းစားပွဲအောက်ရှိ မှန်ဘီရိုအနီမှ်ပေါ်မှ ပန်းသီးနှင့် စပျစ်သီးတို့၏ ရနံ့ကလည်း ချိုချိုလေး သင်းနေသည်။

လျှူး၏ဇနီး ထမင်းစားပြီးလျှင် သူသည် လက်ဆေးခွက်ထဲသို့ အော်ဒီကလုံး သုံးစက်၊ လေးစက်ခန့် ထည့်ပေးရသည်။

ရွှေဇင်အဖို့ အားလုံး အံ့သြစရာကောင်းနေသည်။

နေ့နေ့ညည အစဉ်လိုပင် သာတောင့်သာယာ ရှိလှပါကလား။

ညနေစောင်းလျှင်တော့ ရေခဲစိမ်ထားသော စတော်ဘယ်ရီသီးများကို (နက်စ်) နို့နှစ်မလိုင်များ ရော၍မွှေပြီး ဖန်ပန်းကန်နှင့် အဆင်သင့် ထည့်ပြီးသားကို ရွှေဇင်က ယူသွားရသည်။

လျှူးတို့ ဇနီးမောင်နှံသည် အိမ်နောက်ဘက် ခြံထဲရှိ မြက်ခင်းပေါ်တွင် ကြိမ်ကုလားထိုင်များနှင့် အေးချမ်းစွာ ထိုင်နေကြသည်။ အင်းလျားရေပြင်ပေါ်မှ ဖြတ်သန်းလာသော လေအေးကလည်း ရှင်လန်းစရာ ကောင်းလှသည်။

ရွှေဇင်သည် သစ်သီးပန်းကန်ကို အလယ်စားပွဲပေါ်သို့ ချပေးလိုက်သည်။ ပြီးလျှင် ပန်းကန်ငယ်များနှင့် သူ့သခင်များသို့ ထည့်ပေးလိုက်၏။ ကန်စောင်းကို နောက်ခိုင်းထားသော အိမ်ကြီးမှာ ယခုလို ကြည့်ရတော့လည်း အနောက်နေခြည်များထဲတွင် လှပ၍ နေပေသည်။

သူနင်းထားသော မြက်ခင်းကို ရွှေဇင်က အရသာခံ ကြည့်နေပြန်သည်။

'မြက်တွေကလည်း နူးညံ့တာပဲ'

သူသည် စိတ်ထဲမှ စကားပြောနေမိ၏။ ယမန်နေ့ကမှ ဖြတ်ပြီးစ ဖြစ်၍ မြက်များကလည်း စိမ်း၍ ညီနေသည်။ ရွှေဇင်သည် အနားတွင် ရပ်ရင်း အင်းလျားကန်ဘက်သို့ မျှော်ကြည့်နေ၏။

ရွက်ဖြူများသည် ကန်ရေပြင်တွင် ညင်သာစွာ ရွေ့လျားနေသည်။ ရေသည် ပြာ၍ ကမ်းစပ်က စိမ်းသည်။ တစ်ချက် တစ်ချက်တွင် နေခြည်က စိမ်းရောင် လက်သွားပြန်သည်။ မျက်လုံးကို မှိတ်၍ ရွှေဇင်သည် ခဏမျှ မှိန်းနေလိုက်သည်။

* * *

mgyoe.com

mgyoe.com


မနက်တိုင်းတွင် ရွှေဇင်သည် လျှူနှင့် သူ့ဇနီးအခန်းသို့ အစောဆုံး သွားရသည်။ လျှူတို့သည် အမေရိကန်ဆန်သော တရုတ်များဖြစ်၍ တစ်ခန်းစီ အိပ်ကြသည်။

ကွေကာအုပ်နှင့် နို့ကျိုထားသော ပူပူနွေးနွေး နှစ်ပန်းကန်ကို လျှူတို့ အိပ်ခန်းများသို့ အမြဲတမ်း သွား၍ ပို့ရသည်။

သူသည် ပင်ပင်ပန်းပန်း ဘာကိုမျှ မလုပ်ရဘဲ အစဉ် သပ်သပ်ရပ်ရပ် နေရသည်။ ထို့ကြောင့် ရွှေဇင်သည် ကြာလေလေ လုပချော့မွေ့လာလေသည်။

နံနက်တွင် လေများကလည်း လန်းဆတ်နေသည်။ သူသည် ကွေကာ အုပ် ပန်းကန်ကို စားပွဲပေါ်ချ၍ လျှူ၏အိပ်ခန်းမှ နောက်ဖက်ပြတင်းကို ဖွင့်လိုက်၏။ အင်းလျားရေပြင်ပေါ်မှ လေတို့သည် ပြတင်းမှ ဖြတ်ဝင်လာကြ သည်။

"အေးဟော့ ကောင်းလိုက်တဲ့ လေအေးပဲ"

လျှူသည် သဘောကျစွာ ပြောလိုက်၏။ ရွှေဇင်ကမူ ငြိမ်သက်နေသည်။ သူသည် ဝရန်တာသို့ထွက်၍ အောက်သို့ ငုံ့ကြည့်၏။

"နှင်းဆီပန်းတွေ ဟယ်"

ပန်းရောင်စုံများ ပွင့်နေသည်မှာ အပေါ်က စီးကြည့်မှ သာ၍လှသည်။ သူ့စိတ်ထဲတွင် ထိုအိမ်ပိုင်ရှင်ကြီး ဖြစ်ချင်လာသည်။ ဒါပေမယ့် ထိုအိမ်ကြီးကို ဆောက်ရသည်မှာ တစ်သိန်းကုန်သည်ဟု သိရသည်။ တစ်သိန်းဆိုသည်မှာ သူနှင့် အလှမ်းကွာလှသည်။ သို့သော် ထိုအိမ်ကြီးရှင် အဖြစ်ကိုတော့ သူ ခံယူလိုလှသည်။

ဘယ်လိုနည်းနဲ့များ ထိုအိမ်ကြီးရှင် ဖြစ်ရပါမည်လဲ။ စိတ်ထဲမှ မခွဲမခွာ ဘဲ ထိုအိမ်ကြီးတွင် နေနိုင်ဖို့ သူသည် ထာဝရ ဆုတောင်းမိ၏။

ဝရန်တာမှ အခန်းတွင်းဖက်သို့ လှည့်လိုက်ပြန်၏။ လျှူသည် ဖြည်းဖြည်း ပင် ကွေကာအုပ်ကို သောက်နေသည်။ အငွေ့များသည် ပန်းကန်မှ လွင့်၍ လျှူမျက်နှာသို့ တိုးကာ ဟပ်နေသည်။

ရွှေဇင်သည် စားပွဲနားသို့ ကပ်၍သွားသည်။ ထုံးစံအတိုင်း အနားတွင် ရပ်၍ စောင့်နေသည်။ အပြင်တွင် နေခြည်များ မြူးစပြုလာသည်။

ပြတင်းမှ နေခြည်စများကြောင့် အခန်းနံရံ၏ အဝါရောင်မှာ တောက်ပ ၍ နေပေသည်။ လျှူသည် ရွှေဇင်၏ မျက်နှာကို မော့ကြည့်၏။

'မင်းပါးကလေးတွေက နှင်းဆီသွေးလိုပဲ'

mgyoe.com

ရွှေဇင်သည် ပြုံးရမည်လား၊ ဘာလုပ်ရမည်လား မသိ၊ လျှူး၏စကားကို ကြောင်၍ နားထောင်နေသည်။ လျှူးသည် ကုလားထိုင်မှ ထ၍ ရွှေဇင်မေးစေ့ကို ကိုင်ကာ ဆွဲ၍ မျက်နှာကို မော့လိုက်သည်။ ပြီးလျှင် ပါးကို လိမ်လိုက်သည်။ သို့သော် ရွှေဇင်သည် မနာပေ။ သူသည် ငြိမ်၍နေ၏။ ရင်များက ခုန်၍ လက်များကမူ တုန်နေသည်။

'ကျွန်မ သွားတော့မယ်'

ရွှေဇင်သည် ပန်းကန်ကို ယူ၍ အခန်းတွင်းမှ ဖြည်းညင်းစွာ ထွက်လာသည်။ စိတ်ထဲတွင် ဘယ်လိုဖြစ်နေမှန်း မသိ။ သူသည် အကယ်၍ ဤအိမ်ကြီးတွင် ထာဝရနေသွားပါက လျှူးအား ပါးကိုသာမက ရွှေရင်ကိုပဲ အပ်ရ အပ်ရ၊ သူ ကျေနပ်မိမည် ဖြစ်သည်။

လျှူးသည် မစ္စစ်လျှူးနှင့် ညတိုင်း သွားနေကျ ပွဲနှင့် ဟိုတယ်များသို့ မသွားတော့ပေ။ သူသည် အိမ်၌ ပျော်လာသည်။ ရွှေဇင်နှင့် မြူး၍ နေပေတော့သည်။

သူ အိမ်၌ ကြာကြာပျော်၍ လာမှုကြောင့် ရွှေဇင်တွင် ပဋိသန္ဓေ ရှိလာတော့သည်။ ရွှေဇင်သည် သူ့အဖြစ်ကို ဝမ်းနည်းဖို့ သတိမရပေ။ သူသည် ပူပန်ရန်ကိုလည်း ကြိုတင် မတွေးခေါ်မိ။

သို့သော် နောက်ဆုံး ဝမ်းနည်းရတော့သည်။ သူ၏ ဝမ်းနည်းရခြင်းမှာ ကလေးတိတ်တိတ်ပုန်း ရှိရ၍ မဟုတ်ပေ။ လျှူးက သူ့ကို တောင်းပန်၏။ ဤအိမ်ကြီးမှ ထွက်ခွာ၍ အဝေးတွင် ကလေးမွေးဖို့ သူ့ကို တောင်းပန်သည်။ လျှူးသည် ငွေများများပင် ရွှေဇင်ကို ပေးသည်။ ထိုကဲ့သို့ အိမ်ကြီးကို ခွဲရ၍ သူ ဝမ်းနည်းခြင်း ဖြစ်ပေသည်။

ရွှေဇင်သည် မပေါ်သေးသော သူ့သန္ဓေကို အသာဖုံး၍ သူမက်မောလှသော အိမ်ကြီးမှ ထွက်ခဲ့သည်။ မစ္စစ်လျှူးကိုမူ ရွှေဇင့်မိဘများက လင်ပေးစားလို၍ ရွှေဇင် တောသို့ ပြန်သည်ဟု လျှူးက အကြောင်းပြလိုက်၏။

ဒီလိုနှင့်ပင် ရွှေဇင့်ဇာတ်ထုတ်က ပြီးခဲ့ရသည်။ သို့သော် ရွှေဇင်သည် ထိုအိမ်ကြီးကို အိပ်မက်ထဲတွင် တွေ့ရတိုင်း ငိုမိသည်။

ရွှေဇင်၏ ကံအကြောင်းပေတည်း။ သူ့တွင် သားလေး ရလာလေပြီ။ လျှူးသည် ထိုသတင်း ကြားကြားချင်း ရွှေဇင့်ထံသို့ ပြေးလာသည်။ ကလေးရော၊ ရွှေဇင်ကိုရော သူ့အိမ်သို့ ခေါ်သွားသည်။ သူ့မိန်းမကို လျှူးက ပြောပြပြန်သည်။

mgyoe.com

mgyoe.com


"ရွှေဇင့်ယောကျ်ား ဆုံးသွားပြီ။ တို့များ သူ့သားကလေး မွေးစားရအောင်"

လျှူး၏သားသည် လျှူးလိုပင် ဖြူဆွတ်လှပပေသည်။ မစ္စစ်လျှူးသည် ကလေးကို ချစ်၏။ သူတို့သည် ကလေးကို အမွေစား အမွေခံ မွေးရပေမည်။ ယောကျ်ားကလေးဆိုသည်မှာ တရုတ်လူမျိုးများအတွက် အဖိုးတန်လှသည်။

"စာချုပ်စာတမ်းနဲ့ မွေးမှာပဲ၊ ဒါပေမယ့် ရွှေဇင် ဒီမှာရှိနေရင် ကလေးက သူ့ကိုသာ ချစ်မှာ၊ ရွှေဇင့်ကိုတော့ ဒီအိမ်မှာ မထားနိုင်ဘူး" လျှူး၏မိန်းမက ဤသို့ ဆို၏။ ထို့ကြောင့် ရွှေဇင်သည် ဒုတိယမ္ဗိ သူ့သား၏ နောင်ရေးကို ငဲ့ကာ အိမ်ကြီးပေါ်ကိုမှ ခြေမချရခင် ထွက်ခွာလာခဲ့ရပြန်သည်။ နည်းနည်းတော့ ရွှေဇင့်အဖို့ ကြောင်တောင်တောင် ဟာတာတာ ဖြစ်နေသည်။ သူချစ်သော အိမ်ကြီးတွင် သူ့သားသည် မြူး၍ နေရှာပေမည်။ ထိုအကြောင်းကပင် သူ့အတွက် ကျေနပ်စရာ ကောင်းပေမည်။ သူသည် အဝေးတွင်နေရင်း အချိန်များ ကုန်လွန်ခဲ့လေသည်။

စစ်ပင် ဖြစ်လိုက်သေးသည်။

ကုန်လွန်သွားကြသော နွေနှင့် မိုးဦး၊ ဆောင်းစ အချိန်တို့ကိုပင် သူသည် သတိမထားမိ။ နှင်းမှုန်များကိုပင် မကြည်နူးရုံမက မိုးဦးကိုလည်း မလွမ်းဆွတ်တော့ပေ။ တကယ်တော့ သူ အစဉ်သာယာသော အသည်းနှလုံးသည် သူ့သားနှင့် အိမ်ကြီးဖြစ်သည်။ ထိုဟာများနှင့် ဝေးကွာ၍ သူ နေရသည်မှာ အဓိပ္ပာယ်မရှိပေ။

ယခုတော့ ရွှေဇင်သည် မျက်စိရောင်များပင် မတောက်ပတော့ဘဲ ဆံရောင်များကလည်း ကြောင်လာသည်။ ရွှေဇင်သည် အို၍ လာခဲ့ပေပြီ။

သူ အမှတ်မထားသော နွေဦး တစ်ညနေတွင် လျှူးနှင့် သူ့သားသည် သူ့အိမ်သို့ ရောက်လာသည်။ ဖွားရွှေစင်သည် ကြိုးစား၍ သူ့သားကို ကြည့်သည်။ သားသည် သူ့ကိုဖက်၍ နမ်းလိုက်သောအခါ သူ့မျက်လုံးများတွင် မျက်ရည်များ စို့ရွှဲလာ၍ သူ့သားကို ရေးရေးပဲ မြင်ရသည်။ သူ့သားသည် ထွား၍ လှပသော သူငယ်တစ်ယောက် ဖြစ်နေလေပြီ။

"သားဟာ အမေ့ကို မှတ်မိတယ်နော်"

ဖွားရွှေဇင်၏ လက်များသည် သား၏ပခုံးကို ဖက်ထားသည်။ သူ့လက်များသည် ဝါဖျော့၍ ရှုံ့နေသည်။ ပြာသော အကြောများသည် တီကောင်များလို အရေပြားပေါ်တွင် ယှက်၍ နေကြသည်။

mgyoe.com

"ရွှေဇင်... မင့်သားကို တို့များအကြောင်းတွေ ပြောပြတယ်။ ကိုယ့်မိန်းမလည်း ဆုံးသွားပြီ"

"ဟင်..."

ဖွားရွှေဇင်သည် လျှူကို မော့ကြည့်၏။ လျှူ ပထမဆုံး လိမ်ခဲ့သော သူ၏ ရွှေရောင် ပါးမို့များသည် ယခု လျော့ရဲ၍ ချိုင့်နေသည်။ လျှူက အိုမင်းသွားပြီ ဆိုပေမယ့် စိတ်များက မအိုပေ။ အရည်အသွေးမှာ ရွှေဇင်လောက် မမိုန်သေးပေ။ သို့သော် လျှူမှာလည်း အတော်အိုရှ် နေပေပြီ။

"အမေ နေမကောင်းဘူး ထင်တယ်။ ခု အမေ့ကို ကျွန်တော်တို့ လာခေါ်တာ။ ကျွန်တော် အင်းလျားစောင်းက အိမ်ကြီးကို အမွေရတယ်"

"အိမ်ကြီး"

အိမ်ကြီးဆိုသော အသံကြားသည်နှင့် တစ်ပြိုင်နက် ဖွားရွှေဇင်၏ မျက်လုံးများသည် ရုတ်တရက် တောက်ပသွားသည်။ သူသည် ကြိုးစား၍ ပြုံး၏။ သို့သော် သူ့အပြုံးမှာ မလှတော့ပေ။

လျှူတို့ သားအဖသည် ဖွားရွှေဇင်ကို အိမ်ကြီးသို့ ခေါ်လာခဲ့ကြသည်။ ယခု တစ်ခါ ရောက်လာခြင်းသည် ယခင်လို အစေခံရွှေဇင်အဖြစ်နှင့် ရောက်လာခြင်း မဟုတ်ပေ။

သူဌေး၏မိခင် သူဌေးကတော်အနေနှင့် ဖွားရွှေဇင် ပြန်လာခဲ့ရခြင်းဖြစ်၏။

အဖွားကို သူတို့ တွဲ၍ ခေါ်လာကြသည်။ လှေကားကို တစ်ထစ်ချင်း ဖြည်းဖြည်းညင်းစွာ သူ တက်နေသည်။ အခန်းများကို ဖြတ်လာစဉ်ကရော လှေကားကို တက်နေစဉ်ပါ သူသည် နံရံများကို ဂရုစိုက် ကြည့်၏။ ဒါပေမယ့် သူ့မျက်လုံးများသည် ဘာရောင်ကိုမျှ သဲကွဲစွာ မမြင်ရပေ။

ယခင်က လျှူ၏အိပ်ခန်းတွင် သူ့အတွက် အိပ်ရာပြင်ထားသည်။ အဖွားသည် အခန်းသို့ လျှောက်နေစဉ် ယခင်က သူအရသာခံ၍ နင်းသော ကော်ဇောပြင်ကု ပွတ်၍ လျှောက်၏။ နူးညံ့မှုကို သူသည် ပြန်၍ ခံစားကြည့်၏။ သို့သော် သူ့ခြေထောက်များသည် ကော်ဇော၏ နူးညံ့မှုကို အရသာခံ၍ မရပေ။

"ဘာဖြစ်လို့လဲ"

ထပ်၍ ပွတ်ကြည့်၏။

"ငါ့ ခြေထောက်တွေ ထုံနေပြီ ထင်တယ်"

mgyoe.com

mgyoe.com


အခန်းထဲရောက်၍ အိပ်ရာထဲတွင် လှဲရင်း ပတ်ဝန်းကျင်ကို သူလျှောက်ကြည့်၏။ နံရံများသည် ယခင်ကလို အဝါရောင်သုတ်၍ ပန်းရောင်မီးပုံးများ ထွန်းထားသည်။ လင်းလင်းအရောင်မှ လွဲ၍ သူ့မျက်လုံးများသည် အဝါနှင့် ပန်းရောင်ကို မသဲကွဲပေ။

"အမေ၊ စတော်ဘယ်ရီသီးနဲ့ စပျစ်သီး ဘယ်ဟာ စားမလဲ"

သူ့သားသည် ယုယစွာ မေး၏။

ရွှေဇင် ဘဝတုန်းက ဖန်ပန်းကန်ထဲတွင် မြင်ခဲ့ရသော ရေခဲစိမ်ထားသည့် စတော်ဘယ်ရီသီး နီနီလေးများကို သူ့မျက်လုံးထဲတွင် ပေါ်လာသည်။

"စတော်ဘယ်ရီသီး စားချင်တယ်"

သားသည် ယခင်ကလိုပဲ ရေခဲစိမ်၍ နို့နှစ်များ ဆမ်းကာ ဖန်ပန်းကန်နှင့် ထည့်၍ လာသည်။

"အမေ တစ်လုံး စားကြည့်နော်"

ဖွားရွှေစင် ပါးစပ်ထဲသို့ ဇွန်းငယ်နှင့် ခပ်၍ ထည့်၏။ အဖွားသည် ဖြည်းဖြည်းလေး ဝါးနေသည်။ စတော်ဘယ်ရီသီးကလည်း ဘာမျှ အရသာမပေါ်၊ ချဉ်တင်တင် ခါးခါးကြီး ဖြစ်နေသည်။ ဝါးရင်း စိတ်ပျက်လာသည်။

အမှန်တော့ စတော်ဘယ်ရီသီးက မခါးပေ။ အိုမင်းသော သူ့လျှာများကသာ အကြည်ဓာတ်ပျက်၍ အရသာမပေါ်နိုင်ဘဲ ခါးနေတော့သည်။ သူသည် စိတ်ပျက်၍ မျက်လုံး စုံမှိတ်ကာ မှိန်းနေသည်။ အခန်းအလယ်ရှိ စားပွဲတွင် နှင်းဆီပွင့်များကလည်း လုပနေပေသည်။ စပျစ်သီးများ အနံ့ကလည်း ပန်းရနံ့နှင့် နှော၍ မွှေးနေသည်။ တစ်ခန်းလုံး ယခင်ကလိုပင် သင်းပျံ့ပျံ့ရနံ့နှင့် လွှမ်းနေသော်လည်း အဖွား၏နှာခေါင်းတွင် ဘာမျှ မထူးခြားပေ။ အဖွားသည် ဘာအာရုံမျှ ခံစား၍ မရတိုင်း မှိန်းနေ၏။ ရွှေဇင့်ဘဝကို ပြန်တွေးကြည့်၏။ ဟိုတုန်းက အကြောင်းများကို တွေးကြည့်ရသည်ကမှ အရသာ ရှိချင် ရှိဦးမည်။

သို့သော် ဘာကိုမျှ စူးစိုက်၍ တွေးမရပါတကား။ စဉ်းစားရင်း ပျောက်ချင်တာတွေ ပျောက်၊ တခြား ရောက်လိုရောက်နှင့် စူးစိုက်၍ တွေးလို့ပင် မရ။ သူသည် အာရုံကြောများကို ထိန်းချုပ်၍ မထားနိုင်တော့ပေ။ အဖွားသည် ငိုချင်လာမိသည်။

သူငွေးမိခင် ဖြစ်လာသည့်အတိုင်း လုပနူးညံ့သော လုံချည်များ တစ်ထည်ပြီး တစ်ထည် ရောက်လာကြသည်။ အရိုးဂေါက်ဂက် ဖြစ်နေသော တင်ပါး

mgyoe.com

mgyoe.com


တွင် ဘာလုံချည်မျှလည်း မနူးညံ့ပေ။ လျှူး၏ မွေ့ရာထက်၌ ငြိမ်ငြိမ်လေးပင် အသာလှဲနေ၏။ အမှန်တော့ အဝတ် ဝတ်ထားပေ၍သာ လူနှင့် တူနေသည်။ အဝတ်မရှိလျှင် အရိုးရုပ်ကို မွေ့ရာပေါ် တင်ထားသည်နှင့် တူသည်။

အစေခံ မိန်းကလေးသည် သူ့ကို ဆေးလာတိုက်သည်။ ပြီးလျှင် မိန်းကလေးသည် ဝရန်တာတွင် သွား၍ ရပ်၏။ အင်းလျားရေပြင်သည် ငြိမ်၍ မြရောင်လွှမ်းနေသည်။ ရွက်လှေများသည် ဖြည်းညင်းစွာ ရွေ့လျားနေသည်။ မိန်းကလေးသည် ခဏ တွေ၍ ကြည့်ရင်းမှ အဖွားဘက်သို့ လှည့်လိုက်၏။ အဖွားသည် အိပ်ရာပေါ်တွင် လှဲမြဲပင်။ ခါးဝတ်လုံချည်မှာ လျောကျနေသည်။

ခွက်၍ ဝင်နေကာ ရှုံ့တွတွဖြစ်နေသော အဖွား၏ တင်ပါးသည် စပရင် မွေ့ရာပေါ်တွင် အရုပ်ဆိုးနေသည်။ မိန်းကလေးသည် အနားသို့ကပ်၍ လုံချည်ကို ဆွဲတင်လိုက်၏။

"တင်ပါးကြီးက လှလည်း မလှဘူး"

တိုးတိုးပြော၍ ပြုံးမိသည်။ ပြတင်းမှ လေများသည် ယခင်ကလိုပင် ဖြည်းဖြည်းလေး ဝင်လာကြသည်။ အိမ်ကြီးကမူ ယခင်ကလိုပင် သာတောင့် သာယာ ရှိပေသေး၏။

အဖွားကမူ အားလုံးသော အရသာများကို မခံစားနိုင်တော့ပေ၊ ယခုလို အချိန်အခါကျတော့မှ ထိုအာရုံများမှာ ဘာများ အသုံးချဦးတော့မည်နည်း။

(မြဝတီ မေ၊ ၁၉၉၃)

□

mgyoe.com

mgyoe.com

# အစ်ကိုလင်ရဲ့

မင်းပွဲသို့ သွားရမည်ဆိုလျှင် ဒေါ်စိန်သုံသည် အကောင်းဆုံး အဝတ်အစားကို ဝတ်ချင်ပါ၏။ ထန်းခေါက်ဖာထဲ အစုတ်တွင် လှန်လှော၍ ရှာလိုက်တိုင်း အင်္ကျီကလည်း အောက်ဆုံးမှ တစ်ထည်တည်းကိုပဲ တွေ့သည်။ ထိုအင်္ကျီ၏ အပေါ်တွင်တော့ ဘာမျှ မရှိပေ။ အင်္ကျီသည် ထမင်းရေနှစ်၍ မီးပူတိုက်ထား သောကြောင့် မာတောင့်တောင့်နှင့် ဝတ်ပျော်ပေသည်။ ဤမင်းပွဲတွင် အကယ်၍ သာ သူ့ပဒုမ္မာအင်္ကျီသည် ညာဘက်ပခုံး၌ ငှက်ပျောစေးများ စွန်းပေ၍ မနေလျှင် ပို၍ ကြည့်ပျော်ရှုပျော် ဖြစ်မည်ကို တွေးနေမိ၏။ ထဘီကတော့ မင်းပွဲမတိုင်မီက ဝယ်ထားသော တစ်ကျပ်ခွဲတန် ဂျပန်သရက်ထည် ဖြစ်ပေသည်။ ဒါလောက် ဆိုလျှင်ပဲ သူ့အတွက်ဖြင့် တော်လောက်ပြီဟု ထင်၏။ အမှန်တော့ ရွှေပွဲလာ သူတို့ရှေ့သို့ သူက ထွက်ရမည်မှ မဟုတ်ဘဲ၊ အငြိမ့်စင်တစ်ထောင့်၏ မှောင်ရိပ် တွင် ထိုင်၍ သမီး ကသည်ကိုသာ ကြည့်ရမည် ဖြစ်သည်။ ဒါနဲ့များ ဘာ့ကြောင့် သစ်လွင်သော အဝတ်အစားကို ဝတ်ချင်ရပါသလဲ။ သူ့ကိုယ်ကို မေးမိသည်။

သမီးလေးကို အစွမ်းကုန် အမွမ်းတင်ရ ပေဦးမည်။ သူသည် ငယ်ငယ်က သူဝတ်သော မင်းသမီး အဝတ်အစားများကို သေတ္တာဟောင်းတစ်ခုထဲမှ ထုတ် လိုက်၏။ ပလာထဘီ အစိမ်းရောင်မှာ အရောင်မမှိန်သေးသော်လည်း ထဘီပေါ် တွင် ဖောက်ထားသော ငွေချည်များမှာ ဝါမည်းမည်း ဖြစ်နေလေသည်။ ညဥ့် မီးရောင်နှင့် ဆိုလျှင်တော့ တောက်ပကောင်းပါရဲ့ဟု စိတ်ကို ဖြေရပြန်သည်။

ခါးတောင်အင်္ကျီ၏ ခေါက်ရိုးများမှာမူ ဝါ၍နေပြီး အင်္ကျီရောင်ကလည်း

mgyoe.com

mgyoe.com


ဖြူဖွေးတောက်ပ သစ်လွင်ခြင်း မရှိပေ။ မြေနီညွန်တွင် နစ်သွားသော ပိတ်ဖြူစ လို နီကြောင်ကြောင် ဝါကျင်ကျင် ဖြစ်နေသည်။

သူ အငြိမ့်မင်းသမီးဖြစ်စဉ်က (၁၇) နှစ် သမီးလောက်ရှိ၍ ကိုယ်လုံး ကိုယ်ဖန်ကလည်း သမီးလေးထက် ထွားကျိုင်းပေသည်။ သမီးသည် သူလို ထွားကျိုင်းသူပင် ဖြစ်ဦးတော့၊ ယခုအချိန်တွင် အစွမ်းကုန် မဖွံ့ဖြိုးသေးသော (၁၂) နှစ် သမီးအရွယ် ဖြစ်ပေသည်။ အကယ်၍ အသက် (၁၇) နှစ်လောက် ရောက်လျှင်တော့ သူလိုပင် နုနုအိအိနှင့် ဖွံ့ဖွံ့မြင့်မြင့်လေး ဖြစ်ကောင်းပါရဲ့ဟု တွေးမိပြန်သည်။ ယခုတော့ သမီးသည် အပျိုတော်မဝင်သေး၍ ကလန်ကလား နှင့် အရပ်သာရှည်၍ နေပေသည်။

ထဘီအစိမ်းနှင့် ပဝါဖြူ အညစ်ညစ်ကို ထုတ်ထားလိုက်၏။ အင်္ကျီ ကိုမူ သေတ္တာထဲသို့ ပြန်၍ ထည့်လိုက်သည်။ သမီးလေးအတွက် ကဖို့ လာငှား စဉ်က အရာရှိသည် အင်္ကျီတစ်ထည် ချုပ်ပေးမည်ဟု ကတိပြုသွား၍ ခါးတောင် အင်္ကျီအတွက် မပူရပေ။ ဆံမြိတ်အတွန့်၊ နီကြောင်ကြောင်နှင့် ပုလဲပုတီး၊ ပုတီးစေ့ ဘယက်၊ ပန်းသွယ်လေးများကိုလည်း စက္ကူဖာလေးနှင့် ထည့်လိုက် ရ၏။

ညနေမစောင်းခင်ပင် သမီးလေးသည် စက်အိမ်မှ ခါးတောင်အင်္ကျီကို ယူလာသည်။ အိမ်ရောက်လျှင် အမေ့ရှေ့မှာ အင်္ကျီကို ဝတ်ပြ၏။ ချပ်ချပ် ရပ်ရပ်နှင့် ပုံကျသော အင်္ကျီကြောင့် သမီးလေးသည် ကျေနပ်နှစ်သိမ့်ပုံ ရလေ သည်။ လက်ကလေးများကိုပင် လခြမ်းသဏ္ဍာန် ကွေးကွေးလေးမြှောက်ကာ ညွတ်၍ ပြလိုက်သေးသည်။

သူတို့မြို့လေးမှာ မန္တလေး ရတနာပုံ ရွှေမြို့တော်အနီးမှာ ဖြစ်သည်။ အနုပညာရပ်များမှာ ရွှေမြို့တော် အရှိန်ဟပ်၍ အဆင့်အတန်း မနိမ့်ကျပေ။

မဏ္ဍပ်၏မီးရောင်အောက်တွင် ရွှေပွဲလာသူ အရာရှိမင်းများ၊ အရာရှိ ကတော်များနှင့် ဂုဏ်သရေရှိ မင်းပရိသတ်တို့၏ အဝတ်အစား အရောင်ဘို့မှာ တဖိတ်ဖိတ် တောက်ပနေသည်။

ဒေါ်စိန်သည် မင်းပရိသတ်ဘက် ကြည့်လိုက်၊ သမီးမျက်နှာကို ဖွန်လည် ပြန် လှူးပေးလိုက် လုပ်နေလေသည်။ သမီးသည် အသားဖြူ၍ မျက်လုံးမှေးသော ကြောင့် ကရင်မလေးနှင့် တူနေသည်။ မျက်နှာခြယ်မှုန်နှင့် ပေါင်ဒါလူး၍ မျက်နှာပြင်အသား ကျနသားသောအခါ နှုတ်ခမ်းပါးလေးကို ဆေးနီခြယ်ရပြန်

mgyoe.com

mgyoe.com

သည်။ သမီးကလေးလက်ထက်တွင် နှုတ်ခမ်းဆိုးဆေး အပေါစားတောင့်လေးကို ဝယ်နိုင်သည့်အတွက် ဝမ်းသာမိ၏။ သူငယ်ငယ်တုန်းကမူ တရုတ်အမွှေးတိုင်ထုတ်သော စက္ကူနီနှင့် နှုတ်ခမ်းဆိုးခဲ့ရသည်။

အကယ်၍ပင် သမီးလေးမျက်လုံးများသည် သူကဲ့သို့ ဝိုင်း၍ တောက်ပခဲ့ပါလျှင် ပို၍ လှပေမည်။ ခုတော့ သမီးက ဖအေတူခဲ့ပေသည်။ သူငယ်ငယ်တုန်းကတော့ မျက်လုံးဝိုင်းဝိုင်း တောက်တောက်မှာ အစဉ်ကြည်ရွှင်နေ၍ ရွှေပွဲလာ အစ်ကိုကာလသား ပရိသတ်တွေတို့ တကောက်ကောက် အလိုက်ခံရလေသည်။

ထိ… ထိ… ဂျမ်း… ဂျမ်း… အသံပေးကာ ဆိုင်းဝိုင်းကြီးသည် စတင် တီးမှုတ်နေလေသည်။ ထိုအချိန်မှာ အဝတ်လဲဖို့ တော်ပြီဖြစ်၍ သမီးကို ထဘီလဲပေးရသည်။ ထဘီလဲရင်း ဆိုင်းဝိုင်းကြီးနှင့် သမီးက ရသည်မှာ ဖြစ်မှ ဖြစ်ပါ့မလားဟု သမီးက ရလာသည်မှာ ဖြစ်မှ ဖြစ်ပါ့မလားဟု စိတ်က ထင်နေပေသေးသည်။ တစ်ခါက သမီးလေးသည် ပန်တျာကျောင်းသူပေမယ့် အချိန်ပြည့် နေနိုင်သူ မဟုတ်ပေ။ ကျောင်းပတ်ဝန်းကျင် မြေပဲလှော်ရောင်းရင်း အကသင်ရသူဖြစ်၍ သမီးလေးပညာကို မကျေနပ်နိုင်ပေ။ သူကိုယ်တိုင်ကလည်း ဆေးလိပ်ခုံတွင် လုပ်နေ၍ သူ၏ကဟန်များကို တစ်ခါတစ်ရံမှ သင်ပေးနိုင်၏။

သမီးကို အားလုံး ဝတ်စားပြင်ဆင်ပြီးသောအခါ ခပ်လှမ်းလှမ်းမှရပ်၍ သမီးကို ကြည့်ရသေး၏။ ခုမှပင် သူ့သမီးလိုပင် ကဖို့ ကလေးမလေး တစ်ယောက်ကို အဒေါ်ဖြစ်သူက ပြင်ဆင်ပေးနေသည်ကို သတိထားမိလေသည်။

စိတ်ထဲတွင် သမီးနှင့် တခြားကလေးမလေးကို ယှဉ်ကြည့်လိုက်မိပြန်သည်။ ဘာပဲပြောပြော၊ ဟို မိန်းကလေး သွားခေါ်မလေးထက်တော့ သမီးသည် ပို၍ လှပေသည်။

မကြာခင် မင်းသားထွက်လာ၍ သူတို့သည် မှောင်ရိပ်မှ ငြိမ်သက်စွာ ကြည့်နေသည်။ ဒေါ်စိန်သုံသည် စောစောက သမီးစိတ်မွန်နေ၍ ပရိသတ်များကို မကြည့်မိပေ။ ခုမှပင် ဝန်ကြီးဆိုသူကို ပရိသတ်ထဲမှာ ရှာမိ၏။ ဘယ်ဟာဝန်ကြီးဟု တိကျစွာ မပြောနိုင်ပေမယ့် ရှေ့တန်းအလယ်ရှိ ဖြူဖြူဝဝ၊ ပန်းရောင်ခေါင်းပေါင်းနှင့် လူမှာတော့ ဝန်ကြီး ဖြစ်တန်ကောင်းပါရဲ့ ဟု တွေးနေသည်။

ထိုလူတွင် ဒေါ်စိန်လုံ မဖော်ပြတတ်သော မင်းဟန် ပါနေပေသည်။

"ခြေ၊ ခါးကိုသာ ဘယ်ညာပြောင်းလို့ ခေါင်းနဲ့ ကိုယ်လက်ပါ"

mgyoe.com

mgyoe.com


မင်းသားလေးသည် ဟစ်၍ ဟစ်၍ အော်၏။ အသံလေးမှာ မထွက်တထွက် အစ်တစ်တစ် ဖြစ်နေ၍ လူပျက်ကြီးက ကူအော်ပေးရသည်။

"မင်းသားလေးနယ်နော်... အရုပ်ဆိုးလိုက်တာ၊ သူနဲ့မှ ငါ့သမီးလေးက တွဲရမယ်"

ဒေါ်စိန်သုံသည် ရင်ထဲမှ မကျေမနပ် ဖြစ်နေသည်။ မင်းသားလေးကလည်း ဘဝအကြောင်းပေပဲ။ ဆံတောက် တိုနှမ်းနှမ်းနဲ့၊ မျက်လုံးနှင့် နဖူးတို့မှာလည်း လိုသည်ထက် ပို၍ ကျယ်နေသည်။ မျက်နှာခြယ် နီကြန်ကြန်မှာ အသားညိုပေါ်တွင် ပြောင်လက်လက် ပြာတာတာ ဖြစ်နေသည်။

"အဲဒီသူငယ်လေးပေါ့ မစိန်သုံ၊ ပန်တျာကျောင်းမှာ ဆက်မနေနိုင်လို့ ထွက်သွားရတယ်"

အနားက အဒေါ်ကြီးက မင်းသားလေးအကြောင်း ပြောလာ၏။

"ဘာဖြစ်လို့လဲ"

"အထောက်အပံ့ရဖို့ သူက အသံလည်း မကောင်းဘူးမို့လား၊ သူ့ဘာသာ ဆက်သင်ဖို့လည်း ဆင်းရဲတယ်"

"သြော်..."

ရင်ထဲတွင် အင့်တင့်တင့်ဖြစ်၍ ဒေါ်စိန်သုံသည် ဒီတစ်လုံးတည်းသာ ပြောနိုင်သည်။ မန္တလေးမှာ နေစဉ်က သမီးလေးမှာလည်း ဆင်းရဲသူဖြစ်၍ ကျောင်းတွင် အချိန်ကုန် မခံနိုင်ပေ။

"ကြည့်ဦးမလား ဦးလေး...၊ ဟောတာက ယိုးဒယား မှန်တင်တော်ရှုခေါ်တယ်"

မင်းသားလေးသည် ယိုးဒယားက ကကွက်များကို သူ သင်ကြားခဲ့သ၍ တစ်ခုပြီးတစ်ခု ကြိုးကြိုးစားစား ကပြရှာသည်။ သို့သော် က ဟန်တွင် နောကြေလာသော ဒေါ်စိန်သုံအဖို့ မင်းသားလေး ကဟန်မှာ မညက်ညော၍ အားမရဖြစ်နေမိသည်။ မင်းသားကလေးမှာ သင်တန်းကုန်အောင် သင်ခဲ့ရသူ မဟုတ်၍ ခွင့်လွှတ်မိပြန်သည်။

"ကဲ... မင်းသမီးကလေးတွေ ထွက်ကြကွဲ."

လူပျက်တစ်ယောက်က ဆိုင်းဝိုင်းနားကပ်၍ သူတို့ကို မသိမသာ ခေါ်လိုက်သည်။

mgyoe.com

mgyoe.com


သမီးလေးနှင့် တခြားမိန်းကလေးမှာ တစ်ဖက်တစ်ချက်မှ အငြိမ့်စင်ရှေ့သို့ ထွက်သွားကြရသည်။ ဒေါ်စိန်သုံ မျက်လုံးများသည် သမီးလေးမျက်နှာမှ မခွာပေ။ မီးရောင်နှင့် ငွေချည်ပန်းများသည် တလက်လက် တောက်ပ၍ သမီးလေး မျက်နှာက ဝင်းဝင်းပပ ဖြစ်နေသည်။ ပလာထဘီ အစိမ်းကလည်း မီးရောင်နှင့် ဆိုတော့ သစ်လွင်လာသလို ဖြစ်၏။

သွားလာဟန်နှင့် ပရိသတ်ကို ကြည့်ဟန်ကတော့ သူ သင်ထားသည့် အတိုင်း သမီးကလေးက လုပ်၏။ "ဟုတ်ပြီ... သမီးကလေးက ဒီလိုမှပေါ့... မျက်လုံးက ရယ်နေရမယ်။ ပရိသတ်အပေါ် လွှမ်းကြည့်ပြီး ပါးစပ်က ပြုံးတုန်းတုန်း ဖြစ်နေရမယ်။ အဲ... ဟုတ်ပြီ"

စိတ်ထဲမှ ကျေနပ်နေ၍ ဒေါ်စိန်သုံမျက်နှာမှာ ပီတိရောင် လွှမ်းနေသည်။ ဆန့်ထားရသော လည်မှာ ညောင်းရမှန်း မသိဘဲ သမီးကို မျှော်ကြည့်နေရ၏။

တစ်ဖက်မှ မိန်းကလေးသည် သီချင်းတစ်ပုဒ်ဆိုကာ တစ်ချီ က၍ ပြ၏။ ကပုံမှာ ဖိုးဖိုးဇတ်ဇတ်နှင့် လင်းနို့ပျံသလို ဖြစ်နေ၍ သူ့စိတ်ထဲတွင် မကြိုက်ပေ။

"ဘုရား... ဘုရား... သမီးလေးသည် ဟိုး ကလေးမလောက်မှ ကနိုင်ပါ့မလား" ဟု သောကက ဝင်လာရပြန်သည်။

လူပျက်ကိုရှေ့ငါးသည် သစ်ကုလားအုတ်လို လည်ပင်းကို ဆန့်တန်းလိုက်ရင်း အနားမှ လူပျက် ချာပြာကို လက်တို့လိုက်၏။

"အဟမ်း... အဟမ်း... ဝန်ကြီးမင်း ကြွလာလို့ ပြောရဦးမယ် ချက်ပြာရေ"

"ဗျာ"

"ငါက ခေသူ မဟုတ်ဘူးကွယ့်... ဝန်ကြီးမင်းတွေ စိမ်ကိန်းကို လိုက်ပြီး အကောင်အထည် ဖော်ခဲ့သူ၊ ကမ္ဘာ့သစ်ပင်စိုက်ပွဲနေ့တွေ ဘာတွေ မလုပ်ခင်ကတည်းက ငါက သစ်ပင်စိုက်တာကို သိပ်ပြီး ဝါသနာပါတယ်။ တစ်ခါတည်း အခမ်းအနားနဲ့ ငါ ငှက်ပျောနှစ်ပင် တို့အိမ်ဝင်းထဲမှာ စိုက်တာပေါ့"

"အို... တယ်ဟုတ်ပါလား"

"ဒါပေမယ့် တစ်နှစ်ကြာလည်း မသီး၊ နှစ်နှစ်ကြာလည်း မသီးတော့ စိတ်မကောင်း ဖြစ်လာတယ်... ဒါနဲ့ ငါ အမေရိကသွားပြီး စိုက်ပျိုးရေးပါရဂူ

mgyoe.com

mgyoe.com


မစွတာအေးနဲ့ သွားတွေ့တယ်။ သူက တစ်ခါတည်း လိုက်လာတယ်ကွ။ ကမ္ဘာ့ သစ်ပင်စိုက်တဲ့နေ့ကပေါ့ကွာ… ငါ့ ငှက်ပျောပင် လာကြည့်တယ်”

“အေး… ဒီတော့ ပါရဂူက ဘာပြောသွားလဲ”

“ငါ့ဟာ ငှက်ပျောပင်မှ မဟုတ်ဘဲ၊ ဗုဒ္ဓသရဏံပင် ဖြစ်နေတာကိုး”

ဟား… ဟား… ဟား… ဟား… ဝန်ကြီးမင်းနှင့်တကွ ပရိသတ်တို့ သည် တဝါးဝါး ရယ်ကြ၏။ သမီးလေး ကရန် အလှည့်သို့ ရောက်လာလေ သည်။

“ခင်စိန်… ရင်”

မင်းသားက “စိန်” ဆိုသည့် နေရာတွင် ဆွဲကာ ခေါ်လိုက်၏။

“ကဲ… ခင်စိန်ရင်ရေ၊ အလှည့်ကျ မနွဲ့ရဘူးကွယ့်နော်”

ကိုရွှေငါးက သမီးလေး နားကပ်၍ ပြောလိုက်ပြန်သည်။ ခင်စိန်ရင် ဆိုသည့် အငြိမ့်တွင်း နာမည်ကိုတော့ ဒေါ်စိန်သုံးက ကျေနပ်လိုက်၏။

“အစ်ကိုလင်… အစ်ကိုလင်… ရဲ့”

ခင်စိန်ရင် ကျုံ့ကျုံ့ကလေး ထိုင်ရာမှ တရွေ့ရွေ့ကြွကာ ပန်းယပ်တောင် ကို တဖျပ်ဖျပ်ခပ်၍ မင်းသားကို ခေါ်လိုက်လေသည်။ ယပ်တောင်အရှိန်နှင့် “လင်… အင်အင်…” ဆိုသော အသံမှာ စီ၍ ထွက်လာသည်။

ပရိသတ်မှာ ငြိမ်သက်စွာ နားထောင်နေ၍ ဒေါ်စိန်သုံးရင်ထဲတွင် ကျေနပ် သွားသည်။ “အစ်ကိုလင်… အင်အင်” ဟူ၍ နောက်ထပ် ဟစ်လိုက်ချိန်တွင် အမေ့ရင်ထဲမှာ နင်နင့်ကြီးဖြစ်ကာ မျက်နှာညှိုးကျ၍ သွားလေသည်။ သမီးလေး လေယူရာ နွဲ့သော မြတ်လေးနွယ်ကဲ့သို့ တိမ်းနွဲ့တိမ်းပါးနှင့် ပျော့ညွတ်စွာ ကရှာပါ၏။ သို့သော် အရွယ်မှ မရောက်သေးရှာသော သူ့သမီးလေးသည် အငြိမ့်စင်ပေါ်တွင် မင်းသားအား “လင်” ဟူ၍ ခေါ်ရခြင်းကို ရင်ထဲမှာ နင့်လှ၏။

သီချင်းဆက်၍ဆို၍ ကကြိုးတစ်ခု ပြီးအသွားတွင် သွားခေါ်မကလေးက ထ၍…

“ကိုကိုက ဟိုဟာမ နောက်ကို ကောက်ကောက် ပါသွားပြီပေါ့လေ…” ဒီက အရပ်ဆိုးမကို ဂရုမစိုက်ဘူးပေါ့… ညွှန့်ညွှန့်တို့က အရပ်ဆိုးပေမယ့် ပညာမဆိုးပါဘူး” ဟု ပြောကာ ဟန်ပန်နှင့် သီချင်းတစ်ပုဒ်ကို ဆိုလိုက်၏။

mgyoe.com

mgyoe.com


"ဖြစ်မှ ဖြစ်ရလေခြင်း။ သွားခေါ်မလေးကလည်း မိန်းမကြီးတစ်ယောက် ကိုယ့်လင် လူခိုးခံရသလို ဟန်ပန်နှင့် ပြောတတ်လေခြင်း။ သမီးလေးကလည်း တကယ့်မင်းသမီးကြီးများ စုံတွဲရှုံးအောင် သားပြော၊ မယားပြော ပြောတတ် ရပလေ... ဩော်... ကလေးတွေ ကလေးတွေ"

ကလေးများအနေနှင့် ယခုလို ပြောဆို ကပြရသည်ကိုတော့ ဒေါ်စိန်သုံးက မနှစ်သက်ပေ။ သူသည် အငြိမ့်မင်းသမီး သက်သက်သာဖြစ်၍ ယခုလိုတော့ မင်းသားနှင့် မပြောရ၊ လူပြက်များ ပြောချင်သလို ပြောသမျှကိုတော့ ခံရပါ၏။ ယခုတော့ ကလေးများမှာ လင်လုဟန်၊ လင်ချော့ဟန် ပြောရ ဆိုရပုံများကို ရင်နာလှသည်။ ရင်ထဲတွင် ကြည့်ရင်း တန့်ကျွဲပင် ပုခက်လွှဲခေတ်ကို ဇာတ်သဘင်များကပင် စလေပြီလားဟု သတိရမိသည်။ မြန်မာ့ ဇာတ်သဘင်တွင် နှစ်ပါးသွားခန်း၌ လင်ခိုး၊ လင်လု စကားလုံးများသည် မပါဘဲ တစ်နည်း တစ်လမ်း ဆန်းသစ်တီထွင်နိုင်လျှင် ကောင်းပေလိမ့်မည်ဟုလည်း တွေးထင်မိသည်။ သို့သော် ကြေးစား အကသမားပဲဟူ၍ သူ့ကိုယ်သူ အထင်သေးနေမှုက သူကိုယ့်သူ အထင်သေးနေမှုက သူ့ယူဆချက်များကို မထုတ်ဖော်လိုအောင် ဖြစ်ခဲ့လေသည်။

သမီးလေးသည် နွဲ့နွဲ့ပျောင်းပျောင်း ကရာမှ တီးလုံးက သွက်သွက် တီးပေးသောအခါ ဖျိုးဖျိုးဖျပ်ဖျပ်နှင့် လိပ်ပြာပျံသလို ကလိုက်၏။ ဘယ်လောက် ခုန်ပေါက်၍ ကလိုက်သည် မသိ၊ ခေါင်းမှ ဆံမြိတ်မှာ ဖုတ်ခနဲ ခုံပေါ်သို့ ပြုတ်ကျလိုက်သည်။

သမီးလေးသည် ခြေဆင်း၍ အထိုင်လိုက်တွင် မင်းသားနှင့် ကိုရွှေငါးက ပြေးလာ၍ ယပ်ခတ်ပေးကြသည်။ တစ်ဖက်မှ မင်းသမီး သွားခေါ်မလေးသည် ချက်ပြာနား ပြေးကပ်၍ 'သဲပဲ သဲလွန်းပါတယ်တော်' ဟူသော ဟန်ပါအောင် မေးတငေါ့ငေါ့နှင့် မဲ့ကာ မျက်စပစ်ကာ လုပ်ပြရ၏။

"အဲဒါလည်း မလုပ်စေချင်ဘူးကွယ့်။ ကလေးအနေနဲ့ မစ္ဆရစိတ်ကို ခုလောက် စောစော မသိစေချင်ပါဘူး"

ဒေါ်စိန်သုံးသည် သူ့ကိုယ်သူ သဘင်ဝန်ကြီးသဖွယ် ထင်လိုက်ပြန်ကာ တစ်ယောက်တည်း ဆေဖန်မိပြန်သည်။ သွားခေါ်မလေးမှာ ဆံရစ်ဝိုင်းလေးနှင့်ပင် ရှိပေသေးသည်။

mgyoe.com

mgyoe.com

ကိုရွှေငါးသည် သမီးကလေး အနားကပ်ကာ လက်ကို မထိတထိ ဆွဲရင်း ကခိုင်းပြန်သည်။ ကြည့်နေရင်း ဒေါ်စိန်သုံ ရင်သည် ဒိန်းခနဲ ပစ်ဆောင့်၍ မျက်လုံးများ ပြာသွားလေသည်။ မျက်စိထဲတွင် သမီးလေး၏အဖေကို ကြာရိုးကို ပြန်၍ မြင်ယောင်လာသည်။ ကိုကြာရိုးသည် ဒေါ်စိန်သုံအငြိမ့်မှ လူပြက်ဖြစ်၍ အငြိမ့်ကို မည်သည်မှာ လူပြက်ကောင်းမှ ကောင်းမြဲဖြစ်သည်။ များသောအားဖြင့် လူပြက်မှာ ဆရာဖြစ်သည့်အတိုင်း ကိုကြာရိုးထံမှ လက်ထပ်သင်ယူရသည်။

အပျိုဖြစ်လာပြီဆိုလျှင် ယောကျ်ားတစ်ယောက်၏ အသားနှင့် တွေ့ထိရတိုင်း ဘာကြောင့် ရင်ဖိုရသည်ကို ဒေါ်စိန်သုံက မတွေးတတ်၊ အက သင်တိုင်းလည်း ကိုကြာရိုး လက်နှင့် ထိရ၏။ ကိုကြာရိုးသည် သူ့လက်ကို ကိုင်ရုံမဟုတ်၊ ခပ်ဖျစ်ဖျစ်ဆုပ်၍ ညှစ်တတ်သည်မှာ စိတ်လှုပ်ရှားစရာပင် ဖြစ်လေသည်။ ယခုလို က ရင်းလည်း သူ့လက်ကို မထိတထိ ကိုင်တတ်သည်။

ကြာတော့လည်း ကိုကြာရိုးသည် မရိုးနိုင်တော့ဘဲ မစိန်သုံနှင့် ညားကြလေတော့သတည်း။

"အင်း…" သက်ပြင်းချမိပြန်သည်။ သမီးလေးကိုတော့ လူပြက်ကိုရွှေငါးနှင့် မညားစေချင်ပါ။ ရွှေငါးလို့သာ ဆိုသည်။ အသားက ငါးခူရောင်ပေါက်၍ လည်ပင်းက သစ်ကုလားအုပ်လို ရှည်လှသည်။ ယခုလို အရွယ်မရောက်ခင်တော့ တော်ပါသေး၏။ တဖြည်းဖြည်း အရွယ်ရောက်၍ တွဲဖက် ကကြရင်း ကာလ ရှည်လျားလာပါလျှင် ကိုရွှေငါးသည်လည်း 'ကိုရွှေဆန်း' ဖြစ်လာနိုင်ပေသည်။ ခင်စိန်ရင်ကလည်း 'ခင်စိန်သုံ' ဖြစ်ကာ ရင်ဖိုတတ်လာရင်ဖြင့် 'အမလေး…'

ဒေါ်စိန်သုံသည် ဆက်၍ မတွေးတော့၊ ထိုင်ရာမှ ထကာ အဝတ်ထုပ်လေးရှိရာသို့ သွားထိုင်နေသည်။ သမီးလေး ကသည်ကိုလည်း မကြည့်ချင်တော့ပေ။ သမီးလေး ကြီးလာလျှင် လူပြက်နှင့် ညားမှာစိုး၏။ ဒါလောက် အရွယ်လေးနှင့် လင်အကြောင်း၊ သားအကြောင်း ပြောနေရသည်ကို စိတ်က မနှစ်မြို့နိုင်ပေ။ အကပညာ ပြည့်စုံ၍ ထူးချွန်သူဆိုလျှင်လည်း ကိုယ့်ဂုဏ်လေးနှင့်ကိုယ် ခံ့ခံ့ထည်ထည်နေကာ လူပြက်နှင့် လွဲကောင်းပါရဲ့…။ ယခုလို အက ထူးချွန်အောင် ပန်တျာကျောင်းတွင် အချိန်ပြည့် မနေနိုင်ပေ။

"ရွှေပြောင်ပြောင်၊ တောင်ပေါ်က ဘုရား"

mgyoe.com

mgyoe.com


ပန်တျာကျောင်းမှ သီချင်းအတိုင်း ပခုံးလေးနှစ်ဖက်ကို တွန့်ကာ တွန့်ကာ မင်းသားလေးက ဆိုလိုက်၏။ ဝဲနှင့်ယာမှ လက်တွဲထားသော မင်းသမီးနှစ်လက်ကလည်း ခြေများကို ဆိုင်းချက်နှင့်ညီညီ လွှဲ၍ မင်းသား အနားကပ်ကာ လိုက်ကြ၏။

နောက်ဆုံး ကမ္ဘာမကြေဆို၍ ဝန်ကြီးမင်း ပြန်သွားသည်အထိ ဒေါ်စိန်သုံ ကမူ အဝတ်ထုပ်နားမှ မခွာပေ။

ဝန်ကြီးမင်း ပြန်သွားပုံကို ငေးမောကြည့်နေမိပြန်သည်။ အမှန်တော့လည်း ကြည့်သာကြည့်နေသည်။ ဝန်ကြီးကို ဘယ်ဌာနက ဝန်ကြီးမှန်း သူက မသိရှာပေ။ တရွေ့ရွေ့လှမ်းကာ မီးရောင်အောက်မှ ပျောက်သွားကာ ဝန်ကြီးကို သူ့စိတ်ထဲမှ လိုက်၍ စကားပြောနေ၏။

“ဝန်ကြီးမင်း ရန်ကုန်ပြန်ရောက်ရင် တစ်ဆိတ်လောက် ပြောပေးပါရှင်...၊ ဒီကလေး ငယ်ငယ်လေးတွေ ကတဲ့အခါမှာ လင်ပြော၊ မယားပြော မပြောပါစေနဲ့၊ ကျွန်မ သမီးလေးအတွက် စိုးရိမ်လို့ပါ။ ဝန်ကြီးမင်း ပြောရင် ရပါတယ်၊ ကျွန်မသာဆိုရင်တော့ ပြောပါရဲ့...၊ အဲ... ဘယ်သူ့ကို ပြောရမှန်း မသိတာက ခက်တယ်”

ကိုယ့်စိတ်ကူးနှင့်ကိုယ် တွေးခေါ်ပြောဆိုနေ၍ သူ့ဟန်မှာ ငေးငိုင်ငိုင် ငြိမ်သက်သက် ဖြစ်နေသည်။

ယခင်ကဆိုလျှင် သမီးလေး ကပြီးတိုင်း ကဟန်ကိုရော၊ ပြောဟန်ကိုပါ ဒေါ်စိန်သုံက ဝေဖန်တတ်၏။ ယခု ဘာကြောင့် ငြိမ်သက်နေသည်ကို ခင်စိန်ရင်က မတွေးတတ်ပေ။ သူက ပုံမဟုတ်၍များ အမေက စိတ်ခုနေလေသလား...။

“အမေ အစိန်ကတာ ကောင်းရဲ့လား”

ဒေါ်စိန်သုံသည် သမီးစကားသံကြားမှ ဖျတ်ခနဲ လှုပ်ရှားလာရင်း မော့ကြည့်လိုက်၏။

“ကဲ... သိမ်းစရာရှိတာတွေ သိမ်းပေတော့”

အစိန်က သူ့ ကဟန်ကို တစ်စုံတစ်ရာ မဝေဖန်သည့်အတွက် စိတ်မကောင်း ဖြစ်နေသည်။

သူတို့ ပြန်ခါနီးတွင် ကိုရွှေငါးက ငွေနှစ်ဆယ် လာ၍ပေး၏။ မြို့ပိုင်မင်း စီစဉ်ပေးသော အငြိမ့်ထရပ်ကားနှင့် သားအမိနှစ်ယောက် အိမ်ကို ပြန်၍လာကြသည်။ အစိန်ကတော့ မောမောနှင့် အိပ်ရာထဲပစ်လှဲလိုက်လေသည်။ ဒေါ်စိန်သုံ

mgyoe.com

ကမူ ရေနံဆီမီးခွက်လေး ရှေ့တွင် ငုတ်တုတ်ထိုင်ရင်း ဘာမျှမလုပ်ဘဲ တွေးနေပြန်သည်။ ခုန တွေ့ခဲ့ရသော မီးရောင်၊ ဝတ်စားတန်ဆာရောင်နှင့် မင်းပရိသတ်များကိုလည်း ယခု သူနေသော အိမ်စုတ်ကလေးနှင့် ရေနံမီးခွက်ရှေ့တွင် သွား၍ မြင်နေပြန်သည်။

သမီးလေး နောင်ရေးအတွက် ရတနာပုံရွှေမြို့တော်ကိုပဲ ပြန်၍ ပြောင်းလျှင် ကောင်းပေမည်။ ဒီတစ်ခါတော့ သမီးလေးကို မြေပဲလှော် ရောင်းမခိုင်းဘဲ သူတစ်ယောက်တည်း မနှင်းပွင့်ဆေးလိပ်ခုံတွင် အလုပ်လုပ်မည်။ သမီးလေးသည် ကျောင်းမှာ တော်လာလျှင် အစိုးရ အထောက်အပံ့ ရချင်လည်း ရလာပေမည်။

ယခင်တစ်ခါ မရသည်ကတော့ ကျောင်းမှ မှန်မှန် မတက်နိုင်ဘဲ အကျအန သင်ကြားပြီး၍ သူ့သမီး တော်လာလျှင် လူပြက်လက်မှ လွတ်ကောင်းပါရဲ့။ ယခုလို အရပ်အငြိမ့်မင်းသမီးလိုလို နေသွားရာမှ ကိုရွှေငါး သင်ကြားပြသရခြင်း၏ လက်အောက်တွင် ကြာရှည်နေသွားပါလျှင် ကိုရွှေငါးနှင့် ညားရချည်ရဲ့။ အရွယ်မရောက်ခင်က ပြောရဆိုရသည့် စကားများကလည်း လင်စိတ်သားစိတ်ကို နိုးကြွစေသော စကားလုံးများပင် ဖြစ်၏။

ဘယ်နည်းနှင့်မဆို ယခုလဆိုလျှင် မန္တလေးသို့သွား၍ မနှင်းပွင့် ဆေးလိပ်ခုံတွင် အလုပ်ရှာရန် ဒေါ်စိန်သုံးက ဆုံးဖြတ်လိုက်သည်။

မျက်စိမှိတ်၍ အိပ်တိုင်း ကိုရွှေငါးရုပ်က မျက်လုံးထဲ ပေါ်နေသည်။ သူသည် ဘာကြောင့်များ ကိုရွှေငါးရန်ကို ဒါလောက် စိုးရိမ်နေမှန်း မသိပေ။ ကိုရွှေငါးသာ သူ့အတွေးအခေါ်များကို သိပါက တော်တော်စိတ်ဆိုးပေလိမ့်မည်။

မနှင်းပွင့် ဆေးလိပ်ခုံကို မပြောင်းခင် အပြောင်းအလဲကြီးတစ်ခုက အိမ်တွင် ဖြစ်လာပြန်သည်။

"သမီးရယ်… အသက် (၁၂) နှစ် ရှိသေးတယ်။ ညည်း အပျိုဖြစ်တာကလည်း စောလိုက်တာ"

"အမေကလည်း ဘယ်က (၁၂) နှစ်လည်း၊ ရှေ့လဆို အစိန် (၁၃) နှစ် ပြည့်ပြီ"

အမေသည် လက်ချိုးရေရင်း ခေါင်းတညိတ်ညိတ် လုပ်နေပြန်သည်။ အမှန်တော့ ၁၃ နှစ်ဆိုလည်း စောလွန်းလှသည်။ သူငယ်ငယ်ကဆိုလျှင် ၁၅ နှစ်မှ အပျိုဖော်ဝင်ခဲ့သည်။ ဘာကြောင့်မှန်း မသိ၊ အစိန် အပျိုဖြစ်ပြီဆိုတော့ ရင်လဲမှာ ခဲတဲတဲ လေးတေးတေးကြီး ဖြစ်လာသည်။

mgyoe.com

mgyoe.com

မနှင်းပွင့် ဆေးလိပ်ခုံကို မှန်းထားသောလတွင် မပြောင်းဖြစ်ပေ။ ယခု တလော ကိုရွှေငါးက တောင်းပန်ထား၍ သူတို့မြို့လေးတွင် အစိန် ခဏခဏ ကရသေးသည်။ မီးရောင်အောက်တွင် အစိန်၏ပါးများသည် မို့မို့အိအိနှင့် သွေးရောင် လွှမ်းလာ၍ 'ခင်စိန်ရင်' နာမည်မှာ မြို့လေးပတ်ဝန်းကျင်တွင် မထွက်တထွက် ဖြစ်လာသည်။ မိန်းကလေးဆိုသည်မှာ ဘယ်လောက် မလှ လှလှ၊ အပျို ဖြစ်လာလျှင်တော့ အဆစ်အချိုး ပြေပြစ်စိုပြည် လာတတ်လေသည်။

သီတင်းကျွတ်၍ လက်ထဲတွင်လည်း ငွေခုနစ်ဆယ်လောက် စုမိလေသည်။ ဒေါ်စိန်သုံသည် အိမ်ရှိ သူ့ပစ္စည်းလေးများကို သိမ်းဆည်း၍ နောက်တစ်နေ့တွင် မန္တလေးသို့ သွားရန် ပြင်ဆင်နေသည်။

အစိန်ကိုလည်း ဖွင့်ပြောလိုက်ပြီဖြစ်၍ အစိန်သည် သူ့ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးနေသည်။ နေ့လယ်ပိုင်းလောက်တွင် သူငယ်ချင်းများကို နှုတ်ဆက်ဖို့ အစိန်ထွက်သွားသည်မှာ ညနေစောင်းမှ ပြန်လာသည်။

ညဦးတစ်ပိုင်းလုံး အလုပ်လုပ်ပြီး၍ အမေက နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်သည်။ မနက်ကို စောစောထ၍ မြင်းလှည်းဖြစ်ဖြစ်၊ ကားနှင့်ဖြစ်ဖြစ် သွားရပေမည်။

မနက်လင်းခါနီးတွင် သူ အိပ်ရာမှ နိုးလာသည်။ သူ့အိပ်ရာဘေးတွင် အစိန်ကို မတွေ့ရပေ။ အစိန်တစ်ယောက် သိမ်းစရာရှိသည်များကို ထပ်၍ သိမ်းနေပြန်ပြီလား။

ဒေါ်စိန်သုံသည် သေချာစွာ ထကြည့်သောအခါတွင်မူ ညနေက အစိန်ကိုယ်တိုင် ထုပ်ပိုးထားသော အဝတ်ထုပ်များပါ အစိန်နှင့် အတူတကွ ပျောက်သွားကြခြင်း ဖြစ်၏။

"ရွှေငါးလက်ချက်ပဲ ထင်ပါရဲ့၊ အမလေး... ရွှေငါး လက်ချက်ပါ"

မျက်နှာ မသစ်နိုင်ဘဲ တအင့်အင့် ငိုနေမိ၏။ အပြင်တွင် လင်းရောင်ပျိုးလာပေမယ့် မှောင်ရီရီ ဖြစ်နေသေးသည်။ ယခင်လကမှ အပျိုဖြစ်သည်။ ယခု လင်နောက် လိုက်သွားပါပကော။ ဖြစ်မှ ဖြစ်ရလေခြင်း။

နီရောင်ပျို့ပျို့အောက်တွင် ငှက်ကလေးများက တွတ်တီးတွတ်တာအော်၍ ပျံသန်းသွားကြသည်။ အမေ ငိုနေသည်ကိုမှ မသိကြလေရောသလား...။

အိမ်ရှေ့ မန်ကျည်းပင်ပေါ်မှ ကျီးကန်းနက်နက်ကြီးသည် အမေ့ ငိုသံကြောင့် နိုးလာသည်။ အ... အ နှင့် အော်သံမှာ နံနက်ခင်းကို စိုပြေလာအောင်

mgyoe.com

mgyoe.com


မလုပ်နိုင်ပေ။ အမှန်တော့ အမေသည် ကျိုးနက်ကြီးလို အော်၍ ငိုချင်သည်။ မနက် အစောကြီးဖြစ်၍ စိတ်ထဲမှလည်း ရှက်နေသည်။

ညဥ့်ကတော့ အိပ်မက်ပင် မက်လိုက်သေးသည်။ အရုဏ်၏ အလင်းရောင် အောက်တွင် သားအမိနှစ်ယောက် ရွှေမြို့တော်သို့ တက်ခန်းမှာ ပန်းချီကားလို ရိပ်ရိပ်လေး ထင်နေသည်။

ထင်တော့ စိတ်ထဲမှာ ထင်လိုက်ပေသား...။ ဟို မင်းသားလေးနှင့် တွဲကစဉ်က 'အစ်ကိုလင်... ရဲ့' ဟူ၍ အော်သံမှာ ပိုင်နိုင်သရုပ်ပေါ်လှသည်။

သမီးရှင်ဆိုသည်မှာ ဤကဲ့သို့ အထင်သားနှင့်ပင် သမီးမှာ ပါသွားရသည်ပဲ ဖြစ်၏။ တကယ်တော့ မရွှေစိန် ညက အထုပ်အပိုး ပြင်သည်မှာ သူနှင့်လိုက်ရန် မဟုတ်ဘဲ လင်နောက်လိုက်ရန်အတွက် ပြင်ခြင်းပေကိုး။ အမေ့မျက်လုံးထဲတွင်တော့ ကိုရွှေငါး၏ လည်ပင်းကြီးက ပို၍ပို၍ ရှည်လာကာ သူ့ကို ပြောင်နေသည်ဟု အမေက ထင်သည်။

အမေသည် ဘုရားဘက်သို့လည်း လက်အုပ်ချီပြန်သည်။ "ဘုရားမလို့... ကိုရွှေငါးနဲ့ မဟုတ်ပါစေနဲ့"

သူ အပျိုတုန်းက ကာလသားတို့ မျက်ခုံးမွေးပေါ်တွင် လူးလာပျံသန်းခဲ့၏။ ကပွဲပြီး၍ အိပ်စက်နားနေတိုင်း သူ့အနားတွင် ဝိုင်းဝိုင်းလည်ခဲ့သော အစ်ကို ကာလသားတို့ကိုသာ အိပ်မက်မက်ခဲ့၏။ သို့သော် နဖူးတွေ့ ဒူးတွေ့ တွေ့ကြသောအခါ လူပြက် ကိုကြာရိုးနှင့် တွေ့ရတော့သည်။

ငှက်ကလေးများသည် ပို၍ ဆူညံလာကာ ကျိုးနက်ကြီးရှိရာ မန်ကျည်းပင်သို့ ပျံလာကြသည်။ ကျိုးနက်ကြီး ပို၍ အော်လေလေ အရှေ့သည် ပို၍ လင်းလာလေလေ ဖြစ်၏။ မနက် မိုးလင်းလာလေပြီ။ အရပ်ကတော့ သိကုန်ကြပြီ ထင်ပါရဲ့။ မျက်နှာ ဘယ်လိုထားရပါ့၊ မျက်နှာ မထားတတ်သည်ထက် ဘာလုပ်ရမည်ကိုလည်း မတွေးတတ်ပေ။ အိမ်နီးချင်း ပြောရမည်ကိုလည်း ရှက်၏။

"မိစိန်ရယ်... အပျို သေသေချာချာ ဖြစ်အောင်များ စောင့်ပါဦးတော့၊ နင်က နုနုထွတ်ထွတ်၊ ရွှေငါးဆိုတဲ့ အကောင်က လည်ပင်းရှည် ရင့်ရော်ကြီး၊ ရင်နာလိုက်တာနော် ရင်နာလိုက်တာ မိစိန်ရယ်"

စိတ်မောတိုင်း ရေကို တစ်ကျိုက်ကျိုက် သောက်ကာ ငိုနေမိပြန်သည်။ ဆွမ်းခံထွက်ချိန်လောက်တွင် ထိတ်လန့်စိုးရိမ်နေသော သစ်ကုလားအုတ်ကြီးသည် အိမ်ဝတွင် ပေါ်လာ၏။

mgyoe.com

mgyoe.com


"အမလေး... မောင်ရွှေငါး တော်ပါပေ့၊ ကျုပ်သမီး နုနုထွတ်ထွတ်ကလေး ဘယ်ထားခဲ့လဲ"

အမေသည် ပြေးအော်လိုက်၍ ကိုရွှေငါးပင် လန့်သွားသည်။

"အဲဒါ အရီးစိန်သုံကို လာပြောတာ၊ ညွန့်ရွှေနဲ့ လိုက်သွားပြီ"

"ညွန့်ရွှေဆိုတာ ဘယ်သူလဲ...၊ ဟင်... ဘယ်သူလဲ"

"ဟို ဝန်ကြီးလာတုန်းက အစိန်နဲ့ တွဲကတဲ့ မျက်လုံးပြူးပြူး မင်းသားလေးလေ"

"ဟင်..."

တော်ပါသေးရဲ့...၊ အမေ့ ရင်ထဲတွင် ကိုရွှေငါးနှင့် မဟုတ်၍ နည်းနည်းရင်အေးသွားသည်။

"ကျွန်တော်လည်း မသိဘူး...၊ ခုမနက်မှ ညွန့်ရွှေ လွှတ်လိုက်လို့ သူ့ သူငယ်ချင်း လာပြောတယ်"

ကိုရွှေငါး ပြန်သွားသည်အထိ ဒေါ်စိန်သုံမှာ ငိုနေဆဲဖြစ်သည်။ နက်ဖြန်တွင် အစိန်နှင့် ညွန့်ရွှေကို ပြန်ခေါ်လာခဲ့ပါမည်ဟု ကိုရွှေငါးက ကတိပေးသွား၏။

သူ့မှာတော့ စိတ်ညစ်ရသည့်ဖြစ်ခြင်း၊ သူ့သမီး အရွယ်ရောက်လာလျှင် "ရွှေမန်း ခင်စိန်ရင်" အဖြစ် မြန်မာတစ်ပြည်လုံး ဟိုးဟိုးကျော် ဖြစ်သွားအောင် သင်ကြားပေးရန် စိစဉ်ခဲ့ရသည်။

သူ တွေးတောနေသော ယခုအချိန်တွင် သူ့သမီးအစိန်သည် ညွန့်ရွှေ၏ ရင်ခွင်တွင် "အစ်ကိုလင်... ရဲ့" နေပေတော့မည်ပါတကား။

ပန်းများကား အချိန်မဟုတ်ဘဲ ပွင့်ကြလေပြီ။

(မြဝတီ နိုဝင်ဘာလ၊ ၁၉၅၄)

❐

mgyoe.com

mgyoe.com

## ဘိန်းစားရေချမ်း

ခရီးသွားရခြင်းသည် စိန်နားကပ် ပန်ရခြင်းထက် မက်မောဖွယ်ကောင်းပေသည်။

အပြောင်းအလဲများနှင့် တွေ့ဆုံရတိုင်း စိတ်သည် ပြန်လည်ဆန်းသစ်၍ လာကာ ဘဝတွင် နေသာထိုင်သာ ရှိလာလေသည်။ ဒါကြောင့်ပင် ကျွန်မသည် တတ်နိုင်လောက် ခရီးထွက်၏။ ခရီးထွက်ဖို့ပင် ငွေကိုလည်း စုဆောင်းခဲ့ပေသည်။ ခရီးထွက်ခွာသွားတိုင်း ရောက်ရာမြို့နှင့် တောအရပ်ဒေသများသည် ကျွန်မအား အမျိုးမျိုးသော သင်ခန်းစာများကို သင်ကြားပို့ချကြပေသည်။

ထားဝယ်မြို့တွင် ရေထမ်းသမား ကိုရေချမ်းက သင်ခန်းစာတစ်ခု သင်ကြားပြသည်ဆိုလျှင် အံ့သြကောင်း အံ့သြပေလိမ့်မည်။ ပုံးနှစ်ခုကို ထမ်း၍ ရေရောင်းသော ကိုရေချမ်းက သင်ကြားပြသသော ဆရာဖြစ်သည်မှာ အံ့သြစရာပေတည်း။

ထားဝယ်ဗိုလ်တဲမှာ အတော်ကျယ်ဝန်း၍ သပ်ရပ်သလောက် ရေချိုးခန်းမှာမူ ကျဉ်းမြောင်းလွန်းလှသည်။ ရေချိုး ကြွေဇလုံခွက် အဖြူကြီးသည် ရေညှိစိမ်းများ ဘယ်တုန်းက ကပ်နေသည် မသိ။ ဆေးကြောတိုက်ပစ်၍ မရဘဲ ညှိစိမ်းစိမ်း ဖြစ်နေလေသည်။

ကိုရေချမ်းသည် ရေသယ်ယူလာတိုင်း ထိုကြွေဇလုံကြီးကို တိုက်ချွတ်ဆေးပြီးမှ ရေထည့်ထား၏။ သို့သော်... ကြွေဇလုံကြီးက ဖြူ၍ မလာပေ။

"အစ်မရေ... ဘာလိုချင်သေးသလဲ။ လိုချင်တာရှိပြော၊ ဒီရေချိုးခန်းမှာ ဂမုတ်နဲ့ မသွားချင်ရင် မြေစိုက်အိမ်သာ မီးဖိုနောက်ဖက်မှာ ရှိလေရဲ့"

mgyoe.com

mgyoe.com


သူသည် အိမ်သာကိစ္စပါ မကျန်၊ ရင်းရင်းနှီးနှီး ညွှန်ကြားပြသ၏။ ပြန်ခါနီးလျှင်လည်း နှုတ်ဆက်ပြီးမှ ပြန်လေသည်။ သူ၏ ထားဝယ်ဆန်သော လေးထောင့်ကျကျ မျက်နှာမှာ ရွှင်ရွှင်လန်းလန်း မရှိလှပေ။ အသားကလည်း သာမန် ဖြူဖွေးသည်ထက် ဖြူဖပ်ဖြူရော် ဖြစ်နေပုံ ရလေသည်။ သူ့မျက်နှာသည် ရာဇဝင်ပါ ကျောက်ရုပ်ကြီးလိုပင် တစ်စုံတစ်ခုသော အကြောင်းအရာများကို လျှို့ဝှက်သိုလှောင်ထားဟန် ပေါက်နေလေသည်။

ညနေပိုင်း သူပြန်သွားပြီးအချိန်တွင် ကျွန်မသည် သူ့အကြောင်းကို စဉ်းစားနေမိ၏။ ညစာစားချိန်တွင် ဗိုလ်တဲစောင့်သည် ကိုရေချမ်းအကြောင်းကို တစ်စိတ်တစ်ဒေသ ပြော၍ ပြ၏။ သူ့စကားအရဆိုလျှင် ကိုရေချမ်းသည် လူဆိုးကြီးပေတည်း။

"တစ်ခါတုန်းက အတော့်ကို ချမ်းသာတဲ့ သူဌေးသားပေါ့ဗျာ။ သူ့အဖေ ဆိုရင် နတ်မြင်းမိုင်းကိုတောင် သွားပြီး လုပ်တဲ့လူပဲ"

ကိုရေချမ်း၏ နောက်ကြောင်းများသည် ပွင့်အန်၍ ကျလာလေသည်။ အင်္ဂလိပ်လို ၁၀ တန်းအထိ သင်ကြားပြီးချိန်တွင် မိန်းကလေးတစ်ယောက်နှင့် ချစ်သည်ဟု ဆို၏။

"အဲဒီမိန်းကလေးကလည်း ထားဝယ်မှာဆို တော်တော် ချောတာပဲ၊ ငွေကြေးကလည်း မဆိုလှပါဘူး။ ဒါပေမယ့်ဗျာ၊ ကန်တော့ပါရဲ့၊ ဒေါ်ခင်ယုကို ပြောရဦးမယ်။ ဒီမိန်းကလေးကို မညားခင် ကျူးကျူးလွန်လွန်ဖြစ်ပြီး ထားရစ်ခဲ့တယ်ဗျာ၊ မိန်းကလေးလည်း စိတ္တဇနှင့် သေပါလေရော"

"အို..."

"ဟုတ်တယ်၊ ကိုယ်ဝန်နဲ့ကို သေတာပဲ...။ နောက်တော့မှ သူ့အဖေ ပေးစားတဲ့ မြိတ်သူတစ်ယောက်နဲ့ ယူတယ်။ အဲဒီ မြိတ်သူနဲ့ ယူကတည်းက သောက်လိုက်တဲ့ အရက်၊ ဘာဆို ဘာအလုပ်မှ မလုပ်တော့ဘူး။ နောက်ဆုံး ဘိန်းရှုလိုက်တာ ခုဘဝရောက်တာပဲ ဆိုပါတော့...၊ သူ့မိန်းမလည်း သေသွားပြီ"

ယခုလို ဆိုပြန်တော့လည်း ကျွန်မ၏ ကိုရေချမ်းကြီး ပြီးခဲ့သော ဇာတ်လမ်းမှာ ဘိန်းစားခြင်း၊ အရက်သောက်ခြင်းနှင့် ချစ်သူကို စော်ကားခြင်း... ဟူသော အပိုင်းများသာ ပါဝင်ခဲ့လေသည်။

ဗိုလ်တဲစောင့်ကြီးနှင့် စကားလက်ဆုံ ကျပြီးကတည်းက ကျွန်မသည် ကိုရေချမ်းကို ပို၍ အကဲခတ်၏။ သူဌေးသားတစ်ယောက်၊ ပညာကလည်း

mgyoe.com

mgyoe.com


၁၀ တန်းဆိုသည်မှာ မခေ။ လုပ်သည့်အလုပ်မှာ ရေထမ်းသမား၊ အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု မဆက်စပ်လှ။ ယုံတမ်းစကား ဒဏ္ဍာရီတစ်ခုနှင့် တူ၍ နေပေတော့သည်။

ကျွန်မ စိတ်ထဲတွင်မူ ကျွန်မ၏ ဓာတ်လိုက် ကိုရေချမ်းသည် သူ့ဘဝဓာတ်လမ်းတွင် လူဆိုးကြီးတစ်ယောက်အနေဖြင့် ပါဝင်နေသည်ကို မကျေနပ်နိုင်ပေ။ သူ့ကို စေ့စေ့ကြည့်လျှင် ပြာမွဲမွဲ မျက်လုံး၊ ဖြူဖျော့ဖျော့ အသားအရေများမှာ ဘိန်းစားဖြစ်ကြောင်း ဖွင့်ဟ ဝန်ခံကြလေသည်။ ရေပုံးကို ကိုင်သော လက်များကလည်း တုန်တုန်ရီရီ နိုင်လှ၍ တစ်ခါက အရက်ကို အလွန်အကျွံ သောက်ခဲ့ကြောင်းမှာ ဖော်ပြ၍ နေပေသည်။

သို့သော်... ကျွန်မ ဖော်မပြတတ်သော သူ့ဟန်ပန်များကမူ ဘယ်သူ့ကိုမှ နာကျင်အောင် ဒုက္ခရောက်အောင် မလုပ်ခဲ့ဘူးကြောင်း ပြောပြနေသလို ဖြစ်နေပေသည်။ မျက်လုံးများကလည်း အရောင်မဲ့၍ တန်ခိုးမရှိသော်လည်း ကြင်နာငဲ့ညှာသော စိတ်ဓာတ်မှာ မျက်လုံးတစ်ထောင့်မှ ပေါ်နေသလို ထင်ရပေသည်။

ထိုအမူ မပေါ်လျှင်တော့ ထားဝယ်မှ မထွက်ခွာလိုပေ။ တနင်္ဂနွေနေ့တွင်မူ ကျွန်မသည် ကိုရေချမ်းကို ထိုင်၍ စောင့်၏။ ဗိုလ်တဲစောင့်ကို ကြိုတင်မှာထားသောကြောင့် ကိုရေချမ်းသည် နေ့လယ်ပိုင်း လာမည်ဟု ကတိပေးထားလေသည်။

သူ ရောက်လာချိန်တွင် တခြားဧည့်သည်များလည်း မရှိ၍ ဗိုလ်တဲတစ်ခုလုံးသည် တိတ်ဆိတ်နေသည်။ အတော်နွမ်းနေပြီဖြစ်သော ထားဝယ်ပိုးလုံချည်မှာ ခြေသလုံးမှ အကြောထုံးလေးနှစ်ခုကို မဖုံးလွှမ်းနိုင်ပေ။

"အစ်မ... ဘာကိစ္စရှိလို့လဲ"

သူ၏ အပြောအဆိုများမှာ ယဉ်ကျေးသော်လည်း သူ့အနေနှင့် သေးနုပ်အောက်ကျလွန်း၍ ရင်ထဲမှာ နာနေသည်။

"ရှင့်ကို ဆေးကုချင်လို့ ခေါ်တာပါ"

သူသည် အားယူ၍ ပြူးပေမယ့် မျက်လုံးများကမူ ရွှင်လန်းတောက်ပလာဟန် မရှိပေ။

"ဘာဆေးကုမလို့လဲ..."

"ကိုရေချမ်း ဘိန်းစားတယ်ဆို"

"ဒါကို ကုမှာလား"

mgyoe.com

mgyoe.com


"ဟုတ်တယ်။ ရှင့်ပညာတွေကို မနမြော်ဘူးလား။ အလကား လူညွန့်တုံးရသလိုပဲ"

"ဒီမှာ အစ်မရဲ့၊ ကျွန်တော်ဟာ ဘိန်းစား အရက်သောက်လို့ လူ့ဘဝတုံးရတယ်လို့ အစ်မ ဘယ်လိုနည်းနဲ့ သိလဲ"

စကားလုံးများကမူ သူ့အဆင့်အတန်းကို ဖော်ပြ၍ နေပေသည်။

"ကျွန်မ ထားဝယ်ကို ရောက်ကတည်းက ကိုရေချမ်းအကြောင်းကို စုံစမ်းနေတာပဲ။ ထားဝယ်သားတွေဟာ ကိုရေချမ်းကို အသိများကြသားပဲ။ သူတို့ဆီက ရှင့်သတင်းတွေ ကြားရတာပေါ့။ အထူးသဖြင့် ဗိုလ်တဲစောင့်ကလည်း ပြောပြတယ်"

"ဘယ်သူ့ပဲမေးမေး၊ သူတို့အားလုံး ကျွန်တော့်အကြောင်းကို ဒီလို ပြောကြမှာပေါ့"

"ဘယ်လို"

"ကျွန်တော် အရက်သောက်တယ်၊ ဘိန်းစားတယ်၊ ကျွန်တော် ချစ်သူကို ကိုယ်ဝန်နဲ့ ပစ်ထားခဲ့တယ်လို့ ပြောကြမှာပဲ"

ကျွန်မသည် ပါးစပ်ဟကာ အံ့အားသင့်နေတယ်။ သူ့ကို လူတွေ ဘာပြောသည်ကိုလည်း အားလုံး သိထားနှင့်ပါပကော။

"တခြားလူတွေ ပြောကြတာ ကြားရပေမယ့် ကျွန်မက ရှင့်ကို ဒီလို မထင်ဘူး။ ရှင်ဟာ ဘယ်သူ့ကိုမှ ဒုက္ခပေးမယ့်လူ မဟုတ်ဘူးလို့ ယုံတယ်"

"ဟင်… ကျွန်တော့်ကို ယုံတယ်။ အမလေး ဝမ်းသာလိုက်တာ အစ်မရယ်။ အစ်မတစ်ယောက်ပဲ ဒီလို ပြောတယ်။ ဒါပေမယ့် ကျွန်တော့်ကို ဘာဆေးမှ မကုပါနဲ့၊ ရှေ့ ၂ နှစ်ဆိုရင် ရေထမ်းနိုင်မှာ မဟုတ်တော့ဘူး။ ခုတောင် လက်တွေက ပုံးကို ကောင်းကောင်း မလို့ မရချင်ဘူး"

သူ့လက်များကို ထောင်၍ ကြည့်ရင်း မျက်နှာက ရှုံ့ရှာနေပုံရ၏။ အသားဖြူသော်လည်း လက်ချောင်းများမှာ ခြောက်သွေ့၍ အကြောစိမ်းများသည် တီကောင်ကြီးများ လွန့်နေသလို အရုပ်ဆိုးလှသည်။ ကြည့်နေရင်းမှ ပါးစပ်သည် ရယ်၍လာ၏။ ရယ်သံမှာ သွေ့ခြောက်ခြောက်နှင့် အေးစက်လှပေသည်။

"ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ပါဘူး၊ အရက်သောက် ဘိန်းစားတာဟာ ကျွန်တော့်ကိုယ် ကျွန်တော် ဖျက်ဆီးတာပဲ။ တခြားလူကိုတော့ ကျွန်တော် မနှိပ်စက် မဖျက်ဆီးပါဘူး။ အေးပေါ့လေ တစ်ခုတော့ ရှိတယ်။ ကျွန်တော့်ကို

mgyoe.com

mgyoe.com


လက်ထပ်တဲ့ မိန်းမကတော့ လင်ကောင်း မရရှာဘူးပေါ့။ ဘိန်းစားပဲ ရတာပဲ။ ဒါပေမယ့် သူ့ပိုက်ဆံထဲက ကျွန်တော် တစ်ပြားမှ ယူပြီး အရက်မသောက်ပါဘူး"

"ရှင့်ချစ်သူ ဆိုတာကကော"

သူသည် မျက်ရည်တွေ ဝိုင်းလာ၏။ ခုနက ရယ်ဟန်ပေါက်နေသော ပါးစပ်များမှ စုန့်စုန့်ယုံ့ယုံ့ ကြုံ့သွားကာ မဲ့မဲ့တဲ့တဲ့ ဖြစ်လာသည်။ ဘိန်းစားများသည် ဝမ်းနည်းလွယ်သည် ဆိုသည်မှာ မှန်၍များ နေလေပြီလား။ သို့သော် မကြာခင်ပင် သူ့နှုတ်ခမ်းလေးများမှာ တရွရွ လှုပ်၍လာသည်။ လှုပ်ရှားနေသော နှုတ်ခမ်းများကြားမှ စကားလုံးများသည် တစ်လုံးပြီးတစ်လုံး ထွက်အန်၍ ကျလာကြလေသည်။

"တစ်ခါတလေ လူ့လောကမှာ ဖြစ်နေတဲ့ အကြောင်းတွေဟာ လူတွေ တွေးထင်သလို မဟုတ်ဘူး။ အတွေးတွေရဲ့ နောက်ပိုင်းမှာ အင်မတန် ကြက်သီးထစရာ ကောင်းတဲ့ အကြောင်းမှန်တွေဟာ အများကြီးပဲ"

ထိုစကားလုံးများ ကြားရချိန်တွင် ကျွန်မသည် ကျွန်မဇာတ်လိုက်ကြီး ကိုရေချမ်းအတွက် ကျေနပ်ဝမ်းသာမိ၏။ ထိုစကားလုံးများသည် ဘိန်းစား စကားလုံးများ မဟုတ်ဘဲ အဆင့်အတန်းရှိသော အသည်းနှလုံးများ သူ့ဝမ်းထဲတွင် ရှိကြသေးကြောင်း ဖော်ပြနေပေသည်။

* * *

သီသီထံသို့ လပြည့်နေ့နံနက် အစောကြီးထ၍ သွားရသည်မှာ ကိုရေချမ်းအဖို့ နှစ်သိမ့်စရာ ဖြစ်၏။ သီသီတို့ခြံသည် ပန်းပင်များထက် အသီးအနှံ ပင်ကြီးများ ပို၍ များသည်။

သူရောက်သွားတိုင်း ပိန္နဲပင် မှောင်ရိပ်တွင် သီသီသည် ကုပ်ကုပ်လေး ထိုင်ကာ သူ့ကို စောင့်၏။ သစ်ရွက်များကြားမှ လရောင် ပြိုးပြိုးပြောက်ပြောက်များမှာ မြေပေါ်တွင် ပန်းဖြူပွင့်များ ကျဲထားသလို ပြန့်ကျဲ၍ နေကြသည်။

လရောင်၏ အလှကို မှောင်ရိပ်မှ နှစ်ယောက်စလုံး မြင်နေရသည်မှာ နှစ်သိမ့် ကြည်နူးစရာပေတည်း။ လေအေးများကလည်း ခြံထဲမှ ပန်းရနံ့များကို ယူဆောင်လာရုံမက ဘုရားသခင်၏ နှုတ်ကမွတ်တော်များကိုလည်း ယူဆောင်လာပေသည်။

mgyoe.com

mgyoe.com


သူတို့နှစ်ယောက် တွေ့ချိန်တွင် သီသီ၏ ဦးလေးကြီးသည် ဘုရားခန်းတွင် အရုဏ်ဆွမ်းကပ်ချိန် ဖြစ်ပေသည်။ လပြည့်နေ့ နံနက်တိုင်း သီသီက ဆွမ်းထ၍ ချက်ပေးရသည်။ ဆွမ်းထချက်ရင်း ကိုရေချမ်းနှင့် တွေ့ရခြင်း ဖြစ်ပေသည်။ ဒါကြောင့် သီသီသည် ကျေကျေနပ်နပ်ပင် ဆွမ်းကို စောစောထ၍ ချက်ပေး၏။

မာတာ ယထာ နိယံ ပုတ္တံ
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု
မာနသံ ဘာဝယေ အပရိမာဏံ။

တစ်ဦးတည်းသော သား၏မိခင်သည် သား၏အပေါ်တွင် အတိုင်းအရှည်မရှိသော ချစ်ခြင်းမေတ္တာဖြင့် စောင့်ရှောက်ကြည့်ရှုဘိသကဲ့သို့ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အားလည်း မေတ္တာဖြင့် လွှမ်းခြုံရာ၏။

ဦးလေးကြီး၏ အောင်မြင်ခံ့ညားသော အသံသည် ငြိမ်သက်အေးသောစွာပင် အိမ်မကြီးဆီမှ လွင့်ပျံ့လာ၏။ တဏှာဖြင့် ရောယှက်သော ငယ်ရွယ်သူတို့၏ ချစ်တင်းနှီးနှောခြင်းပင်လျှင် တရားတော်အသံကြောင့် ငြိမ်သက်အေးဆေး၍ တည်ငြိမ်လာသလိုပင် နှစ်ယောက်စလုံး ထင်မြင်၍ လာကြလေသည်။

ဦးလေးကြီး၏ ဘုရားရှိခိုးသံသည် သူတို့နှစ်ဦးသည် အချိန်းအချက် ဖြစ်၏။ ဘုရားနှုတ်ကမ္ပတ်တော်များအား ရွတ်ဖတ်သရဇ္ဈာယ်ပြီးသည့် နောက်ပိုင်းတွင် ဦးလေးကြီးသည် နတ်နှင်ဂါထာကို ရွတ်ဖတ်ပြန်၏။

ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပတ္တာ စ နိဗ္ဘယာ။

ထိုအပုဒ်သို့ရောက်လျှင် ဦးလေးကြီး ပရိတ်ရွတ်ပြီးတော့မည့် အထိမ်းအမှတ်ပင် ဖြစ်၍ သူတို့နှစ်ယောက် ခွဲခွာလာကြရသည်။

ကိုရေချမ်းသည် ခြံပြင်တွင် စောင့်နေသော သူငယ်ချင်းများထံသို့ ရောက်ချိန်တွင်မှ အိမ်မြင့်ကြီးဆီမှ ကြေးစည်သံသည် ပျံ့လွင့်၍ လာပေသည်။

ယခုလို တွေ့ခဲ့ရသော အကြိမ်များသည် ၂၄ ကြိမ်ထက် မလျော့ခဲ့ပေ။ မိုးသားဖုံးအုပ်နေသော မိုးတွင်းလပြည့်တွင်လည်း သီသီထံသို့ မိုးသည်းကြီးတွင် အရောက်လာခဲ့၏။ ခိုက်ခိုက်တုန်အေး၍ နှင်းထုထပ်စွာ ကျချိန်တွင်လည်း သီသီထံသို့ အရောက်လာခဲ့ပေသည်။

mgyoe.com

ဆယ်တန်းအောင်လျှင်တော့ သီသီနှင့် လက်ထပ်ဖို့မှာ သေချာသော အစီအစဉ်တစ်ခု ဖြစ်ပေသည်။ သီသီကလည်း စာမေးပွဲပြီး၍ နွေရာသီ ကျောင်းပိတ်ရက်အပြီး ကဆုန်လတွင် လက်ထပ်ဖို့ သီသီ သဘောတူသည်။

ယနေ့ည တွေ့ဆုံသော လပြည့်နေ့မှာ တန်ဆောင်မုန်းလပြည့် ဖြစ်သည်။ လရောင်ခြည်ထဲတွင် နှင်းမြူများ ရောဂါပါလာစ ပြုလာလေသည်။ ငြိမ်သက်တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ထုံးစံအတိုင်း ဦးလေးကြီး၏ ပရိတ်ရွတ်သံကလည်း ကြား၍ နေရပေသည်။ သူသည် ယခုတစ်ခါ ပို၍ စကားပြော၏။

"တတ်နိုင်ရင် မောင် သီသီတို့ တန်ဆောင်မုန်းလထဲမှာပဲ လက်ထပ်ရအောင်"

"ဘာဖြစ်လို့လဲ၊ စာမေးပွဲပြီးမှ အေးအေးဆေးဆေး လုပ်ပါ သီသီရာ၊ ဘာဖြစ်လို့ ဒါလောက် လောတာလဲ"

သီသီကား ခေါင်းငုံ့၍ နေ၏။ ဘာကိုမျှ မဖြေပေ။ သူသည် စောနိုင်သမျှ အစောဆုံး လက်ထပ်ရန်အတွက် ကိုရေချမ်းကို ဘယ်လို ပြောရမှန်း မသိပေ။

နောက်လပြည့်တွင်မူ သီသီ နေမကောင်း၍ သူတို့နှစ်ယောက် မတွေ့ဆုံရပေ။ နေမကောင်းသည်ကို သွား၍ တွေ့ချင်သော်လည်း ဗြောင်မတွေ့ရဲသည်မှာ မခံချိစရာပေဘဲ။ သီသီ့ထံမှ စာများသာ ရောက်၍လာသည်။ စာစောင်တိုင်းကလည်း သူ့ကို တန်ဆောင်မုန်းတွင် လက်ထပ်ရန်ပင် ဖြစ်၏။

ကိုရေချမ်းက မတွေးတတ်ပေ။ ဘာကြောင့် သီသီသည် ဒါလောက် မြန်မြန် လက်ထပ်ချင်ပါသလဲ။ နေမကောင်းသည်မှာလည်း အခြေအနေ ကောင်းလာသည် မရှိပေ။ စာထဲတွင်လည်း အိပ်ရာထဲမှာ လဲနေသည်ဆို၏။ ကိုရေချမ်းက စိတ်ပူနေသည်။ တစ်နေ့တွင် အမေသည် သူ့ကို လာ၍ တွေ့၏။

"မောင်ချမ်း၊ မင်း သီသီ့ဆီ မသွားဘူးလား"

အမေက သူတို့အကြောင်း သိနေသည်မှာ ကြာလှပေပြီ။

"ကျွန်တော်သွားရင် သူ့အဖေ အမေတွေကို မျက်နှာပူတယ်..."

"သွားသာ သွားပါ၊ ကောင်မလေးက မင်းကို သိပ်တွေ့ချင်နေတယ်၊ တော်တော် မမာဘူး..."

ယခုလိုဆိုတော့လည်း ကဆုန်ပေါက်၍သာ ပြေးလိုက်ချင်သည်။

"ဒီလိုဆို သူ့အမေ အဖေတွေက အိမ်မှာ တွေ့ခွင့်ပြုမှာပေါ့..."

mgyoe.com

mgyoe.com


"အောင်မယ် ဒီအခြေအနေကျမှာတော့ သမီးရှင်တွေက အတွေ့ပေးပါတယ် မောင်ချမ်းရယ်..."

"ဟင်..."

ဘယ်လိုအခြေဆိုသည်ကို ကိုရေချမ်း မတွေးတတ်ပေ။

"ကလေးမ ကြည့်ရတာ အခြေအနေ မဟန်ဘူး..."

"ဘယ်လိုလဲ အမေ၊ အမလေး သီသီ့ရောဂါက သေနိုင်တယ်လား"

"သေနိုင်တာ မဟုတ်ဘူး၊ မင်းကို မင်း မသိဘူးလား။ မိန်းကလေးမှာ ကလေးရှိနေတယ် ထင်တယ်"

"ဟင်..."

သူသည် စကားဆက်၍ ပြောမရတော့၊ ကုတင်ပေါ်တွင် ကျောက်ရုပ်လို ငုတ်တုတ်ကြီးဖြစ်နေသည်။ အမေက သူ့ကို လှောင်သလိုကြည့်၍ အပြင်ထွက်သွားသည်။

"ကလေး... ကလေး ဘယ်လိုလုပ်ရပါလိမ့်"

သူသည် တွေးလို့ မရ။ တွေးတိုင်း ခေါင်းရှုပ်ကာ ပတ်ချာလည် လာသည်။ ဘယ်လိုများ ဖြစ်ရခြင်းပါလိမ့်။ နောက်နေ့ သီသီထံမှ ရေးလိုက်သော စာတွင်လည်း သူ့တွင် ကလေးရှိနေပြီဖြစ်၍ လက်ထပ်ပါရန် ဖွင့်ဟ တောင်းပန်သော စာဖြစ်၏။

ကိုရေချမ်းသည် စာကိုကိုင်းရင်း လက်က ဆတ်ဆတ်တုန်နေ၏။ ယောက်ျားတန်မဲ့ ဟစ်၍ ငိုချင်သည်။ နှမြောလိုက်သည့် ဖြစ်ခြင်း။ နှမြောသည်ဟု ဘယ်လို နှမြောမှန်း မသိအောင်ပင် ဖြစ်၍ နေပေသည်။

အကြောင်းစုံ ပြောပြချင်၍ သူ့ထံ လာရန်ကိုလည်း သီသီက တောင်းပန်ထား၏။

ဖြစ်ရ ဖြစ်ရလေခြင်း။ သူသည် အိပ်ရာထဲမှာပင် ခွေနေ၏။ ဘယ်ကိုမျှ မသွား၊ ဘာမျှ မလုပ်တော့ပေ။

"မင်းကလေးကို မင်းက ခေါင်းရှောင်ချင်သလား"

အမေက လာ၍ ဆူတိုင်း သူသည် ဘာမျှ ပြန်မပြောနိုင်။ နှုတ်ခမ်းများက ဆတ်ဆတ်တုန်၍ နေ၏။

"ပြောချင်ပါရဲ့ အမေရယ်"

ရင်ထဲမှာတော့ ပြန်၍ ပြောနေ၏။

mgyoe.com

mgyoe.com


"ဟော့ကောင် မင်းကောင်မလေးတော့ အရိုးပေါ် အရေတင်ပဲ ဆရာ၊ မင်း ဘာလို့ သွားမတွေ့လဲ။ သူ့အဖေကြီးတွေကလည်း မင်း လာစေချင်တယ်။ ကောင်မလေးကလည်း လူရှေ့မှာတောင် မောင့်ကို ခေါ်ပါ ဖြစ်နေတယ်"

သီသီ အကြောင်းကလည်း ကိုရေချမ်း သူငယ်ချင်းအားလုံးကို ပျံ့နှံ့၍ နေသည်။

အမေတို့ကလည်း ကိုရေချမ်းအတွက် စိတ်ညစ်နေပုံ ပေါက်သည်။ စားခိုင်းလို့လည်း မရ။ သွားခိုင်းလည်း မရပေ။ လက်ထပ်ဖို့ကိုလည်း ခေါင်းခါ၍ နေသည်။

"သစ္စာဖောက် လူယုတ်မာ၊ မင်းဟာ ခွေးနဲ့တူတူပဲ"

အဖေက လာဆူလျှင်လည်း ငို၍သာ နေသည်။

"ကျွန်တော်ဟာ လူအစစ်ပါ အဖေရယ်" ဒါပဲပြန်၍ ပြောတတ်၏။ ဘယ်တော့မျှ မငိုသော သားက ယခုအရွယ်ကြီးတွင် ငိုကြီးချက်မ ဖြစ်နေတော့လည်း အဖေနှင့် အမေတို့က သူ့ကို ဆက်၍ မဆူကြတော့ပေ။

နောက်တစ်ပတ်တွင် သီသီထံမှ စာရှည်တစ်စောင် ရောက်၍လာ၏။ လက်ရေးများမှာ ကသိကရိုနိုင်လွန်းလှ၍ သီသီ့ရောဂါကို သူမှန်းနိုင်ပေသည်။

နောက်နေ့တွင်မူ သီသီ ဆုံးကြောင်း ကြားရတော့သည်။ သူသည် အခန်းတံခါးကို ပိတ်၍ တစ်နေ့လုံး ဘယ်လိုလူနှင့်မျှ အတွေ့မခံတော့ပေ။

* * *

"အဲဒီကတည်းက အစ်မရယ်၊ ကျုပ်ကို လူယုတ်မာအနေနဲ့ သူငယ်ချင်းတွေကလည်း ဝိုင်းပယ်ထားတယ်။ တစ်မြို့လုံးကလည်း လက်ညှိုး တငေါက်ငေါက် ထိုးတာပေါ့။ ကျွန်တော် လူသတ်သမားကြီး ဖြစ်နေတာပေါ့။ စိတ်ဆင်းရဲလိုက်တဲ့ ဖြစ်ခြင်း၊ မပြောနဲ့တော့။ အဲဒီကတည်းက ပေတာဟာ ခုထိပါပဲ။ အဖေ ပေးစားတဲ့ မိန်းမကို ယူတာဟာလည်း စိတ်သက်သာမလားလို့ ပိုတောင် ဆိုးလာသေးတယ်။ အခု ဘိန်းစားတဲ့ ဘဝမှာတော့ အလုပ်လုပ်လို့ ဘယ်ရတော့မလဲ။ ခုဘဝမှာပဲ ကောင်းပါတယ်။ ရေထမ်းပြီး ဘိန်းစား၊ ဘိန်းမှိန်းတုန်း သီသီနဲ့ အမြဲတွေ့ရတာပဲ"

နဖူးမှာ ချွေးပေါက်ကြီးများကို သုတ်ရင်း ကိုရေချမ်းသည် မောဟိုက်နေသလို ဖြစ်နေသည်။ ခုထိ သူ့စကားလုံးများမှာ ပြီးပြည့်စုံခြင်းသို့ မရောက်သေး၍ ကျွန်မ စိတ်ထဲတွင် မကျေနပ်နိုင်ပေ။

mgyoe.com

mgyoe.com


"ဒါလောက် ညတွေမှာ သွားတွေ့နေတော့လည်း သူငယ်ချင်းတွေက ကျွန်တော့်ကို အထင်လွဲမယ်ဆိုလည်း လွဲလောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဟာ လူမသတ်ပါဘူး။ မစော်ကားတတ်ပါဘူး၊ ဒါတွေကိုတော့ ဖွင့်မပြောချင် ဘူး။ ဖွင့်ပြောရင် ကျွန်တော့်ချစ်သူ သီသီ ဂုဏ်ငယ်မှာစိုးလို့ လူ့လောကမှာ ကျွန်တော်သာ လူယုတ်မာကြီးအနေနဲ့ နေခဲ့တာပါ"

"ဒီလိုဆို ဒီကလေးဟာ ရှင့်ကလေး မဟုတ်ဘူးပေါ့"

"ဟင့်အင်း"

"ဘယ်သူ့ကလေးလဲ"

"မေတ္တာသုတ်ကို အော်ကြီးဟစ်ကျယ် ရွတ်နေတဲ့ ဦးလေးကြီးရဲ့ ကလေး ပေါ့ အစ်မရယ်။ သီသီရဲ့နောက်ဆုံးစာထဲမှာ အားလုံး ဖွင့်ရေးထားတယ်။ သူ့စာလည်း ကျွန်တော် ခုထိ သိမ်းထားတယ်"

"ဟင်... ဦးလေးဆို"

"မတော်ပါဘူး၊ မိဘတွေနဲ့ ရင်းနှီးပြီး အိမ်မှာ အတူနေလို့ ဦးလေး ကြီး ဖြစ်နေတာ။ ဝတ္ထုထဲဆိုရင်တော့ ချစ်သူဂုဏ်ကို ဆယ်တင်တဲ့ အနေနဲ့ ကျွန်တော် လက်ထပ်သင့်တာပေါ့လေ။ ဒါပေမဲ့ ရင်ထဲမှာ နာတယ်။ တဆတ် ဆတ်တုန်တယ် အစ်မရဲ့။ ကိုယ်တော့ မတို့ရက် မရှုးရက်တဲ့ ချစ်သူကို ခုလို အဖြစ်ခံရတာ ရင်ကျိုးတာပဲ။ ပြီးတော့ ကျွန်တော်တို့ ယူတယ်ထားဦး၊ ဒီ ဦးလေးကြီးက ဘုရားခန်းကနေ ဘုရားမုက္ခပါဠိတော်တွေ ရွတ်ပြီး ကျွန်တော့် မျက်နှာကို ပြုံးဖြဲဖြဲနဲ့ ကြည့်မှာကို ကျွန်တော် မခံနိုင်ဘူး။ ဒီလို ခွေးမသားကြီး တွေ ယုတ်မာမှုအတွက်ကိုတော့ လက်လျှိုမခံနိုင်ဘူး။ နွား မဖြစ်ချင်ဘူး။ ဒီ နေရာမှာ ကျွန်တော် မှားတယ်ဆိုရင်လည်း သီသီကို တမလွန်လိုက်ပြီး တောင်းပန် ပါ့မယ်။ သမ္မာဒေဝ နတ်ကောင်းတွေကတော့ ကျွန်တော့်ကို ခွင့်လွှတ်ကောင်း ပါရဲ့။ ကဲ... သွားပါရစေတော့"

* * *

သူသည် ခပ်မြန်မြန်ပင် နှုတ်ဆက်၍ အောက်သို့ ပြေးဆင်းသွားသည်။ ကျွန်မ ရင်ထဲတွင်တော့ ဝမ်းနည်းဝမ်းသာ ဖြစ်နေသည်။ ဇာတ်လိုက် ကိုရေချမ်း သည် အများထင်သလို လူယုတ်မာကြီး မဟုတ်သည်ကိုလည်း ဝမ်းသာနေ မိသည်။

mgyoe.com

mgyoe.com


မကြာခင် တဒိုင်းဒိုင်းနှင့် လှေကားမှ ကိုရေချမ်း ပြေးတက်လာပြန်သည်။

"အောက်က ဗိုလ်တဲစောင့် ကိုပုက ပြောတယ်။ အစ်မက စာရေးဆရာဆို"

"နည်းနည်းပါးပါး ရေးတာပါ"

"ကျွန်တော့်အကြောင်း မရေးပါနဲ့ တောင်းပန်ပါတယ်။ ကျွန်တော်ဟာ မေတ္တာသုတ် ဆုံးအောင် မရွတ်တဲ့ ဘိန်းစားပေမယ့် လူမသတ်တာကိုသာ အစ်မသိအောင် ပြောပြတာပါ"

"ဟုတ်ပါတယ်။ ဒါပေမယ့် မေတ္တာသုတ်ကို လူကြားအောင် ကြေးစည်သံ တည်ညည်နဲ့ရွတ်ပြီး မိန်းကလေးတွေကို စော်ကားသတ်နေတဲ့ လူအကြောင်းတော့ ကျွန်မ ရေးရမှာပဲ..."

သူသည် တွေတွေကြီး စိုက်ကြည့်နေရာမှ နှုတ်ခမ်းများကို သိမ်းရင်း...

"ကျွန်တော် သေရင် ရေးပါ။ အသက်ငယ်ငယ်ရှိပေမယ့် ကျွန်တော် ဘယ်လောက် အိုနေပြီလဲ၊ မကြာခင် သေရမှာပါ" ဟု ပြောကာ နောက်ဆုံးစကားသံ တိမ်ဝင်သွား၏။

ယခုတစ်ခါတော့ ခပ်ဖြည်းဖြည်းပင် သူသည် လှေကားမှ ဆင်း၍ သွားသည်။

၁၃၁၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် ကိုရေချမ်း သေဆုံးခဲ့လေသည်။

(မြဝတီ ဒီဇင်ဘာ၊ ၁၉၅၄)

❒

mgyoe.com

mgyoe.com

## ခံပွင့်

ပန်းစံပယ်၊
နန်းလယ်မှာ မပေါ်ခိုက်ဟာမို့
အလိုက်တော် တန်သင့်ရုံပ၊
ခံပွင့်ကိုကုံး။
နန်းရဝေ၊
မန်းမြေ စံပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့တယ်
တောလေ့ရှာသုံး။ ။

ယုံရမှာခက်သော အကြောင်းတို့တွင် ဦးသာကျော် ကျွန်မကို ပြောသောပုံသည် သာ၍ ယုံကြည်ရန် ခဲယဉ်းလှပေသည်။ သူကတော့ သူပြောသော အကြောင်း အရာများသည် ပုံမဟုတ် ဟူ၍ ဆို၏။

"တကယ်ဖြစ်တာပါဗျာ။ မခင်လေးဟာလည်း တကယ်ရှိနေပါတယ်။ ကျုပ်တို့ ယာတောမှာကို ရှိနေပါတယ်..." ဟူ၍ ဆို၏။ သူပြောသောပုံမှာ ရိုး၍ လှပသည်။ တပေါင်းလနှင့်လည်း လျော်ကန် သင့်မြတ်လှပေသည်။ သို့သော်... ရွာ၏ အမည်ကိုမူ မဖော်ပေ။

နေခြည်ပျောက်ချိန်တွင် ယာတောပေါ်သို့ မြူမှုန်လေးများ သမ်းလာပုံကို ပြောပြသောနေရာတွင် လွမ်းဆွတ်ဖွယ်ကောင်း၍ ပန်းချီဆန်လှပေသည်။

* * *

mgyoe.com

mgyoe.com


ကဗျာဆရာတို့က လရောင်ခြည်ကို ငွေရောင်ခြည်ဟုဆိုသော်လည်း ယာတောသူတို့၏ မျက်လုံးတွင် ရွှေရောင်လို ဝါပြေပြေသာ မြင်တွေ့၍ နေပေသည်။ အရှေ့မှ လထွက်လာလျှင် လအိမ်စောင့်နတ်သမီး၏ ဆံပင်များ ပြေ၍ လျှောကျလာသလို လရောင်ခြည်သည် ညွတ်ပျော့၍ မြေသို့ ကျလာသည်။ လရောင်ခြည်နှင့် သိမ်းပြီးစ ယာခင်းပြင်တို့ တွေ့ထိသလို ဤလယ်ယာခင်းပြင်တို့တွင် ဦးသာကျော်တို့ ယာသမားတစ်စုနှင့် သခင်ကျော်ဇေယျတို့ တွေ့ကြသည်ဟု ဆို၏။

ရွာထဲမှာမူ အိမ်ရှေ့တိုင်းလိုလို ဘူးစင်ရှိ၏။ ဘူးစင်များကြားသို့ လရောင်သည် လူးလွန့်၍ ဝင်ရောက်လာတတ်၏။ ရွာပျိုချောတို့ကို လရောင်သည် တိုးဝင်၍ ရှာဖွေနေဟန် ရှိပေသည်။ ဤရွာရှိ အပျိုချောတို့ ဘူးစင်အောက်မှာ ညဦးတိုင်း ထိုင်၍ နေတတ်သည်ဟု ဆို၏။ ရှေးတုန်းကမူ ဤဘူးစင်အောက်တွင် ဗိုင်းငင်ကြသည် ဆိုသော်လည်း ယခုတော့ ဤရွာတွင် ဗိုင်းငင်သည်ကို မတွေ့ရသည်မှာ ကြာလှပေပြီ။

ဤဘူးစင်အောက်တွင် သခင်ကျော်ဇေယျနှင့် မခင်လေးတို့ တွေ့ကြသည်ဟု ဆိုပြန်သည်။ သူသည် လရောင်ခြည်လိုပင် ဤယာတောသို့ တိုးဇွတ် ဝင်လာရင်း မခင်လေးကို တွေ့ရပေသည်။

ခင်လေးမိဘများသည် ယာခင်းရှင် ဖြစ်သော်လည်း ခင်လေးသည် ယာတောတွင် ကြာကြာ မနေတတ်ပေ။ မြို့မှာ ကျောင်းနေသည်က များ၏။ သို့သော်... အိမ်ကို ပြန်ရောက်တိုင်း အမေက ယာတောသူလို နေရမည်ဟု ပြော၏။

နှင်းမှုန်သိပ်သော နံနက်တွင် အစောကြီးထ၍ ဆွမ်းချက်ရ၏။ ယာခင်းသို့ အလုပ်ဆင်းမည့် သူတို့အတွက် အမေနှင့် ထမင်းအတူ ချက်ပေးရသည်။

ညဦးတွင်လည်း လရောင်အောက်တွင် မြေပဲသီးများကို အခွံချွတ်၍ ပေးရ၏။ မြေပဲခွံ ချွတ်နေစဉ်တွင် အမေသည် သူ့ယာတောအကြောင်းကို ခဏခဏ ပြောပြ၏။

"ဘယ်ကိုပဲ ရောက်နေနေ အမေတို့ဆီတော့ ပြန်လာပါ သမီးရယ်..."

အမေသည် စကားပြောတိုင်း မယုံမရဲ ရှိတတ်၏။ အမှန်လည်း သူသည် ခင်လေးကို မယုံ။ ခင်လေးသည် တစ်နေ့သောအခါ ဤယာတောကို စွန့်ပစ်၍ မြို့သို့ ဝင်သွားမည်ဟု အမေက ထင်၏။

mgyoe.com

mgyoe.com


ထင်လည်း ထင်စရာပေပဲ။ လူတိုင်းလိုလိုက ခင်လေးသည် လှပသည်ဟု ဆို၏။ ဤအလှသည် ယာတောနှင့်မတန် ဟူ၍ ဆိုကြပြန်သည်။ အမေကတော့ ထိုစကားများကို ကြားတိုင်း ခေါင်း တွင်တွင် ခါ၏။

"ခက်ပဲခက်ရချည်းရဲ့။ ယာတောက ထွက်တဲ့အလှဟာ ယာတောနဲ့ ဘာလို့ မတန်ရမှာလဲ...။ မိန်းကလေး မကြားပါစေနဲ့...။ မိန်းကလေးကိုယ်ဟာ ယာတော အနံ့နံနေတယ်..." ဟု အမေက ပြောတတ်သည်။

ခင်လေးက ဆရာမ ဖြစ်ချင်သည် ဆို၍သာ အမေက ကျောင်းထားရပေသည်။ မြန်မာလို အလယ်တန်းဆရာဖြစ် ဖြေနေဆဲတွင် ခင်လေးသည် သခင်ကျော်ဇေယျနှင့် သိလာသည်။

သခင်ကျော်ဇေယျသည် သူတို့ရွာသို့ လာနေကျ ဖြစ်သည်မှာ ကြာပေပြီ။ ခင်လေးနှင့်တော့ ယခုမှပင် တွေ့ဆုံကြပေသည်။

ခင်လေးတို့ရွာမှ ယာသမားများကို သခင်ကျော်ဇေယျက လာ၍ စည်းရုံးရသည်ဟု ဆိုသည်။ ယာသမားတိုင်းလိုလိုက သခင်ကျော်ဇေယျကို သိသည်။

ထိုစဉ်က သခင်ကျော်ဇေယျသည် မြေပဲကြော်နှင့် ရေနွေးကြမ်းကိုသာ နှစ်သက်ခဲ့ပေသည်။ ယာခင်းပြင်ကို ကျော်ဖြတ်လာသော ယာတော၏ လေအေးကို နှစ်နှစ်ခြိုက်ခြိုက် ရှူရှိုက်ခဲ့ရ၏။ ချို၍အေးသော တောပန်းရနံ့ ရီးရီးကိုသာ သူ နှစ်သက်ပါသည်ဟု ဆိုသည်။

အမှန်မှာမူ ဘူးစင်အောက်သည် ယာတောကို စာဖွဲ့ရာနေရာ ဖြစ်ပေသည်။ ဤဘူးစင်အောက်တွင် သခင်ကျော်ဇေယျနှင့် ခင်လေး တွေ့ဆုံခြင်းကို အမေကတော့ မနှစ်သက်ပေ။

သို့သော် ဦးသာကျော် ကိုယ်တိုင်က 'ကောင်းသောတွေ့ခြင်း' ဟု ဆိုသည့်အတွက် အမေက မငြင်းဆန်ပေ။ ပင်နီဖျင်ကြမ်းအင်္ကျီနှင့် ပခုက္ကူလုံချည်တို့မှာ သခင်ကျော်ဇေယျသည် ဤယာတောတို့နှင့် မကင်းကွာလှကြောင်းကို ပြနေ၍ အမေက ကျေနပ်ရပေသည်။ သို့သော်... အမေက စိတ်ထဲမှာ ထင့်နေ၏။

"ဘာကိုများ အမေ စိတ်ထင့်ရပါလိမ့်"

အမေတို့ရွာမှ ထွက်သော လမ်းဘေးတစ်လျှောက်တွင် နှင်းဆီအရိုင်းပင်များ အလှေ့ကျ ပေါက်၍နေသည်။ ဤလမ်းလေးမှပင် သခင်ကျော်ဇေယျသည် ခင်လေးကို လှည်းနှင့် ခေါ်ဆောင်၍ လာသည်။ မနက်အစောကြီး ထလာရ၍

mgyoe.com

နှင်းများမှာ လမ်းကို မမြင်နိုင်လောက်အောင် ပိတ်ဆို့၍ နေသည်။ အညာဆောင်း၏ နံနက်ခင်းလေသည် အေးစက်၍ သွက်လက်လှသည်။ ခင်လေးက သခင်ကျော်ဇေယျ ဘေးတွင် ကပ်၍ ကွေးကွေးလေးထိုင်ကာ လိုက်ပါလာသည်။ တောပန်းရနံ့ချိုချိုလေးများသည် ခင်လေးကို နှုတ်ဆက်ကြ၏။ သူသည် အမေ့အိမ်လေးကို မြင်ရနိုးနှင့် လည်ဆန့်၍ ကြည့်သေးသည်။ သို့သော် နှင်းများပိတ်နေ၍ အမေ့အိမ်ကို မမြင်ရသည့်အခါဝယ် သခင်ကျော်ဇေယျဘေးတွင် ပု၍ ငြိမ်နေလိုက်သည်။ မျက်လုံးထဲတွင်မူ မျက်ရည်များက ဝိုင်း၍ နေပေသေးသည်။

အမေကတော့ ဘုရားပင် ဖြောင့်အောင် ရှိမခိုးနိုင်ပေ။ လှည်းသံ ပျောက်သည်အထိ နှင်းထုထဲသို့ မျှော်၍ကြည့်၏။

"အမေတော့ ရွာအပြင်ထွက်တဲ့လမ်းကို ဘယ်တော့မှ မရောက်ဖူးဘူး" ဟု အမေသည် မိန်းမဖော်လေးကို ပြောပြနေသည်။ ယခုမူ ဤလမ်းဘေးမှ သမီး ထွက်သွား၍ အမေသည် ထိုတောလမ်းရှိရာသို့ ခြေဦးမျှပင် မလှည့်တော့ပေ။

ဦးသာကျော်သည် သူ့ပုံပြင်ကို ခင်လေး လိုက်သွားသည့်အခန်းတွင် ခဏရပ်၍ ထား၏။ သူ့မျက်လုံးထဲတွင် နှင်းမှုန်များ ဖုံးအုပ်နေသော ယာတော၏ နံနက်ခင်းကိုပင် မြင်၍ နေလေသလား။ ဘာအကြောင်းကြောင့် ရပ်နေသည်ဟူ၍တော့ ဖွင့်ဟ မပြောပေ။ နောက်တစ်ခန်းဆက်တွင်မူ တပေါင်း၏ပန်းချီနှင့် ထိုပန်းချီကားအောက်တွင် လှုပ်ရှားမှုများအကြောင်းကို ဆက်၍ ပြောပြန်သည်။

တပေါင်းသည် ဟောင်း၍သစ်သောလ ဖြစ်၏ဟု သူ ရိုးရိုးပင် ဆိုပါသည်။ အိုမင်းရင့်ရော်သော ရွက်ဟောင်းတို့သည် မကြာခင်ကပင် မြေသို့ လျှောကျသက်ဆင်း၍ လာကြ၏။ ရွက်အိုတို့သည် တစ်ခါကမူ အကိုင်းများထက်တွင် သူတို့၏ လှပတင့်တယ် ပျိုမျစ်ခြင်းများကို လောကသားတို့အား ပြခဲ့ပေသည်။ ကောင်းကင်လေသည်သာလျှင် သူတို့၏ ရှုရှိုက်ရာ ဖြစ်ခဲ့ပေသည်။

"ယခုတော့လည်း အိုမင်းရင့်ရော် လာပြီဆိုတော့ ဆိုးလိုက်သည့် ကံကြမ္မာပေပဲ။ မြေတွင် ခဏရပ်နား၍ အဘိုးအိုသည် တရားရိပ်တွင် ခိုအောင်းသလို ခဏတာတော့ မသေခင် နားလိုက်ချင်ပါရဲ့"။ သို့သော် ပူပြင်း၍ သွက်လက်သော လေက ရွက်အိုရွက်ဟောင်းများကို မောင်း၍ထုတ်၏။ ပင်အောက်တွင် အနားမရဘဲ လေမောင်းနှင်ရာသို့ ပြေးကြရပြန်သည်။

mgyoe.com

mgyoe.com

ရွက်ဟောင်းများသည် မြေတွင် ပြန့်ကျဲ၍ ဖရိုဖရဲ ပြေးလွှားကြရင်း သစ်ပင်များထက်သို့ မော်၍ကြည့်၏။ အကိုင်းများပေါ်တွင်မူ သစ်လွင်သော ရွက်နုများသည် ဝတ်လွှာအစိမ်းနုများကို လွှမ်းခြုံ၍ နေရောင်ခြည်တွင် လှပလေစွ။ တောတန်းဆီမှ တပေါင်းလေရူးသည် တောပန်းတို့၏ ရနံ့တို့ကို စုပေါင်းသယ်ယူလာ၏။ ရွက်ဟောင်းကြီးများသည် ငယ်စဉ်က သူတို့ဘဝကို ပြန်လည်အောက်မေ့မိ၏။ လူသားသာဆိုလျှင်လည်း မျက်ရည်တောက်တောက် ယိုလိုက်ပါ၏။ သူတို့ လောကကို ထွက်ပြူစတုန်းကလည်း ဤလိုပင် တပေါင်းလမဟုတ်ပါလော။ ပျိုမြစ်သစ်လွင်သော အရွယ်တွင် နေရောင်ခြည်ကိုလှုံ၍ တောပန်းရနံ့တို့ ပြွမ်းသော ကောင်းကင်လေကို ရှူရှိုက်ရသည်မှာ ဘဝ၏ နိဗ္ဗာန်ပေတည်း။ ယခုတော့ လေတိုက်လိုက်တိုင်း ပြေးရလွှားရသည်မှာ မောလှပါတကား။

ဤသို့ အဟောင်းများ ကြွေလျော၍ အသစ်တို့ ပြန်လည်မွေးဖွားလာချိန် ဝယ် ဦးသာကျော်တို့ရွာတွင် တော်လှန်ရေးသည်လည်း ပေါက်ဖွားလာခဲ့သည်ဟု ဆို၏။ တောတန်းနှင့်မဝေးသော ဤရွာပြင်လမ်းအနီးတွင် ဂျပန်ကိုတိုက်ရင်း ကျဆုံးသွားသော ရဲဘော်ရွာသားတို့၏ သွေးကွက်များလည်း ရှိသည်ဟူ၍ ဦးသာကျော်က ဆိုပြန်သည်။

"သခင့်မိန်းမ ဘဝတုန်းက သူ့ယောကျ်ား နိုင်ငံရေးကို လွတ်လွတ်ကျွတ်ကျွတ် လုပ်နိုင်ဖို့အတွက် ခင်လေးဟာ ကျောင်းဆရာမလေး လုပ်ရတယ်။ အမေ့ရွာကိုတောင် ပြန်မလာနိုင်ဘူး။ ခုတော့ တော်လှန်ရေးအတွက် သူ့ယောကျ်ားကို ကူညီဖို့ ရွာကို ခင်လေး ပြန်လာခဲ့တယ်"

ဤနေရာတွင်လည်း ဦးသာကျော်သည် သူ၏ ပုံပြင်ကို ခပ်ဆန်းဆန်း ပြော၍ ပြပြန်၏။

ရွာအပြန် လမ်းဘေးရှိ လက်ပံပင်ကြီးအောက်မှ ထမင်းတောင်းကို ရွက်ကာ ခင်လေးသည် သခင်ကျော်ဇေယျနှင့် သူတို့ရှိရာ တောအုပ်ငယ်အတွင်းသို့ လာရသည်ဟု ဆို၏။ "တစ်ခါ တစ်ခါတော့လည်း တခြားရွာသားတွေကို ပို့ခိုင်းတယ်"

လက်ပံပင်ကြီးအောက်တွင် ခင်လေးခြေရာများသည် ချောင်းဖြစ်လုအောင် ခေါက်တုံ့လူးလာ လာခဲ့လေသည်။ ရွက်ဝါကြွေများသည်လည်း နေရောင်ကြောင့်

mgyoe.com

သွေ့ခြောက်ရသည့်အထဲတွင် ခင်လေး၏ ခြေထောက်အောက်တွင် ကြွေမှုပျက်စီးလာရပြန်သည်။

"သခင်ကျော်ဖေယျာကို ခင်လေး ဘယ်လိုကူညီခဲ့တယ်ဆိုတာ အမှန်အတိုင်း သိချင်ရင် အဲဒီလက်ပံပင်ကြီးနဲ့ မြေကြီးကို မေးကြည့်ပါလား"

အလို... ကျွန်မသည် ဦးသာကျော်စကားကို အံ့သြရပြန်သည်။

"လက်ပံပင်ကြီးနဲ့ မြေကြီးကို"

"ဟုတ်ပါတယ်။ လူဆိုတာတွေက အမှန်ကို ပြောခဲပါတယ်၊ မြေကြီးကတော့ မလိမ်ပါဘူး။ သမိုင်းရေတွေနဲ့ ဖောက်ပြန်ပြောင်းလဲနေတဲ့ အကြောင်းတွေကို အစဉ် စောင့်ကြည့်နေတာ မဟုတ်လား"

ကျွန်မသည် ဦးသာကျော်၏ မျက်လုံးများကို စိုက်၍ ကြည့်မိပြန်သည်။ သူ့မျက်လုံးများသည် ကောင်းမွန်စွာ တောက်ပနေ၍ သူ့စကားကို သံသယကင်းစွာ ဆက်၍ နားထောင်နေလိုက်သည်။

လူသားများ၏ ဖောက်ပြန်ပြောင်းလဲမှုကို လည်းကောင်း၊ အဖြစ်မှန်စိတ်ရင်းကို လည်းကောင်း၊ မြေကြီးသာလျှင် အသိဆုံး ဟူ၍ ဆို၏။ ရွက်ဟောင်းများကို တပေါင်း၏လေပူသည် မောင်းနှင်ရှင်းလင်းပစ်သလို တော်လှန်ရေးသည် ဖက်ဆစ်၏ ဟောင်းနွမ်းဆိုးယုတ်မှုများကို အပြင်းအထန် တိုက်ထုတ်၍ ပစ်လေသည်။

ထိုသောအခါ ဖက်ဆစ်သွေးသည်လည်း မြေသို့ကျ၏။ တော်လှန်ရေး၏ သားများ သွေးသည်လည်း မြေသို့ကျ၏။ သို့သော်... ဘယ်သွေးစက်များသည် ဖက်ဆစ်၏သွေး၊ ဘယ်သွေးကွက်များသည် တော်လှန်သူတို့၏သွေး ဟူ၍ မြေကြီးသည်သာလျှင် ပို၍ သိပါ၏ဟု ဆိုလေသည်။

တော်လှန်သူတို့သည် ပြေးကာလွှားကာ တိုက်ခိုက်ရင်း သူတို့ခြေရာများသည်လည်း မြေပေါ်တွင် နစ်၍နစ်၍ ကျန်ရစ်၏။ တစ်ခါတစ်ရံ ပမာဒလေခ ချွတ်ယွင်း၍ မှတ်တမ်းတင်သူတို့က တော်လှန်သူအစစ် အချို့တို့အား မှတ်တမ်းတွင် မတင်ရစ်မိသော်လည်း မြေကြီးကမူ ဘယ်သူသည် တော်လှန်သူအစစ်ဆိုသည်ကို သိသည်ဟု ဆိုပေသည်။

တော်လှန်ရေးပြီး၍ အေးချမ်းသောအချိန်တွင် တော်လှန်ရေးတွင် ပါဝင်သူတို့အား အခွင့်အရေး ပေးခဲ့၏။ ဤအချိန်တွင်လည်း ရောင်တော်ပြန်တို့က 'သူတို့သည် ဖက်ဆစ်ကို တော်လှန်ခဲ့ပါသည်' ဟု လက်သီးလက်မောင်းတန်းကာ

mgyoe.com

mgyoe.com

အခွင့်အရေး ဆိုကြလေသည်။ ထိုသောအခါ မြေကြီးသည် ဟက်ဟက်ပက်ပက် ရယ်၏။ မြေသားသည် ပုထုဇဉ်မျှသာတည်း။

* * *

မိုးရာသီစ၍ လာလျှင် လေသည် လေပူလေရမ်းများ မဟုတ်တော့ပေ။ တောင်ဘက်မှသာ တစ်သမတ်တည်း တိုက်ခတ်၍ လာလေသည်။

အက်ကွဲ၍ မာကျောသော မြေတို့သည်လည်း စိုထိုင်း၍ ညိုလာ၏။ ရေတွင်လည်း မိုးသက်နှင့် ရေငွေ့တို့ပါ၍ လာလေသည်။

ပန်းပွင့်တို့သည်လည်း အိပ်ရာမှ နိုးကြကုန်၏။ သစ်ပင်အားလုံးသည် မိုးစက်အောက်တွင် စိမ်းလန်းလာကြလေသည်။

တပေါင်း၏ ပူပြင်းခြင်းနှင့် ပြင်းထန်စွာ ပြောင်းလဲခြင်း၏ နောက်ပိုင်းတွင် မိုးဦးကဲ့သို့ သိပ်သည်း၍ အေးချမ်းသောဥတု လာရသည်မှာ ဓမ္မတာပေတည်း။

ဤသို့ မိုး၏အစတွင် ခင်လေးသည် ဒုတိယအကြိမ် သခင်ကျော်ဖေယျ ထံသို့ လိုက်ဖို့ ပြင်ရပြန်သည်။

ယခုတစ်ခါ သွားရသည်မှာ ရန်ကုန်သို့ ရောက်မည်ဖြစ်၍ အမေ့ကို ခေါ်သော်လည်း အမေက မလိုက်ပေ။

မိုးဦးကျစဖြစ်၍ ရွာလမ်းသည် ဖုန်မထူတော့ပေ။ လှည်းဘီးများသည် မြေအိအိပေါ်တွင် နစ်၍နစ်၍ သွား၏။ အမေသည် အိမ်ဝမှာပင် မျက်စိတဆုံး မျှော်၍ ကြည့်၏။ လှည်းလမ်းကြောင်းနှစ်ခုသည် အမေ့ရှေ့မှ ရှည်၍ရှည်၍ ထွက်သွားကြသည်။

ဦးသာကျော်တို့ လူစုကတော့ သခင်ကျော်ဖေယျတို့အား ရွာသားတို ကျဆုံးသော တောတန်းလေးနားအထိ လိုက်၍ပို့၏။

ပထမတစ်ခါ ထွက်ခွာစက နှင်းဖုံးနေ၍ ရွာကို မမြင်ရပေ။ ယခုတစ်ခါ မူ မျက်ရည်ဖုံးနေ၍ ခင်လေးသည် ရွာကို မျှော်ကြည့်သော်လည်း မမြင်ရပေ။ တောတန်းမှာတော့ မိုးရေကြောင့် သစ်ရွက်များ စိမ်းလန်းလာကြ၏။

ချိုသော ပိတောက်၏ ရနံ့တို့သည်လည်း တောတန်းတစ်လျှောက်တွင် လှိုင်နေပေသည်။ အားလုံးသော သဘာဝသည် မိုးတစ်ဖြိုက် ရွာအပြီးတွင် ပြန်လည်သစ်ဆန်းလာသလို ရှင်လန်း၍ နေပေသည်။

mgyoe.com

mgyoe.com


"အားလုံးကတော့ သစ်နေသလိုပဲ၊ ဒါပေမယ့် လေက စိုထိုင်းထိုင်းကြီး အစ်ကိုရယ်" ဟု ခင်လေးက ပြောလိုက်သည်။

"အေးပေါ့… အားလုံးတော့ ဘယ်ပြောင်းလဲမလဲကွယ်၊ တစ်ခုခုတော့ စိုထိုင်းထိုင်းကြီး ဖြစ်နေဦးမှာပေါ့"

အားလုံးသော သစ်ပင်လေးများက ထိုးထိုးထောင်ထောင် လှုပ်လှုပ်ရှားရှားနှင့် သူ့ကို နှုတ်ဆက်၏။ မိကျောင်းနွယ်ပန်းများကလည်း ဖွေး၍နေသည်။ သူသည် လက်ကိုဝှေ့ယမ်းကာ ပန်းဓလေးများကို နှုတ်ဆက်လိုက်မိသည်။ ယခုလို အသိုင်းအဝိုင်းများမှ ခွဲထွက်သွားရတော့လည်း ဝမ်းနည်းသလိုလို ဖြစ်လိုက်မိ၏။ မြင့်သော လက်ပံပင်ကြီးကို ဖြတ်ကျော်အသွားတွင်မူ သူသည် မော့၍ မကြည့်တော့ပေ။

* * *

ခင်လေး ထွက်ခွာသွားပြီးမှ သူ့ကိုယ်စား အမေ့ထံသို့ စာများ လာခဲ့လေသည်။ ဦးသာကျော်က ခင်လေးထံမှ စာလာတိုင်း အမေ့ကို ဖတ်ပြရ၏။ စာများ လာသည်မှာ တစ်စောင်နှင့်တစ်စောင် ဝေးကွာလွန်း၍ အမေသည် သူ့ကိုများ သမီးလေးက မေ့သွားပြီလားဟု ထင်သည်။

စာတစ်စောင်တွင်မူ သူ့ဘဝကို ခင်လေးက ဖော်ပြလိုက်၏။

**အမေရယ်…**

ဟိုတုန်းကတော့လည်း သူ နိုင်ငံရေး လွတ်လွတ်ကျွတ်ကျွတ် လုပ်နိုင်အောင်လို့ ဆရာမ လုပ်နေရတာနဲ့ မအားရဘူး။ အခုတော့ အမေ့သမီးဟာ သခင့်မိန်းမ မဟုတ်တော့ဘူး။ အစ်ကိုတစ်ယောက် ပါလီမန်အတွင်းဝန် ဖြစ်သွားပြီ။ ဒါပေမယ့်လည်း မီးဖိုချောင်ထဲက မထွက်ရလို့ အမေ့ဆီ စာမရေးနိုင်ဘူး အမေရယ်။

ဒီစာ ရေးနေတုန်းလေ၊ အစ်ကို တင်းနစ်ရိုက်ရာက ပြန်လာလို့ သမီး လိမ္မော်ရည် ဖျော်ပေးရဦးမယ်။ အစ်ကိုလေ အခု ကျန်းမာရေး အတွက် နေ့တိုင်း တင်းနစ်ရိုက်တယ် ။

ပြောင်းလဲတာတွေကို အမေ့ ပြောပြရဦးမယ်။ အခု အစ်ကို တင်းနစ်သွားရိုက်တဲ့ အိမ်ဟာလေ ပဂ္ဂိုတို့အိမ် အမေရဲ့။ အစ်ကိုက ပြောတယ်။ ပဂ္ဂိုတို့ဟာ အစ်ကိုနဲ့ တစ်မြို့တည်း သူငယ်ချင်းတဲ့။ ဒါပေမယ့် အစ်ကို သခင်ကျော်ဇေယျ ဘဝတုန်းကဆိုရင် လှည့်လို့တောင်

mgyoe.com

mgyoe.com


မကြည့်ဘူးတဲ့။ အစ်ကိုတို့ဟာ လူရုပ်တွေ၊ သခင်ဆင်းရဲတွေ ဆိုပြီး အစ်ကိုတို့ကို အဖက်မလုပ်ဘူးတဲ့၊ အခုတော့ အစ်ကို့ကို သူတို့အားလုံး ခင်မင်ပါတယ်လေ။ ဒါကြောင့် သမီးလည်း ဝမ်းသာပါတယ် အမေရယ်။

ဦးသာကျော်သည် စာကို ခဏရပ်နား၍ အမေ့ကို လှည့်ကြည့်လိုက်သည်။ အမေ့မျက်လုံးတွင် တစ်စုံတစ်ခု နားမလည်သလိုဟန် ပေါက်နေသည်။

ဦးသာကျော် စာဖတ်စဉ် အမေက "တင်းနစ်" နှင့် "ပဂ္ဂီ" ဆိုသည်မှာ ဘယ်လို အဓိပ္ပာယ်ရှိသည့်အကြောင်း ဦးသာကျော်ကို မေး၍ မေး၍ ကြည့်ရ၏။ စာကို ဆက်ဖတ်ပြန်သည်။

"နေ့လယ်ဆိုလည်း အမေရယ် ပေါင်မုန့်ထောပတ်သုတ်နဲ့ ကော်ဖီကို အစ်ကို့ဆီပို့ရတော့ နေ့ခင်းမှာလည်း မအားနိုင်ဘူး။ အမေ့ဆီကို လာလည်း လာချင်တယ်။ ငွေလည်း ပို့ချင်တယ်။ ဒါပေမယ့် သခင်က ဖြစ်လာတဲ့ အတွင်းဝန်ဆိုတော့ ကျွေးရ၊ မွေးရတာနဲ့ မနားရဘူး အမေ...၊ ငွေကလည်း ပိုလှတယ် မရှိဘူး"

အမေက စာဖတ်ရင်း ပြုံး၏။ သမီးသည် သူ့ကို ဒါလောက် သတိရလျှင်ပဲ ကျေနပ်ပါပြီ။

ဦးသာကျော်ကတော့ သခင်ကျော်ဇေယျ သူတို့ဆီ တစ်ခေါက်တလေ လာစေချင်သည့်အကြောင်း ပြော၍နေသည်။ သခင်ကျော်ဇေယျ မလာသည်မှာ သွားကတည်းက ယခုအထိဆိုလျှင် (၄) နှစ်တိတိ ရှိသွားပေပြီ။ နောက်လများတွင် ခင်လေးထံမှ စာများ ခဏခဏ ရောက်သည်။

"အမေရယ် ခုတစ်လောတော့ အလုပ်အားတာနဲ့ စာခဏခဏ ရေးနိုင်တယ်။ အစ်ကိုက အိမ်မှာ သိပ်မရှိတော့ အလုပ်အားတာပေါ့ အမေရဲ့။ သူ့ တင်းနစ်ပိုရိုက်တယ် ထင်ပါရဲ့၊ ည ဆယ်နာရီ၊ ဆယ့်တစ်နာရီလောက်မှပဲ အိမ်ကို ပြန်လာတယ်"

အမေသည် ယခုတလော သမီးထံမှ စာခဏခဏလာ၍ ပျော်၏။ သမီးလေးများ ကိုယ်တိုင်လာလျှင် ဘယ်လောက် ပျော်လိုက်မည်နည်း။ နောက်တစ်ခါ ရောက်လာသောစာကို အမေက ဘယ်လို အဓိပ္ပာယ်ကောက်ရမှန်း မသိပေ။ ဦးသာကျော်ကတော့ အသံတုန်နေသည်။ ခင်လေးက စာရေးတိုင်း အစချီပုံကိုက "အမေရယ်" ဟူ၍ တိုင်တည်သံလိုလို၊ အားကိုးသံလိုလို စ၍ စ၍ ရေးတတ်သည်။ ယခုစာကလည်း အမေ့ကို တိုင်တည်သံပေလား။

mgyoe.com

mgyoe.com


**အမေရယ်**

သမီး ရှိသေစွာ စာရေးလိုက်ပါတယ်။ တပေါင်းလဆန်းရင် အမေ့ဆီကို သမီး ပြန်လာခဲ့မယ်။ အမေနဲ့ ဦးသာကျော် ရွာပြင်လမ်းက လာပြီး ကြိုနေပါ။

"ဟယ်... အမလေး... သမီးပြန်လာမယ်"

အမေက ထိုစာပိုဒ်ကို ကြားရချိန်တွင် ပျော်လွန်း၍ အသားများ ဆတ်ဆတ်တုန်နေသည်။

သမီးလေး ဒီတစ်ခါ အမေနဲ့အတူ နေသွားတော့မယ်။ အမေ့ကိုရော၊ ယာတောကိုရော သမီး ဘယ်တော့မှ မခွဲဘူး။ သမီး ပြန်လာမယ့်အကြောင်းကိုလည်း ဘယ်သူ့မှ မပြောနဲ့နော်။

ဦးသာကျော်ကမူ စာကို ခဏရပ်ထား၏။ ဤစာ၏ အဓိပ္ပာယ်မှာ ဘယ်လိုများပါလိမ့်။

အမေရယ် ဝမ်းမနည်းနဲ့နော်၊ အပြောင်းအလဲဆိုတာက လောကရဲ့ ဓမ္မတာဆိုတာ အမေ သိပြီးသားပါပဲ။ ပြောင်းလဲတတ်တဲ့ သဘောကို ထာဝရတရားအဖြစ် ယူဆထားတဲ့ သမီးစိတ်ကသာ မှားတာပါ အမေ။

ဤနေရာတွင် အမေက ဦးသာကျော် လက်ကို ခဏ ဖမ်းကိုင်ထားလိုက်တာ "သူ ဘာကို ရေးနေတာလဲကွ" ဟု မေးပြန်သည်။ ဦးသာကျော်သည် ခေါင်းကို ဖြည်းဖြည်း ခါလိုက်ကာ ဆက်၍ ဖတ်ပြန်သည်။

အစ်ကိုလေ သိလား၊ အစ်ကိုရယ် ပဂ္ဂိနဲ့ နက်ဖြန်ခါ လက်ထပ်ကြတော့မယ်။ သမီး ဒီမှာ ဘယ်လိုနေလို့ ဖြစ်မလဲ။ သမီးမှာ အပြစ်တွေ အများကြီး ရှိတယ်လို့ အစ်ကိုက ပြောတယ်။ ဘယ်လိုအပြစ်တွေ ရှိသလဲလို့ သမီး သိချင်လိုက်တာ၊ အစ်ကို့ကို မမေးရဲလို့ မမေးတော့ဘူး အမေ။ ကိုယ့်အပြစ် ကိုယ် မသိတာကိုက သမီးရဲ့အပြစ်ပဲ ထင်ပါရဲ့။ အဲဒီ ပဂ္ဂိဆိုတာဟာလေ အမေ မှိုတ်မိမှာပေါ့။ တစ်ခါက အစ်ကို ပြောတဲ့ "တို့များ သခင်ဘဝတုန်းကဆိုရင် တို့ကို လှည့်မကြည့်ဘူး။ သခင်စုတ်၊ သခင်ဆင်းရဲတွေ ဆိုပြီး နှာခေါင်းရှုံ့တယ်" ဆိုတဲ့ မိန်းမပေါ့ အမေ။

သမီး ပြန်လာခဲ့မယ်၊ ဆက်ဆက်ကြိုပါ။

**ကျမ်းမာ ချမ်းသာပါစေ။**

**သမီးခင်လေး**

mgyoe.com

mgyoe.com

ဦးသာကျော်က စာရွက်ကိုကိုင်ကာ ငိုင်နေသည်။ အမေကတော့ ပြုံး၍ နေ၏။

"သမီးပြန်လာတာဟာ မှန်တာပေါ့ မောင်သာကျော်" ဟု ဆို၏။

"မဟုတ်ပါဘူး အမေရယ်... တစ်ခုခုတော့ တစ်ခုခုပဲ။ သူတို့ အဟောင်းကို အားလုံးများ စွန့်ပစ်ကြပြီလား။ တကယ်ဆို ခင်လေးဟာ သခင်ဘဝတုန်းက ဒုက္ခအတူခံပြီး လုပ်ကျွေးခဲ့တာတွေ၊ တော်လှန်ရေးတုန်းက ကူညီခဲ့တာတွေကို တော့ ထောက်ဖို့ ကောင်းပါသေးတယ်။ သူတို့ဟာ လုပ်ဖော်ကိုင်ဖက်တွေ မေ့ရက်လိုက်တာ"

"အို... ဒါတွေ ဘာမှ မပြောပါနဲ့ကွယ်။ သမီးလေးမှာ အပြစ်ရှိတယ် တဲ့။ ဒီအပြစ်ကို ကျေးဇူးတင်လိုက်တာ။ သမီးလေး ပြန်လာတော့မယ်။ ယောကျ်ားဆိုတာက သူတို့ မြတ်နိုးလာရင် အပြစ် တောင်လိုပုံနေပေမယ့် မမြင်ဘူးကွယ့်။ မုန်းလာပြီဆိုရင် မြူမှုန်လောက်ကို မြင်းမိုရ်တောင်လို အကျယ်ချဲ့တာပဲ။ ဘုရားမလို့ သမီးလေး ချောချောမောမော ပြန်ရောက်ပါစေ"

အမေသည် လက်နှစ်ဖက်ယှက်ကာ ဘုရားကိုလည်း တ၏။ ပါးစပ်မှလည်း ပြုံးသည်။ မျက်ရည်များလည်း လည်၍ နေသည်။

* * *

ခင်လေး ပြန်ရောက်မည့် ညနေစောင်းတွင် အမေနှင့် ဦးသာကျော်လည်း ရွာပြင်လမ်းတွင် စောင့်၍နေသည်။ ဘယ်တုန်းကမျှ ရွာပြင်လမ်းသို့ မထွက်သော အမေသည် ယခုတစ်ခါ ပထမဆုံး ရောက်လာခြင်း ဖြစ်၏။

တောတန်းတစ်ထောင့်မှ လှည်းရိပ်မည်းမည်း ထွက်လာလျှင် အမေ့ရင်များသည် တဆတ်ဆတ် ခုန်၍ လာသည်။ ဤလမ်းမှပင် သမီးလေး ထွက်သွား၍၊ ဤလမ်းမှပင် ပြန်လာခဲ့သည်။ နေရောင်သည် အပူရှိန်လျော့၍ ရွှေရောင်ဖျော့ဖျော့လေးသာ တောတန်း သစ်ပင်ထိပ်များပေါ်တွင် တင်နေရစ်သည်။ ချုံတန်းများ၏ အောက်ခြေတွင်တော့ မြူများ ဆိုင်းစပြုလာသည်။

"ဒီနေရာမှာပေါ့ အမေ၊ ရွာသားသုံးယောက် ကျတာ" ဟု ဦးသာကျော်က ပြော၏။ သူညွှန်ပြသော လက်ပံပင်ကြီးအောက်တွင်တော့ သွေးစက်များ မရှိတော့ပေ။ လှည်းသည် သူတို့အနား ရောက်လာ၍ လက်ပံပင်အောက်တွင် ရပ်လိုက်၏။

mgyoe.com

mgyoe.com


ခင်လေးသည် လှည်းနောက်မြီးမှ ခုန်ဆင်း၍ အမေ့ဆီကို ဖြည်းဖြည်းလျှောက်လာသည်။ အမေ့လက်များကို သူက တင်းတင်းကျပ်ကျပ် ဆုပ်ထားသည်။ အမေသည် စကားတစ်လုံးမျှ မပြောနိုင်ပေ။

"သမီး ပြန်လာပြီ အမေ..."

တစ်ခါမျှ မတွေ့ဘူးသည့် လူတစ်ယောက်ကို ကြည့်သလို အမေသည် ခင်လေး၏ ပခုံးကို ကိုင်၍ မျက်နှာကို စေ့စေ့ကြည့်၏။

"နောက်တစ်ခါ ပြန်မသွားနဲ့နော် သမီး"

ခင်လေးသည် ခေါင်းကို ဖြည်းဖြည်းညိတ်လိုက်၏။ သူ့မျက်လုံးမှ မျက်ရည်များသည် မြေပေါ်သို့ ခုန်၍ ကျသွားကြသည်။ ဤမြေကွက်မှာ ရွာသားတို့ ကျဆုံးစဉ်က သွေးစွန်းခဲ့သော နေရာဖြစ်သည်။

ရွာသို့ အဝင်လမ်းအတိုင်း လမ်းလျှောက်၍ လာကြသည်။

ဤမျက်ရည်စက်များ ကျသောနေရာတွင် ယခုအပေါ် ခံပန်းချုံတို့သည် အစုလိုက် ပေါက်နေသည်ဟု ဆို၏။

သို့သော် ထိုခံပွင့်များသည် ခင်လေး၏ အသည်းနှလုံးကိုပင် ကိုယ်စားပြုလေသလော၊ ကျဆုံးသွားရရှာသော ရဲဘော်တို့၏ သွေးစက်ကိုပင် ကိုယ်စားပြုလေသလော ဆိုသည်ကိုမူ ဦးသာကျော်က ဖွင့်ဟ၍ ပြောမသွားပေ။

**(ဤဝတ္ထုတွင် ပါသော သခင်ကျော်ဖေယျမှာ မုံရွာ သခင်ကျော်ဖေယျ နှင့် လုံးဝ မပတ်သက်ပါ။)**

**(မြဝတီ၊ မတ် ၁၉၅၅)**

▢

mgyoe.com

mgyoe.com

## လမင်းနှင့်တိမ်တိုက်

"ငွေနှင်းမှုန်ရီ ဝေဝေစီ၊ မြောက်လေဆော်သွေး အေးတဲ့လရာသီ၊ သမယ ခါမို–ပြာသိုစွာညို ညာစို စိမ်းလဲ့လန်း... ရွှေနန်းတော်တွင်း လဲ့လဲ့ဝင်း မှုရာပလီ"

ဒီသီချင်းဟာ ဘယ်ကများ လွင့်လာပါလိမ့်၊ ပတ်ဝန်းကျင် အသွင်အပြင် တွေကလည်း ဆောင်းဝင်တော့မဲ့ဟန် ပြောင်းလဲစ ပြုလာကြပြီ။ သူတို့ အသည်း နှလုံးထဲမှာ ဒီသီချင်းဟာ ကျုပ် မရှိတော့တဲ့နောက်မှာတောင် စွဲကျန်ရစ်ခဲ့သေး တယ် ဆိုတော့ နှစ်သိမ့်စရာဘဲပေါ့။ ဒီသီချင်းကို ကျုပ်ရေးခဲ့တာကိုး။

နွေရိပ်အောက်မှာ အပန်းဖြေကြတဲ့ စစ်သားတစ်စုကလည်း သီချင်း တစ်ပုဒ်ကို သီဆိုနေကြသည်။

"ကိုယ်တိုင်လှရာရာရွေးလို့ ဆင်မပေးရ၊ ဆံမြညာကေ၊ စစ်မြေမှာ ကြာ ညောင်းရက်ရှေ၊ ရောက်မယ်အထင်နဲ့ မျှော်တဲ့ပူဇျာပွေ၊ တတွေးတွေး ဆွေးရှာ ရှော့မယ်လေ"

စစ်သားကြီးရဲ့နွမ်းနယ်နေတဲ့ နှလုံးသားတွေဟာ ကျုပ် ရေးစပ်ခဲ့တဲ့ သီချင်းကို သီဆိုဟစ်ကြွေးလိုက်ရလို့ အပန်းပြေတန်ကောင်းပါရဲ့။

သီချင်းသံတွေဟာ လေထဲမှာ လွင့်ပျံ့မြူးနေလို့ ဘယ်သီချင်းဟာ ဘာ အကြောင်း ပါလိမ့်မလဲလို့ မတွေးတောနိုင်တော့ဘူး။ နှင်းမှုန်တွေ အကြောင်းလဲ ပါရဲ့၊ မိုးဖွားနဲ့ လေအေးလေးတွေ အကြောင်းလည်း သူတို့ သီဆိုနေကြတာပဲ။ ကျုပ်ကတော့ ကျုပ် ဘာတွေ ရေးခဲ့တယ် ဆိုတာတောင် သတိမရချင်တော့ဘူး။

ဒါပေမယ့် ကျုပ် ရင်ထဲမှာ ပျော်ရွှင်နှစ်သိမ့်လို့ မဆုံးဘူး။ သူတို့အားလုံး

mgyoe.com

mgyoe.com


ပဲ သူတို့ရဲ့နွမ်းနေတဲ့ နှလုံးသားတွေ၊ ရွှင်မြူးနေတဲ့နှလုံးသားတွေကို ပုံဖော်ရာမှာ ကျုပ် သီချင်းလေးတွေကို ကိုယ်စားပြုတဲ့အတွက် ကျုပ် အားရလို့ မဆုံးဘူး။

ကလေးတွေကလည်း ကျုပ်သီချင်းကို လမ်းပေါ်မှာ ဟစ်အော်ပြီး သီဆိုသွားကြတယ်။ ချစ်သူကို လွမ်းနေတဲ့ မိန်းမပျိုရဲ့ နှုတ်ခမ်းဖျားမှာရော၊ ရန်သူကို အားကြိုးမာန်တက် နှိမ်နင်းနေတဲ့ စစ်သည်တော်တွေရဲ့ နှုတ်ဖျားမှာရော၊ အချစ်ကြောင့်ပဲ ရွှင်လန်းနေတဲ့သူငယ်၊ သူငယ်မတို့ရဲ့ နှုတ်ခမ်းဖျားတွေပေါ်မှာရော ကျုပ်သီချင်းလေးတွေဟာ မြူးပျံ့နေတော့ ကျုပ်ရဲ့ဝိညာဉ်ကလည်း သူတို့နှင့်အတူ ဝဲပျံ့နေတာပေါ့။

ဩော်... ဒါပေမယ့်လည်း အနုပညာသမား ဆိုတာကတော့ ခက်သားကလား။ သူတကာရဲ့ နှလုံးသားကိုသာ ရွှင်မြူးအောင်ပြုနိုင်တာကိုး။ သူတို့ကိုယ်တိုင် စိတ်ပင်ပန်းနွမ်းနယ်မှုကိုတော့ သူတို့ဘာသာ မကုစားနိုင်ဘူး။

အနုပညာသမားတွေဟာ တော်တဲ့လူတွေလည်း ရှိသပေါ့။ မတော်တဲ့လူတွေလည်း ရှိတာပဲ။ ဒါပေမယ့် အနုပညာသမားရဲ့ စာပေ၊ ဂီတတို့၊ သီချင်းတို့ဟာ လူတန်းစား အမျိုးမျိုးရဲ့ အသည်းနှလုံးကို အလိုလိုစိမ့်ဝင်ကြတာပဲ။ လူတန်းစား အမျိုးမျိုး လက်ခံအောင်လို့ စားကြိမ်းကြိမ်းပြီး သွင်းဖို့လည်း မလိုဘူးပေါ့။ အာဏာရှင်ကြီးတွေမှာတောင် သူတို့ဝါဒကို လူအမျိုးမျိုး လက်ခံရေးအတွက် ခြိမ်းတစ်ခါ ခြောက်တစ်လှည့် စားရေးပြလိုက်၊ လေချိုသွေးလိုက် လုပ်ကြရတာပဲ။ လူတွေကလည်း သူတို့ရဲ့ အာဏာစက် လက်နက်ကြောင့်သာ အာဏာရှင်များကို လေးစားကြောက်ရွံ့ကြရတာပဲ။

ဟော... ကျုပ် သီချင်းလေးတွေကတော့ ဘယ်သူရဲ့ အသည်းနှလုံးထဲကိုမှ ရိုက်မသွင်းရပါဘူးဗျာ၊ သူတို့အလိုလို သီဆိုကြတာပဲ။

ဒါပေမယ့် တစ်ခါတစ်ခါ အနုပညာဟာ စားမိုးခံရတော့ အင်မတန်ဝမ်းနည်း ကြေကွဲစရာ ကောင်းတာပဲ။ အချို့အနုပညာသမားများမှာ တကယ်ပင်ကိုယ် အရည်အချင်း ရှိပေမယ့်လည်း စားမိုးထားတဲ့အောက်မှာ နေရလေတော့ အမှောင်ထုထဲက ခွဲထွက် ထင်ပေါ်မလာနိုင်ပေဘူး။ အချို့ကျတော့လည်း စင်တော်အကြိုက်နဲ့ မိပြီဆိုတော့ တဟုန်ထိုး တက်သွားတာ ရှိကြလေသပေါ့။

စာပေအနုပညာဆိုတာ အစဉ်ပဲ ထွန်းလင်းတောက်ပြောင်နေတယ်ရယ်လို့ ဘယ်ရှိနိုင်ပါ့မတုန်း၊ မြုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့် သွားကြရတာပဲ။

mgyoe.com

mgyoe.com

ဒါပေမယ့် အနုပညာသမားတွေရဲ့ အနုပညာဟာ လမင်းနဲ့ တူပေတယ်။ စိုးမိုး အုပ်ချုပ်ခြင်းဆိုတဲ့ လူများရဲ့စိတ်ကတော့ တိမ်တိုက်နဲ့ တူတာပေါ့။

ဘယ်ရာဇဝင်မှာပဲ ကြည့်ကြည့်။ တစ်ခါတစ်ခါ အာဏာရှင်ကြီးများက အနုပညာ စာပေတွေကို နှိမ်ထားကြတယ်။ ချေမှုန်းဖျက်ဆီးကြတယ်။ ဒီအခါမှာလည်း အနုပညာတွေဟာ တိမ်ကော ပျောက်ကွယ်လုမတတ် ငုံ့လျှိုးနေကြရတာပဲ။ တိမ်တောင်နဲ့ တူတဲ့ အာဏာစက်တွေ (ဝါ) အုပ်ချုပ်သူတို့ရဲ့ မာန်တွေပေါ့။ ဒါပေမယ့် အဲဒီအာဏာရှင် စိုးမိုးသူတွေရဲ့ အာဏာဟာ မဲမှောင်နေတဲ့ တိမ်တိုက်ကြီးလိုပဲ လမင်းကို တစ်ချိန်တစ်ခါ ဖုံးအုပ်ထားနိုင်ပေမယ့် သူတို့က မတည်မြဲကြပေဘူး။ မကြာခင်ဆိုသလို တောင်လေနဲ့ တွေ့ကြတော့ တခဲနက် မဲမှောင်နေတဲ့ တိမ်တိုက်တွေဟာ မိုးရေအဖြစ်နဲ့ လျှောကျ ပျောက်ကွယ်သွားရတာပဲ။

ဩော်… တရားရစရာ မကောင်းပေဘူးလား။

လမင်းကြီးကတော့ ဒီကမ္ဘာ တည်နေဆဲ ပျောက်ကွယ်သွားတယ်ရယ်လို့ ဘယ်တုန်းကမှ အစဉ်အလာမရှိခဲ့ဘူး။ ဒီတစ်ဖက်မှာ တိမ်တိုက်ကြီးက ဖုံးထားပေမယ့်၊ တစ်ဖက် ကမ္ဘာတစ်ခြမ်းမှာတော့ လင်းနေဆဲဘဲ။ ဒီလိုပဲ စာပေ အနုပညာဟာ တစ်ဖက်မှာ ငုံ့လျှိုးနေရပေမယ်လို့၊ တစ်ဖက်မှာ ထွန်းလင်းနေမှာပဲ။ ပြီးတော့ အဲဒီစာပေအနုပညာသမားတွေရဲ့ အနုပညာစကားလုံး တေးဂီတတွေဟာလည်းပဲ လူတွေရဲ့ အသည်းနှလုံးမှာ ဘယ်တော့မှ မသေကြဘူး။ ခေတ္တခဏတော့ ပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားလိမ့်မယ်။

လမင်းရဲ့ရောင်ခြည်ကို လူတန်းစားမရွေး ခံစားနိုင်သလို၊ အနုပညာရဲ့ အရသာကိုလည်း လူတန်းစားမရွေး ခံစားနိုင်ပါတယ်။ လမင်းရောင်ခြည်ဟာ နေရောင်ခြည်လိုတော့ တန်ခိုးအာဏာမရှိပေဘူးပေါ့။ ပူပြင်းခြင်းလည်း မရှိတော့ လူတွေဟာ မကြောက်ကြဘူး။ သို့သော်လည်း လရောင်ခြည်ဟာ မြင်တွေ့သူအားလုံးရဲ့ စိတ်နှလုံးကို ချမ်းမြေ့အေးမြစေပေတယ်။ တကယ်လို့သာ ဒီသတ္တလောကမှာ အနုပညာဆိုတဲ့ ပညာရပ်သာ မထွန်းကားခဲ့ရင် သတ္တဝါတွေဟာ အနားရကြမှာ မဟုတ်ပါဘူး။

တိမ်တောင်နဲ့ လမင်းကလည်း အောက်မြေပြင်ကနေ ကြည့်လို့သာ လမင်းကိုတိမ်တိုက် ဖုံးသွားပြီလို့ လူသားတွေက ထင်မြင်နေရတာကလား။

mgyoe.com

တကယ်တော့ လမင်းရှိရာကို ဘယ်တိမ်တိုက်ကမှ မလာရောက်နိုင်ကြဘူး။ လမင်းကိုလည်း မထိုးဖောက်နိုင်ဘူး။

မဲမှောင်နေတဲ့တိမ်တိုက်ရဲ့ နောက်ကွယ်မှာ လမင်းဟာ သူရဲ့ ဝင်းပတဲ့ ရောင်ခြည်နဲ့ ကောင်းကင်ပြင်မှာ အစဉ်ထွန်းလင်းနေတာပဲ။ ကောင်းကင်အနှံ့ ကျယ်ပြန့်သမျှ သူ့ရောင်ခြည်ကို လွတ်လွတ်လပ်လပ်ကြီး လွှတ်ပြီးနေတာပဲ။ အနုပညာသမားတွေရဲ့ ခန္ဓာကိုယ်ကို ဘယ်လိုပဲ ချုပ်နှောင်ထားပေမယ့် သူတို့ရဲ့ စိတ်ဝိညာဉ်ကတော့ လမင်းရဲ့ ရောင်ခြည်လို အစဉ်လွတ်လွတ်လပ်လပ်ကြီး မြူးပျံ့နေကြတာပါပဲ။

ကျုပ်ရဲ့သီချင်းလေးတွေကို ဆက်လက် သီဆိုကြတုန်းပါကလား။ ဒါတွေ ပေါ့၊ ကျုပ်သာ သေသွားတယ်၊ ကျုပ်ရဲ့ သီချင်းဂီတတွေဟာ မသေကြဘူး။

သွားစရာခရီးကလည်း ရှိသေးတယ်။ ဘယ်ကို သွားရမှန်းလည်း မသိ ဘူး။ လမ်းကလည်း မှုန်ရီနေလို့ သဲသဲကွဲကွဲ မမြင်ရဘူး။ ကျုပ်လိုပဲ အဖော် ဝိညာဉ်တွေဟာ ဘယ်ကိုမှန်း မသိတဲ့ ခရီးကို ဆက်လက်သွားနေကြပါကလား။

ကျုပ်အနားတစ်ဝိုက်မှာ သီချင်းသံလေးတွေ ဝဲပျံ့လာတော့ ကျုပ်ခရီးသွား ရတာ ရွှင်လန်းအားတက်စရာကြီးပဲ။ ဩော်... သံသရာဆိုတာ ဒီလိုပဲထင်ပါရဲ့၊ အဆုံးကိုရှာလို့ မရနိုင်ပါကလား။

(ကွယ်လွန်ပြီးလေပြီးသော အနုပညာသမားများအား ရည်စူးပါ၏။)

[၁၉၅၅ ခု၊ နိုဝင်ဘာလ]

❐

mgyoe.com

mgyoe.com

# ပန်းပုဆရာ ဦးသာယာ

ကုန်ခဲ့သော အချိန်များကို ရေတွက်ခြင်းငှာ မစွမ်းနိုင်ပေ။ မြောက်လေ စတင်တိုက်ခတ်သည့်လက ဤဆင်စွယ်ကို ရခဲ့သည်ကိုသာ ဦးသာယာက မှတ်သားမိ၏။ ဆင်စွယ်ရိုင်းအား စတင်၍ ပုံကြမ်းထုသည့်နေ့ကမူ သူ့တဲအေားရှိ လယ်ကွင်းတို့သည် စိမ်းရောင်ပြေး၍ အဝါဘက်သို့ လုလျက်ရှိ၏။

စပါးနှံတို့သည်လည်း ရိုးတံပင်စည်အိမ်မှ ခေါင်းပြူ၍ လောကကို ကြည့်စ ပြု၏။ မြောက်လေသည် နှင်းမှုန်များကို အပြည့် ယူဆောင်လာ၍ စပါးနှံကို အပေါ် ကြိချလျက် ရှိလေသည်။

မြောက်လေရှိန်တွင် ကွေးကာ ညွတ်ကာ ငိုက်မျဉ်းကာနှင့်ပင် စပါးနှံတို့သည် မြပုခက်တွင် အိပ်စက်လျက် ရှိကြပေသည်။

ဆင်စွယ်ကို ပုံကြမ်းဖော်နေသော ပန်းပုဆရာကြီး ဦးသာယာကမူ နှင်းမှုန်အောက်တွင် ငိုက်မျဉ်းနေကြသော စပါးနှံတို့ကိုလည်း သတိမမူမိပေ။

"အလို… ဘယ်တုန်းကများ မင်းတို့တစ်တွေ အဝါရောင်ကို ပြောင်းသွားကြပါလိမ့်…"

ပုံကြမ်းထုပြီးသော နေ့တစ်နေ့တွင်မူ ဦးသာယာ စပါးပင်များကို ကြည့်ရင်း ပြောမိ၏။ သူသည် လယ်ကွင်းအေားတွင် ခေါက်တုံ့လူးလာ လျှောက်လျက်ရှိ၏။ သူ့ခါးသည် ထိုင်ရလွန်း၍ ညောင်းညာကိုက်ခဲလျက် ရှိပေသည်။

"ခင်ဗျားလိုပဲပေါ့ဗျာ။ နေခြည်မှာ ကျုပ်တို့လည်း အညောင်းဆန့်ချင်သေးသပေါ့။ တစ်မိုးလုံး တစ်ဆောင်းလုံးလိုလို မိုးအောက်၊ နှင်းအောက်မှာ

mgyoe.com

ဒီခြုံထည် အစိမ်းကြီးကို ခြုံပြီး ကွေးနေရတာ ညောင်းလှ ပျင်းလှပါပြီဗျာ။ ဟော... အခု ကျုပ်တို့ရဲ့ အဝတ်လေးတွေက မလှပေဘူးလား ပန်းပုဆရာကြီးရဲ့၊ ရွှေရောင် ပိုးပဝါပါးလေးတွေပေါ့ဗျာ”

စပါးပင်များသည် နေခြည်အောက်တွင် ကြွရွရွှင်လန်းဟန်နှင့် ဦးသာယာအား ပြန်ပြောသလို ယိမ်းနွဲ့၍ နေကြပေသည်။ စပါးတို့ ရွှေရောင်သန်းလာလျှင် ဆောင်းလည်း နှောင်း၍လာပြီဟု ဦးသာယာ သတိထားလိုက်မိ၏။

ဤဆောင်း၏ နှောင်းရက်တွင် သူ၏ ဆင်စွယ်ရုပ်ကို အချောစ၍ ကိုင်လေသည်။ ကျွန်းကုန်းရွာသားတို့သည် ဦးသာယာအား ရွာလမ်းတွင် မမြင်ကြသည်မှာ ကြာမြင့်လေပြီ။ တစ်ခါတစ်ရံ ကာလသားလူရွယ်တို့သည် လည်းကောင်း၊ ကလေးငယ်တို့သည် လည်းကောင်း၊ ဦးသာယာ၏ တဲအောမှ ဖြတ်သန်းသွားတိုင်း သူ့တဲကို တစေ့တစောင်း ကြည့်၍ သွားကြ၏။

ဆောက်သံသည် နူးညံ့ ညင်သာလွန်း၍ လယ်ကန်သင်းဆီမှ မကြားနိုင်ပေ။ သို့သော် သူတို့သည် ဆင်စွယ်ရုပ်ကို တကုတ်ကုတ် ထုနေသော ဦးသာယာကို လှမ်း၍ မြင်ကြရ၏။

“ဘယ်လောက်များ ကောင်းမယ့် အရုပ်မို့လို့ ဘဘဟာ အိမ်ထဲက အိမ်ပြင် မထွက်ဘဲ ထုနေပါလိမ့်...”

ဦးသာယာ၏ ပန်းပုလက်ရာကို မမြင်ဘူးသော လူငယ်တို့က ဆို၏။

“ခုခေတ်ကြီးမှာ ဘယ်လိုပဲ ကောင်းအောင်ထုပေမယ့်၊ ဘယ်သူက တန်ဖိုးကောင်းကောင်း ပေးမလဲ...”

ရွာလယ်ကျောင်းက ဆရာကလေးကလည်း တဲရှေ့တွင် ဖြတ်သန်းသွားရင်း ပြောသွားပေသည်။

ဦးသာယာ ပန်းပုထုနေစဉ်အတွင်း သူ့တဲသို့ ဘယ်သူမှ လာရောက်လည်ပတ်သည်ကို ဦးသာယာက မနှစ်သက်ပေ။ ဤအကြောင်းကို နားလည်သော လူပျို လူရွယ်တို့နှင့် ကလေးတို့မှာ တဲအတွင်းသို့ မလာရောက်ကြပေ။

သူသည် ရေနွေးကြမ်းအိုးကို အနားတွင်ထား၍ ပန်းပုရုပ်ကို ထုလုပ်နေ၏။ ရေနွေးအိုးသည် အေးစက်၍ သွားသော်လည်း ဦးသာယာသည် တစ်ခွက်မှ မသောက်မိလိုက်ပေ။

မနက်ဘက်တွင် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ကို ဆုပ်နယ်စားသောက်ပြီးနောက် ပန်းပုရုပ်ကို ကိုင်လိုက်သည်မှာ ညစာပင် မစားမိတော့ပေ။

mgyoe.com

mgyoe.com

ညဥ့်သို့ရောက်၍ အိပ်စက်နားနေချိန်တောင်မှ သူ၏ ပန်းပုရုပ်ကို အိပ်မက်တွင်းသုံ့ ခေါ်ယူ၍ သွားပေသည်။

ပန်းပုရုပ်၏ ဟန်ကိုမူ သူ့စိတ်ထဲတွင် ကျေနပ်နှစ်သိမ့်၍ သွားပေပြီ။ ပန်းတင်ခုံထက်တွင် ကတ္တီပါမှိုအုံးကို နောက်မှီထားသော မင်းသမီးငယ်၏ ပုံဖြစ်၍၊ လက်တစ်ဖက်သည် ခေါင်းနောက်တွင်ထား၍ တစ်ဖက်ကမူ ပန်းပွင့်တစ်ခုကို ကိုင်၍ ထားပေသည်။ ခေါင်းနောက်တွင်ထားသော လက်တစ်ဖက်သည် အပေါ်သို့ မြှောက်ထား၍ မင်းသမီး၏ ကြွရှသော ရွှေရင်အုံတို့သည် လရောင်ဖြင့် မတွေ့ထိသေးသော ကုဏ္ဍလာ ကြာငုံဖူးကဲ့သို့ စုံ့စုံ့မို့လျက် ရှိပေသည်။

ရင်၏ တစ်ဝက်ကို ဖြတ်သန်း၍ ပခုံးနောက်မှ ကျော်ကာ လေတွင် လွင့်ပါးနေသော ခြုံလွှာသည်လည်း မင်းသမီး၏နောက်တွင် တိမ်တောင်များကို လိပ်၍ လိပ်၍ လွင့်ပျံနေပေသည်။

ပြုံးယောင်မျက်နှာသည် လက်တစ်ဖက်တွင် ကိုင်ထားသော ပန်းပွင့်ငယ်ကို ကြည့်၍ နေပေသည်။

"ဒီမျက်နှာကိုလည်း သဘောမကျသေးဘူး။ နှုတ်ခမ်းလေးနှစ်ခုက ပါးပါးလေးစေ့ပြီး ပြုံးယောင်ယောင် ဖြစ်ရမယ်။ ရယ်ရွှင်လိုတဲ့ ဟန်ကလည်း ဟောဒီလိုချည်း ဆင်စွယ်လို ဖြူနေလို့ မဟန်သေးပါဘူး။ ပါးစုံ့လေးတွေကိုလည်း ဘယ်သူ့ရဲ့ နှာခေါင်းနဲ့မှ မထိတွေ့သေးတဲ့ ပန်းပွင့်လွှာလို မို့မို့အိအိလေး ဖြစ်နေရမပေါ့"

သူသည် သူ့အရုပ်ကို စကားပြောနေ၏။ ဆံထုံးမို့မို့မှ ဆံမြိတ်အိ၍ နွယ်ကျနေပုံကိုမူ သူ သဘောကျ နှစ်သက်ပေသည်။ သွယ်ပျောင်းသော ပေါင်တံပေါ်တွင် အိကျနေသော ဗလာထဘီ၏ အချိတ်များကိုလည်း သဘောကျ နှစ်သက်ပေပြီ။ အချိတ်ရိုးရိုး မဟုတ်ဘဲ ပန်းပွင့်သေးသေးလေးများကို ချိတ်၍ ထည့်ထားသော ပန်းချိတ် ဗလာထဘီ ဖြစ်၍နေပေ၏။ ပန်းလေးများသည် ထဘီတွင် ကြွရွ၍ ထိလိုက်လျှင်ပင် ကြွေတော့မည့်ဟန် အသက်ပါ၍ နေပေသည်။

"ဟောဒီလက်ထဲက ပန်းလေးကလည်း အနံ့များမွှေးနေရင် ဘယ်လောက်ကောင်းမလဲ"

သူသည် မင်းသမီးလက်ထဲမှ ပန်းပွင့်ကို အနုစိတ်ရင်း စိတ်ထဲမှ မွှေးစေချင်ပေသည်။

mgyoe.com

အမှန်မှာမူ မင်းသမီး၏ သွင်ပြင်သည် ရင်သပ်ရှုမော အံ့သြဖွယ်ပင် ဖြစ်၍ နေပေပြီ။ သူကမူ ယခုထက်တိုင် စိတ်တိုင်းမကျ၊ အချောသပ်၍ မပြီးနိုင်သေးပေ။

"မင်းရဲ့ ပြုံးဟန်ကလည်း တကယ်ဆိုရင် နှစ်သိမ့်တဲ့ နှလုံးသားရဲ့ အရောင်ပြန်ဟပ်နေအောင် မတတ်နိုင်ဘူးလား။ မျက်လုံးကလည်း ဘယ်လိုပဲ အချောသပ်သပ် အရောင်မထွက်နိုင်တာကို ငါဖြင့် မကျေနပ်ပါဘူးကွယ်။ လက်ချောင်းလေးတွေကတော့ တကယ်ပဲ သွယ်သွယ်ပျောင်းပျောင်းနဲ့ နန်းဟန်ပါ ပါရဲ့၊ အလို ရင်ချီနေပုံဟန်က နည်းနည်းလေး လိုပါသေးလား"

သူ့မင်းသမီး၏ ရင်သည် အရုပ်နှင့် တူလွန်းသည်ဟု သူ သဘောရပြန်ပေသည်။ ပန်းချိတ်ရင်စည်း၏ အောက်တွင် မင်းသမီး၏ မလုံ့တလုံ ရွှေရင်အုံသည် အိအိစက်စက်နှင့် လူသားလိုဖြစ်ဖို့ ကြိုးစားပြန်သည်။ သူ၏ ဆောက်ရာသည် မင်းသမီး၏ ရင်အုံကိုလည်း အနုစိတ်၍ ပြီးပေပြီ။ ပွင့်လုဆဲဆဲ နှင်းဆီငုံလို တင့်ရွှန်းလှပေသည်။

"အို... ဆရာကြီး ဦးသာယာ ကျုပ်တို့ သွားတော့မယ်။ ကျုပ်တို့ကို များ နှုတ်ဆက်ပါဦး" ဟု အသံလိုလို တဲခေါင်းရင်းဆီမှ ကြား၍ ဦးသာယာသည် အပြင်သို့ထွက်၍ ကြည့်လိုက်၏။ အပြင်တွင် နေသည် ပြင်းစွာပူ၍ နေပေပြီ။

"ဩော်... စပါးပင်တွေတောင် ရိတ်သိမ်းနေကြပါပကော" လယ်သမားတို့သည် အနှံများ ပြည့်နေသော စပါးပင်တို့ကို ရိတ်ဖြတ်လျက် ရှိ၏။

သခေါ်ရ သဘောတရားတို့ပေတည်း။ တစ်မိုးလုံး၊ တစ်ဆောင်းလုံး ကြွရွှင်လန်းနေသော စပါးပင်ပျိုတို့သည် သီးနှံများပြည့်ဖြိုး၍ အိုမင်းလာသည်နှင့် တစ်ပြိုင်နက် လယ်သမားတို့၏ တံစဉ်အောက်တွင် ပိုင်းဖြတ် ခံကြရပေပြီ။ ကြည့်ရင်း ကြည့်ရင်း မျှော်မဆုံးသော လယ်ကွင်းတစ်ဝိုက်တွင် စပါးပင်တို့သည် အရင်းမှ ပြတ်၍ ပြတ်၍ လဲကျသွားကြ၏။

"သွားပေဦးတော့၊ မင်းတို့ကိုတော့ သနားလိုက်ပါရဲ့။ မိုးကျလာရင် ပြန်လာဦးမှာပေါ့။ သံသရာဆိုတာ ဒီလိုပဲကွဲ့။ ဖြစ်လာပြီဆိုရင် ဖြတ်လို့ ရခဲ့သားကလား" ဦးသာယာသည် ရိုးပြတ်များနှင့် ပြည့်၍လာသော လယ်ကွင်းကြီးကို ကြည့်ရင်း ဝမ်းနည်း၍ လာလေသည်။

mgyoe.com

mgyoe.com


တဲတွင်းသို့ ပြန်ဝင်၍ မင်းသမီးအရုပ်ဘေးတွင် ခဏလှဲ၍ နေမိ၏။ သူ့မျက်လုံးအစုံတို့သည် မင်းသမီး၏ ကိုယ်ဟန်မှ လွှဲဖယ်၍ မရပေ။ ကော့ညွတ်သော မျက်တောင်အောက်မှ မင်းသမီး၏ မျက်လုံးတို့သည် ပန်းပွင့်ကို မကြည့်၊ သူ့ကိုပင် ကြည့်နေသလို ဖြစ်၍ နေပေသည်။

"ခုနေများ ပဝါလေးကလည်း ပိုးပါးလို ပါးလျှပ်ဖြစ်မယ်၊ လက်ထဲက ပန်းလေးကလည်း အနံ့မွှေးလာမယ်။ အသားလေးကလည်း ရွှေသားလို အရောင်ထွက်လာမယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ။ ပန်းထဘီချိတ်ကလည်း အဝါနဲ့ပန်းနုမှာ အစိမ်းပြေပြေလေး ရောလိုက်ပြီးတော့ မင်းမျက်လုံးတွေကလည်း နှလုံးသားရဲ့ မှန်လို အရောင်ပြန်ဟပ်ရင်တော့ ငါ ထုရကျိုး နပ်ပါရဲ့"

ဦးသာယာကြည့်ရင်း မကျေမနပ်စိတ်တို့မှာ ရင်ထဲတွင် တိုး၍ တိုး၍ လာ၏။

"ရှင်က ကျွန်မရဲ့ မျက်လုံးတွေကို အရောင်ထွက်စေချင်တယ်။ ကျွန်မ လက်ထဲက ပန်းလေးကိုလည်း ရနံ့ မွှေးစေချင်တယ်။ ပန်းရဲ့အသက်က ရနံ့ ပါပဲ။ ရှင့်ပန်းက အသက်မှ မရှိဘဲ၊ ရနံ့ မွှေးနိုင်မလား၊ ကျွန်မရဲ့ ပန်းချိတ် ရင်စည်းအောက်က ရင်သားထဲမှာလည်း အသည်းနှလုံးမှ မရှိဘဲနဲ့၊ ကျွန်မရဲ့ မျက်လုံးတွေဟာ အရောင် ဘယ့်နဲ့ ထွက်နိုင်မလဲ။ ကျွန်မဟာ သက်မဲ့ အရုပ်ပါ။ ရှင် ဘယ်လိုပဲ ထုပေမယ့် အသက်နဲ့ စိတ်ဆိုတာကို ရှင်ရဲ့ဆောက်က ထုထွင်းလို့ မရပါဘူး"

အလို... ရွှေမင်းသမီးလေးသည် ပါးလျသော နှုတ်ခမ်းကို မပွင့်တပွင့်လေး ဖွင့်၍ ချစ်စဖွယ် သူ့ကို ပြော၍ပြ၏။ ဤသို့ ပြောစဉ်တွင် မင်းသမီး၏ နှုတ်ခမ်းတို့သည်လည်း ပန်းရောင်သွေး လွှမ်းလျက်ရှိ၏။ မျက်လုံးတို့သည်လည်း ယိုစိမ့်လု မြရည်လို တဖိတ်ဖိတ် တောက်ပလျက် ရှိလေသည်။ ရွှေရင်အုံတို့သည်လည်း နိမ့်တုံမြင့်တုံနှင့် ကာမဂုဏ်၏ မက်မောဖွယ်ဟန်တို့သည် ပါ၍လာ၏။ ပန်းထဘီချိတ်သည် သူ့စိတ်ကူးထဲမှ အရောင်အတိုင်းဖြစ်ကာ လှပသော ဆည်းဆာ၏ တိမ်တောင်ချိတ်များကဲ့သို့ ကြည့်ရက်စရာပင် မရှိပေ။ ပဝါပါးသည်လည်း လေထဲတွင် တနွဲ့နွဲ့ လူးလွန့်၍ တလွင့်လွင့် လှုပ်ရှားနေပေသည်။

သူသည် ဖြုန်းခနဲ ထထိုင်၍ မင်းသမီးရုပ်ကို ကိုင်လိုက်လိုက်သော အခါ အရုပ်သည် အရုပ်အတိုင်းပင် ပြန်၍ ဖြစ်သွားပြန်၏။ အိပ်ရာမှ လန့်နိုးမှန်းကို ယခုပင် သူ သတိပြုမိ၏။

mgyoe.com

“ဟုတ်တယ်၊ ငါ့အရုပ်လေးမှာ ဝိညာဉ်လိုနေတယ်။ သူလည်းပဲ ငါ့ကို သံယောဇဉ် ငြိနေရှာတယ်။ အိပ်မက်ထဲမှာ သူနဲ့ငါ တွေ့ရတယ်။ အို... ငါ့အရုပ်လေးကို အသက်သွင်းနိုင်မယ့်လူ ရှာမယ်။ ငါ့တာဝန်က ပုံသွင်းပြီးပြီ။ ဒီပုံစံကတော့ တုပြိုင်ကင်းပဲ”

သူသည် မျက်နှာကို ကမန်းကတန်းသစ်၍ သူ၏ ဆင်စွယ်ရုပ်ကို ခေါင်းပေါင်းပိုးစနှင့် ထုပ်ကာ ရင်တွင်ပိုက်၍ တဲပြင်သို့ ထွက်သွားတော့သည်။

* * *

မှော်ဆရာကြီး ဦးပြိုင်ရှားသည် အရိုးပုံတို့အလယ်တွင် တည်တည်ကြီး ထိုင်လျက် ရှိ၏။ ဦးသာယာပေးသော ဆင်စွယ်ရုပ်ကို ကိုင်တွယ်၍ သေချာစွာ ကြည့်၏။

“အင်း... လူသားသာ ဆိုလိုက်ရင်တော့ မြင်ရသူကို အတော် ဒုက္ခပေးမှာပဲ။ လူထဲမှာတောင် ဒါလောက် သိမ်မွေ့ပြီး ချောတာ မမြင်ဖူးဘူး။ ဦးသာယာရဲ့”

ဦးပြိုင်ရှားသည် ရုပ်ထုကို တပ်မက်မောဟန်နှင့် ကြည့်၍ နေပေသည်။

“ခင်ဗျားက ဒီရုပ်ထုကို အသက်သွင်းပြီးရင် အသက်ကြီးအိုမှ ရွှေမင်းသမီးကို သိမ်းပိုက်ဦးမလား”

ဦးသာယာသည် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်၏။

“ကျုပ်ရဲ့ စေတနာရင်းမှန်ကို ဘုရားသခင် သိပါတယ်။ စင်ကြယ်တဲ့ မေတ္တာ ဖြဟ္မစိုရ်စိတ်နဲ့ သူ့ကို အသက်သွင်းချင်တာ၊ ပုံဖော်ချင်တာပါ”

“ကဲလေ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့။ ခင်ဗျားရဲ့ သွေးတစ်စက်ကို ပေးရမယ်။ ကျုပ်ရဲ့ ဆေးနဲ့ ရောပြီး မင်းသမီးရုပ်ရဲ့ ရင်ညွန့်ကို ထိုးလိုက်ရင် အသက်ဝင်လာမှာပါပဲ။ တစ်ခုတော့ ခင်ဗျားသေရင် ဒီမင်းသမီးလည်း သေမှာပဲ”

ဦးပြိုင်ရှားသည် ဦးသာယာထံမှ ဆင်စွယ်ရုပ်နှင့် သွေးတစ်စက်ကို ယူ၍ ခေါင်းခွံကို ဖြတ်ကျော်ကာ သူ၏ ဆေးခန်းထဲသို့ ဝင်သွားတော့သည်။

“ကဲ... ကျုပ် တာဝန်ပြီးပြီ။ ဒီအရုပ်ကို ယူသွားတော့။ သုံးရက်ကြာရင် အသက်ဝင်လာလိမ့်မယ်”

ဦးပြိုင်ရှားသည် ဆေးခန်းထဲမှ သူ့ကို လှမ်းပြောကာ ထွက်လာလေသည်။ ဦးပြိုင်ရှားလက်ထဲမှ အရုပ်ကို လှမ်းယူစဉ်တွင် သူ၏ လက်များသည် ဆတ်ဆတ်တုန်လျက် ရှိသည်။

* * *

mgyoe.com

mgyoe.com


သုံးရက်မြောက်လေပြီ။

နွေဦးသို့ ပြောင်းလာ၍ လေတိုက်ပုံမှာ ခပ်ရမ်းရမ်း ဖြစ်၍ လာလေသည်။

"ဒီလိုနွေမျိုးမှာမှ မင်း အသက်ဝင်လာရတာကတော့ ဝမ်းနည်းစရာပဲ။ မင်းရဲ့ နုလှတဲ့ အသားလေးတွေဟာ နေရှိန်ကို ခံနိုင်ပါ့မလား"

ဦးသာယာသည် အရုပ်အား ရွှန်းရွှန်းစားစား ကြည့်၍ ပြောနေချိန်တွင် အရုပ်၏ ပတ်ဝန်းကျင်သည် လင်း၍လာ၏။ မျက်လုံးလေးများသည် နက်ရောင်စို၍ လာပေသည်။ ကော့ဝန်းသော မျက်တောင်သည် တဖျပ်ဖျပ် ခတ်လျက်ရှိ၏။ နှုတ်ခမ်းပါးတို့သည် သူ့ကို ပြုံး၍ နှုတ်ခွန်းဆက်သလို ဖြစ်နေတော့သည်။ လက်ထဲမှ ပန်းပွင့်သည်လည်း သင်းပျံ့သော ရနံ့တစ်မျိုး မွှေး၍ လာလေသည်။ ဆင်စွယ်ပဝါသည် ပိုးနုသို့ ပြောင်းကာ တလွင့်လွင့် လှုပ်ရှားလာ၏။

ဦးသာယာသည် အံ့သြဝမ်းသာ လှုပ်ရှားရလွန်း၍ အသက်မရှုနိုင်အောင် ပင် ဖြစ်၍လာ၏။

ရုပ်ထုသည် အရုပ်လို သေးသေးလေး မဟုတ်တော့ဘဲ တဖြည်းဖြည်း ကြီးထွားလာကာ (၁၆) နှစ်အရွယ် မိန်းမငယ်အသွင်သို့ ပြောင်း၍ လာလေသည်။

"အလိုလေး လေး၊ ဘုရား... ဘုရား။ ဘယ်လို ဖြစ်လာပါလိမ့်"

အရုပ်သည် (၁၆) နှစ်ရွယ် မိန်းမပျို၏ အရွယ်တွင် ရပ်တန့်မနေ၊ တိုး၍ တိုး၍ မြင့်မားလာ၏။ ပန်းတင်ခုံမှ ဗြုန်းခနဲ မတ်တပ်ရပ်လိုက်သောအခါ မင်းသမီး၏ ဦးခေါင်းသည် တဲခေါင်မိုးသို့ ထိ၍ သွား၏။ နက်ဝန်းသော မျက်လုံးတို့သည် တိုး၍ တိုး၍ နက်ပြောင်လာကာ ကျယ်ဝန်း၍ လာ၏။ မျက်တောင်များသည်လည်း ရဲရဲနီ၍ လာပေပြီ။ ပါးလျသော နှုတ်ခမ်းပြင်သည် ထူးဆန်း၍ ငေါသော အစွယ်ကြီးနှစ်ခုသည် ဗြုန်းခနဲ နှုတ်ခမ်းပြင်သို့ ထွက်လာတော့သည်။

"ဟင်..." သူ၏ ရွှေသားရုပ်သွင်သည် ဘီလူးရုပ်သို့ ပြောင်း၍ သွားပါပေကော။ ကြင်နာနူးညံ့ဟန်ပေါက်သော မျက်လုံးအစုံတို့သည် လူသားစားလိုဟန်၊ သွေးသောက်လိုဟန်၊ ရမ္မက်တို့ဖြင့် တဖိတ်ဖိတ် တောက်ပ၍ လာ၏။ မင်းသမီး၏ လက်တစ်ဖက်သည် ပန်းထဘီချိတ်ကို ဆွဲဆုတ်ပစ်လိုက်သောအခါ အမွေးစုတ်စုတ်တို့သည် တစ်ကိုယ်လုံး ဖုံးအုပ်၍ နေသည်ကို တွေ့ရတော့သည်။

mgyoe.com

mgyoe.com

"ဟ... ငါ ထုတုန်းက မင်းသမီးရုပ်၊ ဖြစ်လာတော့ ဘီလူးရုပ်ပါလား" သူသည် ဝမ်းနည်းလွန်း၍ ရှိုက်ကာ ရှိုက်ကာ ငို၏။

"ခင်ဗျား ထုတာကတော့ မင်းသမီးရုပ်ပါပဲ။ အသက်သွင်းပေးတဲ့လူက ဘီလူးသက် သွင်းပေးတော့ ဘီလူးစိတ် ဖြစ်လာတာပေါ့။ စိတ်က အားလုံးကို ဖန်တီးနိုင်တယ်။ ကဲ... စကားမရှည်နဲ့၊ ခု ခင်ဗျားရဲ့ လက်ချောင်းသွေးကို ကျုပ် စုပ်ချင်တယ်"

ဘီလူးသည် ပန်းကိုင်ထားသော လက်တစ်ဖက်ကို မြှောက်လိုက်၏။ ဦးသာယာသည် ပန်းပွင့်ကို ကြည့်လိုက်သောအခါ ပန်းပွင့်မဟုတ်တော့ဘဲ ထက်လှသော သန်လျက် ဖြစ်နေတော့သည်။

"ဟင်... မင်း ငါ့ကို သတ်မယ်။ ငါသေလို့ မင်း ဒီမှာ ကျန်ရစ်မယ် အောက်မေ့လို့လား။ ငါသေရင် မင်းပါ လိုက်သေရမယ်။ မင်းရဲ့အသက်ဟာ ငါ့သွေးစက်နဲ့ ရောထားတာ သိရဲ့လား။ ငါ့သွေးကြောင့် မင်း အသက်ရှင်နေရတာ"

"ဒါတွေ ကျုပ် နားမလည်ဘူး။ ကျုပ်လျှာတွေက လူ့သွေးကို တောင့်တလှပြီ"

ဘီလူးသည် ဦးသာယာကို ဆွဲ၍ ကိုင်ယူလိုက်၏။ ဦးသာယာကား ဘီလူးလက်တွင် မရုန်းနိုင်တော့ပေ။ ဘီလူးသည် အရှင်လတ်လတ် ဦးသာယာ၏ လည်ချောင်းကို သန်လျက်နှင့် ထိုးဖောက်လိုက်၏။

ငေါက်၍ ပန်းထွက်လာသော သွေးတို့ကို မြိန်ရှက်စွာ စုပ်ယူလိုက်သည်။

* * *

နောက်တစ်နေ့ နံနက်နေခြည်ပြူစတွင် နွားကျောင်းသားတို့သည် လည်းကောင်း၊ ရွာမှ ကလေးတို့နှင့် ဆရာလေးသည် လည်းကောင်း၊ ဦးသာယာတဲတွင် စုရုံး၍ နေကြ၏။

ဦးသာယာသည် လည်ပင်းဟောင်းလောင်းပေါက်နှင့် သေဆုံး၍ နေပေပြီ။

သူ့ဆင်စွယ်ရုပ်တုသည် မင်းသမီး၏ သွင်ပြင်ပြင်ဟန်မူအတိုင်းပင်ဦးသာယာ အနားတွင် လဲကျ၍ နေပေသည်။

"ဘကြီးသာယာတစ်ယောက် ဘယ်လိုဖြစ်ပြီးများ သေရပါလိမ့်" ဦးသာယာ ထုလုပ်သော ဤရွှေသားရုပ်သွင် ဆင်စွယ်မင်းသမီးလေးက ဦးသာယာ အား သတ်လိုက်ကြောင်းကိုမူ ရွာသားတို့ မသိကြပေ။

mgyoe.com

mgyoe.com

မိုးဦးတွင် စပါးပင် စိမ်းစိမ်းလေးတို့သည် မြေမှ ထွက်လာကြသော်လည်း သူတို့ ချစ်လှစွာသော ဦးသာယာကိုမူ မတွေ့ကြတော့ပေ။

အကယ်၍ ဦးသာယာ၏ သေရခြင်းအကြောင်းရင်းကို ရွာသူရွာသားတို့ အမှန်အတိုင်း သိရပါလျှင် ပြဿနာတစ်ခုသည် ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာလိမ့်မည်။

ဦးသာယာကို သတ်သူသည် ဦးသာယာကိုယ်တိုင် ထုလုပ်သော ဆင်စွယ်မင်းသမီးရုပ်ပင် ဖြစ်လေမည်လား။ သို့တည်းမဟုတ် ဆင်စွယ်ရုပ်ကို အသက်သွင်းသူ မှော်ဆရာကြီး ဦးပြုံးရှားပင် ဖြစ်လေမည်လားဟု ရွာသူရွာသားတို့ တွေးတောအငြင်းပွားဖွယ်ရာ ပြဿနာတစ်ရပ်ပင် ဖြစ်ပေသည်။

သို့သော် ဘယ်သူမှ ဦးသာယာတစ်ယောက် ဘယ်လိုသေရသည်ကို မသိကြသောအခါ၊ ထိုပြဿနာလည်း မပေါ်တော့ပေ။

ထိုမသိခြင်း အကြောင်းကြောင့် ဆင်စွယ်ရုပ်ကို မြတ်နိုးသူတို့သည် ယုယစွာ သိမ်းပိုက်ထားကြ၏။ အကယ်၍သာ ထပ်မံ အသက်သွင်းမှားလျှင် ဤရွာတွင် 'ဦးသာယာ သေနည်းမျိုး' ဘယ်လောက် သေကြဦးမည်ကိုလည်း ဤရွာသားတို့ မခန့်မှန်းနိုင်ကြပါတကား။

(ရှုမဝ၊ ဒီဇင်ဘာ၊ ၁၉၅၅)

□

mgyoe.com

mgyoe.com

## မြေက ရယ်သည်

"ဤနေရာသည် တစ်ခါက ချုံဖုတ်ငယ်တို့ဖြင့် အတိ ဖုံးလွှမ်းလျက် ရှိပေသည်။ ကပ်စေးနဲပင်တို့သည် မြေမှာဝပ်၍ နေကြသော်လည်း၊ နှင်းစိုလာလျှင် သူတို့သည် မရမ်းစေ့ရောင် ပန်းပွင့်ကလေးများကို ဖူးပွင့်၍ ကောင်းကင်ဆီ မျှော်မှန်းကြပေသည်။ ကပ်စေးနဲပင်တို့အပေါ်တွင် ကန်စွန်းရိုင်းအနွယ်များကလည်း ဖြတ်ကျော်ယှက်သန်း၍ နေပေသည်။ ကင်းပုံနှင့် ဇူကာနွယ်ပင်များလည်း ရှုပ်ထွေးကာ ဦးတည်ရာသို့ သွားနေကြပေသည်။ ဘဏ္ဍာပင်နှင့် လိမ်ပင်များကို တွေ့လျှင်လည်း သူတို့သည် အလုအယက်တက်ကာ အပင်ကို သိုင်းခြုံပစ်လိုက်ကြပေသည်။

တစ်နေရာတွင်မူ ခွေးသေးပန်းပင်တို့သည် ဖွေးဖွေးဖြူသော အပွင့်များကို ပွင့်ကာ အုံ့ဖွဲ့၍ နေကြပေသည်။ လေအတိုက်တွင် ခွေးသေးပန်းများ ညီညာစွာ ယိမ်းလိုက်ပုံမှာ မော်လမြိုင်ပန်းတစ်ဆုပ်လိုပင် လှပသော်လည်း အလေ့ကျပေါက်သူမို့၊ သူတို့ကို ဘယ်သူကမျှ ဂရုမစိုက်ပေ။

အရှေ့တောင်ထောင့်ဘက်တွင်မူ ကုက္ကိုပင်ကြီးတစ်ပင်သည် ချုံငယ်တို့ အပေါ်ဝယ် မြင့်မားစွာ မိုးလျက် ရှိပေသည်။ ပင်လုံးသည် တစ်ဖက်ပင် ကျော်နေပြီဖြစ်၍ သက်တမ်းအားဖြင့် အိုမင်းလှပေ ရှိပေပြီ။ ဖြစ်ပျက်ပြောင်းလဲလျက်ရှိသော သင်္ခါရတို့ကို အစဉ် ဆင်ခြင်လျက်ရှိသော အဖိုးအိုကဲ့သို့ပင် ကုက္ကိုပင်ကြီး၏ သွင်ပြင်သည် တည်ငြိမ် ခံ့ညားလှပေသည်။ ရုံဖန်ရုံခါဆိုသလို နွယ်လိမ် နွယ်ရှုပ်တို့သည် သူ့ကို ရစ်ပတ်၍ တွယ်တက်ကြပေသေးသည်။ သို့သော် တစ်မိုးပြောင်း

mgyoe.com

mgyoe.com


၍ တစ်နွေနှောင်းလာသည်နှင့် တစ်ပြိုင်နက် နွယ်ပင်တို့သည် ရွက်များကြွေကာ သူ့ပင်စည်ပေါ်မှ လျှောကျ၍ မြေမှာ ခန္ဓာကြွေသွားသည်မှာ များခဲ့လှပေပြီ။

ဤနေရာသည် တောကြီးမြက်မည်း မဟုတ်သော်လည်း ချုံနွယ်တို့မှာ ရှုပ်လွန်းလှသည်။ ညဥ့်သို့ရောက်လျှင် ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လာလေသည်။ ချုံငယ်တို့နှင့် သစ်ကိုင်းတို့ကို လေတိုးသံသည်သာလျှင် ညှိုးညှိုးညံညံနှင့် ပေါ်၍လာလေသည်။ ချုံနွယ်ပင်စောက်တို့ အပေါ်သို့ လျှောကျ၍ နေသော်လည်း၊ ရောထွေးယှက်ဝင်နေသော ပိတ်ပေါင်းတို့မှာ လရောင်ကို သတိမထားမိကြပေ။ သူတို့နေရာသည် ကပျစ်ကညစ်နှင့် ရှုပ်ထွေးပွေလီနေသော ဆင်းရဲသားရပ်ကွက်ကြီးတစ်ခုနှင့် တူ၍ နေပေသည်။ အမှန်လည်း သစ်ပင်ဆင်းရဲတို့၏ စုဝေးပေါင်းစပ်နေထိုင်ရာ ဖြစ်နေပေသည်။

ကုက္ကိုင်ပင်အိုကြီးသည်သာ လရောင်အောက်တွင် လှပစွာ ယိမ်းနွဲ့၍ နေပေသည်။ ချုံငယ်တို့ကို လေ ဒလစပ်တည်း တိုက်ခတ်လိုက်လျှင် ပေါ်ထွက်လာသော အသံမှာ ကလေးတို့ စီညံစီညံနှင့် စကားပြောသလို နားငြီးစရာကောင်းသည်ဟူ၍ ကုက္ကိုပင်ကြီးက ထင်ပေသည်။

"ဟော့… ငြိမ်ကြစမ်း… ကလေးတို့ ငြိမ်ကြစမ်း၊ လရောင်အောက်မှာ ငြိမ်ငြိမ်သက်သက်နေကြ၊ အိပ်ကြဖို့လည်း ကောင်းပြီ၊ မင်းတို့သာ ငြိမ်ရင် လမင်းကြီးရဲ့ သီချင်းဆိုသံကို ကြားရပေလိမ့်မယ်"

ကုက္ကိုပင်ကြီးသည် သူ၏ တည်ငြိမ်သောအသံဖြင့် ချုံငယ်တို့ကို ပြောလိုက်လေသည်။ သစ်ပင်ငယ်တို့သည် တစ်ခဏမှာတော့ ရပ်ငြိမ်၍ သွားပေ၏။

"ဘယ်လိုတဲ့ကွယ်… လမင်းရဲ့ သီချင်းဆိုသံဆိုတာ ငါဖြင့် မယုံဘူး၊ နွယ်ပင် ဘဝသက်တမ်းမှာ တစ်နှစ်ပြည့်တော့မယ်၊ ဘယ်လသာတဲ့ ညမှာမှ ငါ မကြားဖူးပါဘူး" ကင်းပုံပင်က တီးတိုး ဆိုလိုက်ပေသည်။

"မင်းက သူများအပေါ် ခေါင်းပုံဖြတ်ရ၊ အပင်ငယ်ငယ်ကလေးတွေကို ကျော်ဖြတ်ရတဲ့ လောဘဇော တိုက်နေရတော့ လမင်းရဲ့ သီချင်းဆိုသံကို ဘယ်ကြားနိုင်မလဲ။ မင်းနှလုံးသားမှာ ဒီနူးညံ့တဲ့ အတွေ့အထိကို ခံစားနိုင်ဖို့ကို နေရာမရှိပေဘူး…။ အမှန်တော့ လမင်းနဲ့ ကြယ်တာရာတွေဟာ ကောင်းကင်မှာ ရွှေ့လျားကြရင်း၊ အင်မတန် သိမ်မွေ့နူးညံ့တဲ့ တေးဂီတများကို ဖွဲ့နွဲ့ပြီး သွားကြတယ်။ မင်းတို့ နှလုံးသားတွေသာ စင်ကြယ်ရင် အေးချမ်းရင် ဒီသီချင်းသံကို ကြားရမှာပေါ့… ကဲကွယ် အေးအေးချမ့်းချမ်း နေကြစမ်းပါ"

mgyoe.com

mgyoe.com


လေကလည်း အတိုက်ရပ်စဲ၍ သွားပေပြီ။ တခြား ချုံငယ်များနှင့် အပင်ငယ်များသည်လည်း အိပ်စက်ကြပေပြီ။ နွယ်ပင်တစ်စုသည်သာ နောက်နေ့တွင် ကျော်ဖြတ်ရဦးမည့် အပင်များအကြောင်းကို တွေးတောရင်း မအိပ်စက်နိုင်ကြသေးပေ။ ကုက္ကိုင်ပင်အိုကြီးသည် သူတို့အား လျစ်လျူရှု၍ နေပဟန်ရပေသည်။

* * *

တစ်နှစ်သော နွေကမူ၊ ဤချုံတောဆီသို့ ဒေါ်အေးဘွင့်တို့လူစု ရောက်၍ လာလေသည်။ ဤချုံတောတစ်ဝိုက်ကို ကုလားမြေပိုင်ရှင်ထံမှ သူတို့ ငှားယူပြီး ဖြစ်သည်ဟု ဒေါ်အေးဘွင့်က ဆိုပေသည်။

ချုံငယ်တို့သည် မျက်စိသူငယ်နှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။ သူတို့ ပေါက်ရောက်သော မြေသည် ကုလားပိုင်သည် ဟူ၍လည်း သူတို့ မသိ။ ယခု ဒေါ်အေးဘွင့်လက်သို့ ငှားလိုက်သည် ဆိုသည်ကိုလည်း သူတို့ နားမလည်ကြပေ။

မကြာမြင့်မီပင် ထက်သော ဓားသွားနှင့် ပေါက်တူး၊ တူးရွင်းအောက်ဝယ် တစ်ပင်ပြီးတစ်ပင် အရင်းမှ ပြတ်၍ ပြတ်၍ လဲကြ၏။

"အဘကုက္ကိုရယ်၊ လူသားတွေကို အဘက ဘယ်လိုမှ မဆုံးမနိုင်တော့ဘူးလား"

ခေါင်းပုံဖြတ် အတန်းအစား ကိုကင်းပုံသည် နောက်ဆုံးအနေနှင့် ကုက္ကိုပင်ကြီးကို အသနားခံကြ၏။

"မတတ်နိုင်ပေဘူး မောင်ကင်းပုံ၊ နောက်ဆုံး တစ်နေ့ကျတော့ သေမင်းတံစဉ်အောက်မှာ အားလုံး ရိတ်ဖြတ်ခံရမှာပဲ၊ မသေခင် သူများတွေအပေါ်မှာ မင်း လူညွန့်ခူးခဲ့တာ တစ်ခုအတွက်ပဲ ငါ ဝမ်းနည်းလိုက်ပါရဲ့၊ ကဲဟေ့... အေးအေးချမ်းချမ်း ဘုရားကို အာရုံပြုကွယ်"

ကုက္ကိုင်ပင်ကြီး၏ စကားမှ မဆုံးခင်ပင် ဒေါ်အေးဘွင့်၏ယောကျ်ား လက်မှ ဓားသွားသည် ကင်းပုံချုံတို့ကို အရင်းမှ ပိုင်း၍ ချလိုက်၏။

ဒေါ်အေးဘွင့်သားများသည် လွှာနှစ်စင်း၊ တူရွင်း၊ ပေါက်ပြားများနှင့် ကုက္ကိုပင်ကြီး ရှိရာသို့ လျှောက်လာကြသည်။

"ဟေ့ကောင်တွေ ဒီအပင်ကြီးက အရိပ်ရတယ်ကွဲ့၊ ထားလိုက်ကြ"

ဒေါ်အေးဘွင့်ယောကျ်ားသည် သူ့သားများကို ပြန်၍ ခေါ်လိုက်၏။

mgyoe.com

mgyoe.com


"ဘုရားသခင် တန်ခိုးတော်ပဲ"

ကုက္ကိုပင်အိုကြီးသည် အသက်ဘေးမှ လွတ်မြောက်သွားသည့်အတွက် ဘုရား၏ ဂုဏ်ကျေးဇူးကို ရေရွတ်တမ်းတလိုက်မိပေသည်။

* * *

ချုံများကို ရှင်းလိုက်သောအခါတွင်မူ ကုက္ကိုပင်နေရာသည် တောင်ကုန်း ကမူဖြစ်၍ ချုံဖုတ်များနေရာသည် မြေနိမ့်ပိုင်းဖြစ်၍ နေပေသည်။

မိုးဦးကျလျှင် တောင်ကုန်းရော မြေနိမ့်ပါ မြောင်းတူး၍ စားပင်၊ ပန်းပင်တို့ကို စိုက်ပျိုးလိုက်သည်။ ပင်ရှုပ်၊ ပင်ပွေ၊ ပင်အောက်တန်းစားတို့ နေရာတွင် နှင်းဆီပင်နှင့် သစ္စာပန်းပင်တို့သည် ဣန္ဒြေရစွာ ပေါက်၍ လာကြသည်။

အတန်းလိုက် ချထားသော မြောင်းတစ်လျှောက်တွင် ရဲရဲနီသော နှင်းဆီ ပွင့်သည် လည်းကောင်း၊ ဖြူဝါရောင်စုံဖြစ်နေသော သစ္စာပန်းတို့သည် လည်းကောင်း၊ အလှချင်းပြိုင်၍ နေကြပေသည်။ သူတို့သည် ကံကောင်းလှပေစွ။ မကြာမြင့်မီ မမလေး၏ သပ္ပာယ် ဘုရားခန်းသို့ လည်းကောင်း၊ မမလေး၏ လှပသော စားပွဲအိုးသို့ လည်းကောင်း၊ မမလေး၏ တင့်မောလှသော ဆံထုံးသို့ လည်းကောင်း သွားရောက်လည်ပတ် ကြရပေတော့မည်။

ကုက္ကိုပင်အောက်သို့ ဘီမားတို့ လင်မယားနှစ်ယောက် ပြောင်း၍ လာပြန်သည်။ ဘီမားသည် ကုလားသူဌေး၏ ဒရိုင်ဘာဖြစ်၍ ဒေါ်အေးဘွင့်တို့က တစ်စုံတစ်ရာ ကန့်ကွက်ရန် မရှိပေ။ ဧကဝက် နီးနီးရှိသော မြေနေရာကို ဘီမားက သူပိုင်အဖြစ် ကလနား သတ်လိုက်ပေသည်။ ကျန်ရစ်သော နေရာ တစ်ဝိုက်ကိုမူ ကွက်လပ်မရှိအောင် ဒေါ်အေးဘွင့်က စိုက်ပျိုးလျက် ရှိပေသည်။

ယခုတလော ဒေါ်အေးဘွင့်သည် အခင်းများထဲသို့ ခဏခဏ မဆင်းနိုင်ပေ။ သူ့ခန္ဓာမှာ မွေးဖွားဖို့ အချိန်နီးကပ်၍ လာပေပြီ။ သို့သော် သူသည် သူ့အခင်းများ ပတ်ဝန်းကျင်သို့ တစ်ပတ်ဖြစ်ဖြစ် ရောက်အောင် လျှောက်လိုက်ရမှာ သူ ကျေနပ်ပေသည်။ သူငှားသော မြေမှာ ၄ ဧက နီးနီး ရှိပေသည်။

ယနေ့ သူ့ဝမ်းမှာ ကျင့်တင့်တင့် နာစပြုလာလေသည်။

"ကိုဖိုးတေကို သွားခေါ်စမ်း၊ ငါ ဒီနေ့များ မွေးမလား မသိဘူး"

ဒေါ်အေးဘွင့်သည် သူ့ယောက်ျားကို အခေါ်ခိုင်းလိုက်၏။ ကိုဖိုးတေ ခြံထဲမှ ရောက်လာသောအခါတွင်မူ၊ ဒေါ်အေးဘွင့်သည် မီးဖွားရန် ပြင်ဆင်၍ နေပေပြီ။

mgyoe.com

mgyoe.com


"အဆင်သင့်ပဲဟော့၊ ဒီနေ့ ငါ ထန်းဇေ့ တစ်ဇေ့ စိုက်ခဲ့တယ်။ ဒီကလေးနဲ့ ငါ့ကလေးနဲ့ အသက်အတူတူပဲ"

ထိုနေ့တွင် ဒေါ်အေးဘွင့်သည် မိန်းကလေးတစ်ယောက်ကို မွေးဖွားခဲ့လေသည်။

* * *

ကပ်စေးနဲချုံပင်များ ရှင်းသွားကတည်းက ကုက္ကိုပင်ကြီးသည် ပျင်းရိငြီးငွေ့၍ လာလေသည်။ ဘဝဆိုသည်မှာတော့ သည်လိုပေပဲ။ ပျော်သလို မနေရ တော်သလိုသာ နေရပေမည်။ အသက်မသေ မြေပေါ်တွင် နေရစ်ခဲ့ရသည်ကိုပဲ ကံ ကံ၏ အကြောင်းတို့ကို ကျေးဇူးတင်ရမည်ပါတကား။

မျက်စိပသာဒတွင်တော့ သာယာလှပ လာလေသည်။ ညနေစောင်းလျှင် နေခြည်ဖျော့ဖျော့ထဲ၌ သစ္စာပန်းပွင့်တို့သည် လည်းကောင်း၊ နှင်းဆီပွင့်တို့သည် လည်းကောင်း၊ ပျိုဖော်ဝင်စ ကညာတို့ကဲ့သို့ ကနွဲ့ကသိမ်း ယိမ်းဖွဲ့၍ နေကြသည်မှာ ရှုချင်စဖွယ် တင့်တယ်လှပါပေသည်။

သို့သော် နေဝင်လှ၍ မိုးချုပ်စပြုလျှင် ဘိမားသည် ဆူညံစွာ သီချင်းဆို၍ တဲသို့ ပြန်လာတတ်၏။ ဒေါ်အေးဘွင့်မောင် ကိုချစ်ဖူးသည် စကားကို အကျယ်ကြီး ပြော၍လာသည်။ အတန်ငယ် ညဉ့်နက်လာလျှင် သူတို့နှစ်ယောက်သည် ကျွက်ကျွက်ညံအောင် ရန်ဖြစ်ကြတော့သည်။ အရက်နံ့ ကဇော်နံ့တို့မှာ တဲများပတ်ဝန်းကျင်တွင် တထောင်းထောင်း ထနေသည်ဟူ၍ပင် ကုက္ကိုပင်ကြီးက ထင်မိပေသည်။

ကင်းပုံနှင့် ဇူကာနွယ်တို့ မင်းမူသည် ဆိုသည်ကမှ ဆိုဆုံးမရ လွယ်ပေသေးသည်။ ဘိမားနှင့် ကိုချစ်ဖူးတို့ သောင်းကျန်းကြသည်ကိုမူ ကုက္ကိုပင်ကြီးသည် ဘယ်လိုမျှ မတားမြစ်နိုင်ပေ။

လသာသောည၏ အလှအပဆိုသည်တို့မှာ ဘိမားတို့ လူစုအတွက် ဘာမျှ အဓိပ္ပာယ် မရှိတော့ပေ။

* * *

အချိန်များသည် မည်ကဲ့သို့ ကုန်ဆုံးလာသည်ဟူ၍ ကုက္ကိုပင်ကြီးသည် မတွေးခေါ်တတ်တော့ပေ။ အရွယ်ကလည်း အိုမင်းလာသောကြောင့် နေရသည်မှာ ငြီးငွေ့ပင်ပန်းစရာကြီးပင် ဖြစ်နေတော့သည်။ တွေ့ကြုံရသည်မှာလည်း များလွန်းလာ၍ သူ့မြင်ကွင်းတွင် ဘာမျှ သစ်ဆန်းလာသည်ဟု မထင်တော့ပေ။

mgyoe.com

mgyoe.com


ဒေါ်အေးဘွင့်တွင် သားဖွားလာခြင်းသည် လည်းကောင်း၊ ဘီမားမိန်းမတွင် မျက်နှာမြင်ခြင်းသည် လည်းကောင်း၊ သူ့အဖို့ မထူးခြားလှတော့ပေ။

တစ်ခါက ဒေါ်အေးဘွင့် ပြင်းထန်စွာ ငိုကြွေးလိုက်ခြင်းမှာ ကိုဖိုးတေ သေဆုံးခြင်းကြောင့် ဖြစ်ပေသည်။ သေဆုံးခြင်းနှင့် မွေးဖွားခြင်းမှာ သံသရာ၏ အဓိကအကြောင်းတို့ပင် မဟုတ်ပါလော။ တစ်နေ့သော နံနက်တွင်မူ ခွေးတို့သည် ဆူညံစွာ ဟောင်၍ နေကြပေသည်။ တဲငယ်များထဲမှ လူတိုင်းလိုလို အပြင်သို့ ထွက်နေကြပေသည်။

အဝေးဆီမှ တောင်ကမူနှင့် ဘီမားတဲရှိရာသို့ လူရည်သန့်တစ်စုတို့ လျှောက်လာသည်ကို ကုက္ကိုပင်ကြီးက ဆီး၍ မြင်နေရပေသည်။

ခွေးများသည် လူသစ်တို့ကို ကျယ်လောင်စွာ ဟောင်၍ နေပေသည်။ လူသစ်များသည် မြေ၏ ပတ်ဝန်းကျင်ကို သေချာစွာ စိုက်၍ ကြည့်ကြ၏။ ပြီးလျှင် လူရွယ်တစ်ယောက်သည် ပေကြိုးခွေကိုဖြေကာ မြေကို တိုင်းထွာတော့သည်။

"ဒါက ဘာလုပ်တာလဲ မြေတိုင်းစာရေးမင်းရဲ့"

ဒေါ်အေးဘွင့်သည် သွက်လက်စွာ မေးလိုက်၏။

"ခုလာတဲ့ လူတွေက မြေပိုင်ရှင်တွေလေဗျာ၊ သူတို့ကို ဒီနေရာမှာ မြေတစ်ကေစီ ခွဲပေးရမယ်"

"ဟင်… ကျုပ်တို့ ပိုင်ရှင်က ကုလားသူဌေးပါ၊ သူဌေးဆီမှာ ကျုပ်တို့ ငှားပြီး လုပ်နေရတာ"

"အေးလေ ခု ခင်ဗျားတို့ သူဌေးက သူတို့ကို ရောင်းလိုက်တာကိုး"

မြေတိုင်းစာရေးသည် ဣန္ဒြေရစွာ ပြန်ပြော၍ သူ့အလုပ်ကို သူ ဆက်၍ လုပ်နေလေသည်။

ဝဋ်ဆိုသည်မှာ လည်ရပေမည်ဟု ကုက္ကိုပင်ကြီးက တွေးလိုက်မိ၏။ ချုံနွယ်ပင်ကလေးများသည် ဘုမသိ ဘမသိနှင့် အရင်းမှ အဖြတ်ခံလိုက်ရ၏။ ဒေါ်အေးဘွင့်က ဤမြေသည် သူ့မြေဆို၍ ခုတ်ထွင်ရှင်းလင်းပစ်လိုက်သည်။

ယခု ဒေါ်အေးဘွင့် ဘာမျှ မသိရဘဲနှင့် လူသစ်တို့သည် သူတို့မြေအဖြစ် ဝင်ရောက်လာပါပကော။

ဘီမားမိန်းမသည် မြေကြီးပေါ်တွင် ထမင်းအိုးတည်၍ နေပေသည်။ ကလေးနှစ်ယောက်သည် ပိန္နဲပင်ခြေရင်းတွင် ဖုတ်အလိမ်းလိမ်းကပ်ကာ ဆော့၍

mgyoe.com

mgyoe.com


နေကြပေသည်။ နို့စို့ကလေးငယ်သည်သာ ခြောက်၍ ညိုမည်းနေသော နို့ပိန်ကို တွယ်၍ စို့နေပေသည်။

"ကမြင်းမသားလေးတွေ နင်တို့ကို ငါ မကြည့်ချင်ဘူး၊ သွားကြစမ်း ဒီအနား မလာနဲ့"

ကလေးတို့သည် မျက်လုံးအကြောင်းသားနှင့် ငေး၍ သူတို့အမေကို ကြည့်၏။ သူတို့သည် အမေ့ကိုလည်း မနှောင့်ယှက်၊ အဝေးမှာပင် ကစားနေကြသည်။

"ဒီမှာဖြင့် အိမ်တောင် အမိုး မမိုးနိုင်ဘူး၊ ကမြင်းမသားလေးတွေ သွားကြ"

သူမသည် တုတ်ခြောက်တစ်ခုနှင့် လှမ်း၍ ပေါက်လိုက်၏။ အမှန်တော့ အိမ်အမိုး မမိုးနိုင်ခြင်းမှာ ကလေးများနှင့် ဘာမျှ မပတ်သက်သည်ကို သူမ ကောင်းစွာ နားလည်ပါ၏။ သူ၏ ကလေးများကိုလည်း ဘာမျှ ဆူကြိမ်းစရာ မရှိသည်ကိုလည်း သိပါ၏။ သို့သော် သူ၏ တဲပတ်ဝန်းကျင်တွင် တိုင်းထွာနေသော မြေတိုင်းစာရေးနှင့် မြေပိုင်ရှင်များကို ဘီမားမိန်းမက စောင်း၍ ဆိုလိုက်ခြင်း ဖြစ်ပေသည်။

* * *

နောက်နေ့တွင် သူတို့သည် မြူနီစီပယ်လူကြီး ရှိရာသို့ ချီတက်သွားကြ၏။

"ကျုပ်တို့ကို တစ်ပင် ၂ ကျပ်ကျနဲ့ အပင်ရေအလိုက် လျော်ကြေးပေးမှ ဖယ်ပေးနိုင်မယ် လူကြီးမင်းရဲ့၊ ကျုပ်မှာ နှင်းဆီပင်ချည်းပဲ ၇၀၀ ရှိတယ်၊ သစ္စာပန်းက မြောင်း ၁၀၀ ရှိတယ်"

ဒေါ်အေးဘွင့်နှင့် ကိုချစ်ဖူး မောင်နှမက သူတို့ ကျေနပ်နိုင်မည့် လျော်ကြေးကို ပြောလိုက်သည်။

"ကျွန်မ အဖို့တော့ မြေတစ်ကွက်နဲ့ အိမ်တစ်လုံး ဆောက်ပေးရင် ဖယ်ပေးမယ်" ဟု ဘီမားမိန်းမက ဆိုပြန်သည်။ မြူနီစီပယ်လူကြီးသည် ခေါင်းကို စုံကုပ်လိုက်လေသည်။

"ကဲလေဗျာ... သင့်တော်တဲ့ လျော်ကြေးရအောင် ကျုပ် တောင်းပေးမယ်၊ ခင်ဗျားတို့ ပြန်ကြ ဟုတ်လား"

mgyoe.com

သူတို့သည် အိမ်သို့ မကျေမနပ်နှင့်ပင် ပြန်လာကြသည်။

နေသည် ကျဲကျဲတောက်တောက် ပူပြင်းလှသည်။ ရေမရ၍ မစိုက်ပျိုးဘဲ ထားရသည့် မြေမြင့်ပိုင်းဘက်သို့ ကိုချစ်ဖူးသည် တူရှင်းတစ်လက်နှင့် တက်၍ သွားလေသည်။ ဒေါ်အေးဘွင့်သည် ကိုချစ်ဖူးနောက်မှ လိုက်၍ သွားလေသည်။

"ဟဲ့... နေပူကြီးထဲ ချစ်ဖူးရယ်... ဘာလုပ်ဖို့လဲ၊ အခုတောင် လျော်ကြေးရဖို့ အပင် ၁၀၀၀ နီးနီး ရှိနေပြီပဲ"

"အို... အစ်မကလည်း အပင်အလိုက် လျော်ကြေးရမှာ မဟုတ်လားဗျ၊ ထပ်ပြီး စိုက်ထားရမှာပေါ့"

နေကား ကျောကွဲမတတ် ပူပြင်းလှ၏။ ကိုချစ်ဖူး၏ ကျောပြင်သည် တဖိတ်ဖိတ်ပင် တောက်ပ၍ လာတော့သည်။

"လောဘဆိုသည်မှာ အတောမသတ်နိုင်ပါလား" ဟူ၍ပင် ကုက္ကိုပင်ကြီးက ညည်းညူလိုက်ပေသည်။

* * *

မြေရှင်တို့၏ မြေညှိစက်သည် မြေနိမ့်ပိုင်းမှ တလိမ့်လိမ့် တက်၍ လာသည်။ တောင်ကမူသို့ရောက်လျှင် မြေများကို စတင်၍ ဖြိုချလိုက်သည်။

ပန်းပင်များ စိုက်ရာ မြောင်းတို့သည် မြေညှိစက်၏ သံအသွားထက်၍ အထစ်လိုက် အထပ်လိုက် ပါသွားကြသည်။ သစ္စာပန်းနှင့် ပဲပင်တို့သည်လည်း မြေညှိစက်ရှေ့ဝယ် ဒလိမ့်ခေါက်ကွေး ကြေမွ၍ ပါသွားကြပေတော့သည်။

လုပသူတို့ ပျက်စီးခြင်းမှာ ရှုရက်နိုင်စရာ မရှိပါကလား ဟူ၍ ကုက္ကိုပင်ကြီးက မရဏကမ္မဋ္ဌာန်း ရှုလိုက်ပေသည်။

ဒေါ်အေးဘွင့်၏ သမီးအလတ် မိရှင်ကမူ သူနှင့် အသက်တူဖြစ်သော ထန်းပင်၏ အနီးသို့ ကပ်၍သွား၏။ အသက်တူသော်လည်း ထန်းပင်သည် သူ့ထက် မြင့်ပေသည်။ သူသည် ခေါင်းပေါ်တွင် မိုး၍နေသော ထန်းပင်၏ အလက်များကို မော်၍ကြည့်ရင်း မျက်လုံးအိမ်၌ မျက်ရည်များ ဝေ၍ လာတော့သည်။

"ကိုယ်တို့ သွားတော့မယ်ကွယ်"

မိရှင်သည် သူ့မိတ်ဆွေ ထန်းပင်ကို တီးတိုးနှုတ်ဆက်၍ ထွက်သွားတော့သည်။

* * *

mgyoe.com

mgyoe.com


ယခုတော့ ဤနေရာတစ်ဝိုက်သည် ကျောက်တိုင် ဖြူဖြူလေးများနှင့် ခြံစည်းရိုးသတ်ထားသော ပန်းခြံလှလှလေးများ ဖြစ်နေတော့သည်။ ခြံဝင်းများ အလယ်တွင် နှစ်ထပ်တိုက်များသည် ခံ့ညားသပ်ရပ်စွာ မားမားရပ်၍ နေတော့သည်။

ကုက္ကိုပင်ကြီးကမူ အထီးတည်းပင် ရပ်တည်၍ နေသည်။ မြေကို ဝယ်လိုက်သူကလည်း ကုက္ကိုပင်ကြီးမှာ အရိပ်ရသည်ဟု ခုတ်လှဲပစ်ခြင်း မပြုတော့ပေ။

အလှအပ၊ စိန်ရောင်၊ ရွှေရောင်၊ ကားရောင်များသည် ကုက္ကိုပင်ကြီး ပတ်ဝန်းကျင်တွင် တဖိတ်ဖိတ် တောက်ပ၍ လာတော့သည်။

ကုက္ကိုပင်ကြီးရှိသော ခြံပိုင်ရှင်၏နောက်တွင် ယှက်လျက်ရှိသော ခြံဝင်း နှစ်ခုမှ စိန်ရောင်များသည် ပို၍ မျက်စိစူးစရာ ကောင်းသည်ဟု ကုက္ကိုပင်ကြီး က ထင်ပေသည်။ ဝတ်လုံကတော်သည် စိန်နားကပ်ကို မြတ်နိုးစွာ ပန်လေ့ရှိ သလိုပင် မင်းကြီး၏ သမီးသည်လည်း စိန်လက်စွပ်ကို ဂရုစိုက်၍ ဝတ်၏။ သူတို့နှစ်ယောက်သည် ခြံစည်းရိုးစပ်တွင် ဆုံမိကြတိုင်း စိန်များအကြောင်း ဆွေးနွေးကြတော့သည်။

* * *

တစ်နေ့သော နွေဆန်းစ၊ မရမ်းသီး ပေါ်ချိန်တွင်မူ ဤနေရာမှ ဆူညံသံကို ကုက္ကိုပင်ကြီး ကြားရပြန်သည်။

“အို… ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ နေရာ ဘာဖြစ်လို့များ ဆူကြပါလိမ့်”

ပင်အိုကြီးသည် လည်ကိုဆန့်၍ မျှော်ကြည့်လိုက်၏။

“ရှင့်ကို အစက မပြောဘူးလား၊ မရမ်းပင်ကို ခြံစည်းရိုးနဲ့ ၁၅ ပေအကွာ စိုက်ရမယ်လို့”

မင်းကြီးသမီးသည် ခုနစ်သံချီနှင့် ပြောလိုက်လျှင် ဝတ်လုံကတော်က သံကုန်လွှင့်လိုက်၏။

“ကျုပ်မြေထဲမှာ ကျုပ်စိုက်ချင်တဲ့ နေရာ စိုက်မယ်၊ သစ်ပင်က ရှင့်ခြံထဲ ညွတ်သွားတာ ဘယ့်နဲ့ တတ်နိုင်မလဲ”

“ကျုပ်မြေထဲ ရောက်လာတဲ့အကိုင်းဟာ ကျုပ် ပိုင်တယ်၊ ကျုပ် အသီးကို ခူးချင် ခူးမယ်၊ အကိုင်းကို ခုတ်ချင် ခုတ်မယ်”

mgyoe.com

mgyoe.com

"ကျုပ်အပင်ကို ရှင်က ဘာဆိုင်လို့ ခုတ်ရမလဲ"

ဂုဏ်ပကာသန ဘယ်လိုပင် ဖုံးထားသော်လည်း မိန်းမသည် မိန်းမပဲ ဖြစ်၏။ ရန်ဖြစ်ရမည့်နေရာ၌ ကက်ကက်လန်လန် အပြိုင်အဆိုင် အော်ကြ ဟစ်ကြ၏။

ကုက္ကိုပင်ကြီးသည် ရှက်၍ လာသည်။ စိန်ဆိုလျှင် မိုးရွာမတတ်၊ ရွှေဆို လျှင် လမ်းခင်းရမတတ် ချမ်းသာသူတို့သည် ဤမရမ်းပင် ပေါက်ရာ မြေကွက် လေးအတွက် ကျွက်ကျွက်ညံအောင် ရန်ဖြစ်ကြပါတကား...။

နောက်ဆုံး ခြံထဲတွင် မရမ်းပင်ပေါက်သော ပိုင်ရှင်သည် မရမ်းပင်ကို အရင်းမှ လွှနှင့်ပိုင်းကာ ဖြတ်၍ ပစ်လိုက်ခြင်းဖြင့် သူတို့ပြဿနာကို ဖြေရှင်းပစ် လိုက်ကြပေသည်။

"ငါလည်း ပျင်းလှပြီ...၊ ခုနေများ တစ်ယောက်ယောက်က ငါ့ကို အရင်းက ပိုင်းပစ်လိုက်ရင် ငါ နားရမှာပဲ"

ကုက္ကိုပင်ကြီးသည် တုံးလုံးလဲနေသော မရမ်းပင်ကို ကြည့်ကာ စိတ်ကူး ၍ နေမိပေသည်။

* * *

တစ်နှစ်သော မိုးဦးတွင် မိုးသည် သည်းထန်စွာ ရွာချလိုက်၏။ တောင် လေကလည်း ပြင်းထန်စွာ တိုက်ခတ်၍လာသည်။ ညဥ့်သည် မှောင်မည်း၍ မိုးသံလေသံတို့မှာ တစ္ဆေများ ညည်းညူသံလို ကြောက်မက်ဖွယ်ရာ ပေါ်၍ လာလေသည်။

လေသည် ကုက္ကိုပင်ကို ဇွတ်ကာဝိုက်ကာ တိုက်၏။ ကုက္ကိုပင်ကြီးသည် အမြစ်မှ ကြွ၍ တက်လာသည်။

"ကျုပ်ကို တစ်ခါတည်း လဲကျသွားအောင် လုပ်လိုက်စမ်းပါ လေနတ်မင်း ရယ်၊ ခုလို နေရတာ ပင်ပန်းလွန်းလို့" ကုက္ကိုပင်ကြီးသည် ပင်ပန်းစွာ ညည်းညူ ၍ နေပေသည်။ သန်းခေါင်ယံသို့ ရောက်လျှင် မိုးသည် သည်းထန်စွာ ရွာချ လာပြန်၍ လေများကလည်း ပိုမို ပြင်းထန်လာတော့သည်။

နောက်တစ်ကြိမ် လေအပင့်တွင် ကုက္ကိုပင်ကြီးသည် မြေတွင် ဗုန်းဗုန်း လဲတော့သည်။ သူသည် မောလွန်း၍ အသက်ပြင်းစွာ ရှူနေတော့သည်။

"ဟား... ဟား... ဟား... ဟား"

mgyoe.com

mgyoe.com


ပြင်းစွာသော ရယ်မောသံကို ကြားရ၍ ကုက္ကိုပင်ကြီးသည် အံ့အားသင့်သွားတော့သည်။ မည်သူများ သူ့ကို ရယ်၍ နေပါလိမ့်။ သူ၏ ဘဝကုန်ဆုံးခြင်းကို တစ်စုံတစ်ယောက်သော သူသည် ပျော်ရွှင်နှစ်သိမ့်၍ နေပါသလော…။

"ခု လဲကျနေသော အဘ ကုက္ကိုပင်ကြီး ထင်တယ်၊ ခုချိန်တော့ ကျုပ်ဆီမှာ နားဖို့ ကောင်းပါပြီလေ"

ကုက္ကိုပင်ကြီးသည် အားယူ၍ နားထောင်လိုက်၏။

"မြေကြီးမင်း ထင်တယ်၊ ခုရယ်လိုက်တာ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အဘကြောင့် ရယ်တာ မဟုတ်ပါဘူး၊ ကျုပ်ကို သူပိုင်တယ် ငါပိုင်တယ်နဲ့ လုကြလွန်းလို့၊ ပြီးတော့ သူတို့အားလုံး မြေကြီးထဲမှာ ခေါင်းချကြရတာပဲ"

"အလို… ဘယ်သူများ ခေါင်းချလိုက်ပြန်ပလဲ"

"ဝတ်လုံကတော်ကြီးနဲ့ မင်းကြီးသမီးလေ၊ နိုင်ငံခြားသွားရင်း လေမုန်တိုင်းထဲမှာ လေယာဉ်ပျံ ပျက်ကျသွားတာမှာ ပါသွားကြပြီ၊ ဟိုမှာ ကြည့်ပါလား…"

ကုက္ကိုပင်ကြီးသည် အားယူ၍ မြေကြီးထဲသို့ ကြည့်လိုက်၏။ ကိုဘိုးတေကိုလည်းကောင်း၊ ဒေါ်အေးဘွင့်ကိုလည်းကောင်း၊ မင်းကြီးသမီးတို့၏ လူစုကိုလည်းကောင်း မှုန်ရီမှေးမှိန်စွာ လှုပ်ရှားနေသည်ကို မြင်ရတော့၏။

မြေကြီး၏ တစ်ခဲနက်သော ရယ်မောသံသည်သာလျှင် ပြင်းသောလေနှင့် သည်းသောမိုးကို ဖောက်ထွင်း၍ မြည်ဟီးနေတော့သည်။

(မြဝတီ ဧပြီ၊ ၁၉၅၆)

❒

mgyoe.com

mgyoe.com

# ရှင်သာ ရခိုင်တန်ဆောင်လော

စစ်တွေတွင် ဆန်ဈေးတက်ရခြင်းသည် သူကြောင့်ဟူ၍ စောနုက ထင်ပေသည်။ စောနုသည် သူ၏ ထင်မြင်ယူဆချက်ကို သာအောင်မှ လွဲ၍ တစ်ပါးသူတို့အား ထုတ်ဖော်၍ မပြောဆိုရဲ။ အကယ်၍ ပြောဆိုသည်ပင် ထားဦးတော့၊ အနုညာတ မိန်းကလေးတစ်ဦးကြောင့် စစ်တွေတွင် ဆန်ဈေးတက်ရသည်ဟု ဆိုလျှင် ကြားရ သူတို့က ဝိုင်းဝန်းရယ်မောကြမည် ဖြစ်ပေသည်။

အဖကလည်း အလုပ်မှ ပြန်လာတိုင်း ခဏခဏ ညည်းညူတတ်သည်။

အဖသည် အလုပ်လုပ်ခအတွက် ငွေကို မလိုချင်။ ဆန်ကိုသာ လိုချင် ပေသည်။ ဆန်ဈေးသည် အဖတို့လို၊ စောနုတို့လို လူတန်းစားအတွက် ကြောက် မက်ဖွယ်ရာ၊ ထိပ်ပေါက်ထွက်မတတ် တက်နေသည်ဟု အဖက ပြော၏။

အဖတွင် ကလေးများလွန်းသည်။ ဇနီးသည် မရှိသည့်နောက် စောနု သည် အမကြီးလိုပင် မောင်ငယ်၊ ညီမငယ်များကို ထိန်းသိမ်းရသည်။ အားလပ် ချိန်တွင် စောနုသည် ဝင်ငွေရအောင် တစ်ဖက်တစ်လမ်း လုပ်သေး၏။ အမှန်တော့ ဆန်ရှာပေးသည်ဆိုလျှင် ပို၍ပင် မှန်ပေမည်။

ဦးစောသာဖြူ၏ လယ်များကို ယခင်က အဖကိုယ်တိုင် လုပ်ကိုင်ခဲ့ဖူး၏။ ဝေးကွာလှသော အတိတ်တွင် အဖ၏ လယ်သမားဘဝသည် မှုန်မွှားလှပေသည်။ စောနုကလည်း ငယ်ပေသေးသည်။

ယခုလို လယ်ယာများကို တွင်ကျယ်စွာ မလုပ်နိုင်သောအချိန်တွင် လယ် တောများဆီမှ အဖတို့ မိသားစုသည် စစ်တွေသို့ ပြောင်း၍လာ၏။

mgyoe.com

စစ်တွေမြို့တွင် အတည်တကျနေသောအချိန်၌ စောနု၏အမေ ကွယ်လွန်ခဲ့လေသည်။

"အမိရေ... အမိရဲ့"

အဖက တလွမ်းတတ ငိုကြွေးချိန်တွင် စောနုသည်လည်း တရှိုက်ရှိုက် ငို၏။ ကလေးများကတော့ ကြမ်းပြင်ပေါ်တွင် လိမ့်၍ ဆော့သူက ဆော့၏။ အိမ်ရှေ့မြက်ခင်းပြင်တွင် ပြေးသူက ပြေးနေပေသည်။ အမေ သေဆုံးခြင်းအတွက် ငိုကြွေးရမည်၊ လွမ်းဆွတ်ရမည်ကို သူတို့ မသိပေ။ တစ်ခါတစ်ရံ အကြီးကောင်ကလေးကပင် သူ့ညီမငါးယောက်ကို အမေ့အကြောင်း ပုံပြော၍ ပြတတ်သည်။ ကလေးတို့သည် အမေ့ကို မမြင်လျှင် စောနုကိုလည်းကောင်း၊ အစ်ကိုလတ် စံသာကိုလည်းကောင်း မေးကြသော်လည်း ငိုတော့ မငိုပေ။ အမေသည် ဘယ်တော့မှ ပြန်မလာတော့ပြီကိုလည်း သူတို့ မသိကြပေ။

သူတို့ အမေအကြောင်းကို မေးတိုင်း စံသာသည် 'အလွန်ဝေးသော ခရီးရှည်တစ်ခုကို အမေထွက်သွားကြောင်း' ပုံလုပ်၍ ပြောပြတတ်ပေသည်။ အဖသည် တစ်ခါတစ်ရံ သင်္ဘောကြီးကူလီ လုပ်၏။ ဦးစောသာဖြူ၏ စပါးများ ရောက်ချိန်တွင်လည်း သယ်ယူ၍ ပေးပေသည်။ ဦးစောသာဖြူသည် ယခုအခါတွင် စစ်တွေမြို့၌ ဆန်ကုန်သည်ကြီး လုပ်၍ နေပေသည်။

အဖက ဆန်စျေးတက်ကြောင်း ညည်းလျှင် စောနုသည် တစ်ခုခု လုပ်ချင်သည်။ အဖကို ကူချင်သည်။ ကလေးများကလည်း အစား ကြီးလွန်းလှသည်။ အမှန်တော့ စားရိုးစားစဉ် စားကြသော်လည်း၊ နေ့လယ်တွင် သူတို့ မုန့် မစားရပေ။ မုန့်အစား ထမင်းတစ်နပ် စားသောအခါ နေ့လယ်တွင် ဆန် နို့ဆီဘူး ၂ လုံးက ပိုကုန်ရပေသည်။

စံသာက ဘုန်းကြီးကျောင်းတွင် သွား၍ နေချင်သည်။ သူ ဘုန်းကြီးကျောင်းသို့ သွားနေလျှင် အိမ်မှာလည်း ဆန်ကုန်သက်သာမည်။ စာလည်း တတ်မည် မဟုတ်ပါလား။ သို့သော် စောနုက မလွှတ်ပေ။

"ငါ မြို့ထဲမှာ အလုပ်တစ်ခုကို သွားလုပ်မယ်။ နင် ကလေးတွေကို ကြည့်ပါဟယ်၊ သူတို့ နည်းနည်းကြီးလာလို့ သူတို့ဘာသာ လုပ်တတ် ကိုင်တတ် ရင်၊ နင် ဘုန်းကြီးကျောင်းကို သွားပေါ့"

စံသာသည် အစ်မကို ဘာမှ ပြန်မပြောပေ။ စောနုအစား သောက်ရေကန်

mgyoe.com

mgyoe.com

တွင် ရေသွား၍ ခပ်ရ၏။ ရေခပ်က အပြန်တွင် ကန်ဘေားရှိ ဘုန်းကြီးကျောင်းကို ငေး၍ ငေး၍ သွားသည်မှာ သူ၏ အလုပ်တစ်ခု ဖြစ်၏။

စောနုသည် အဖနှင့် မြို့ထဲသို့ လိုက်သွားသောနေ့တွင်ပင် အလုပ်ရလေသည်။ ဦးစောသာဖြူနှင့် ဒေါ်ရွှေဖဲဦးတို့က စောနုကို အိမ်ဖော်အဖြစ် ခေါ်ယူထား၏။ ညဥ့်တွင်တော့ စောနုကို အဖနှင့်အတူ အိမ်ပြန်အိပ်ခွင့် ပြုပေသည်။

စောနုသည် ရေခပ်၏။ ထမင်းချက်၊ အိမ်ဗာဟီရ လုပ်၏။ နောက်ဆုံးပြီးခါနီးတွင် သနပ်ခါး သွေးခဲ့ရသည်။ ဦးစောသာဖြူ၏ သမီးများသည် ရန်ကုန်တွင် ကျောင်းနေ၍ ကျောင်းပိတ်ရက်များမှ ပြန်လာတတ်သည်။ ကျောင်းဖွင့်ချိန်တင် စောနုသည် အလုပ်နည်းပါး၍ သွားလေသည်။ ဦးစောသာဖြူ၏ ဇနီးနှင့် အိမ်သားတစ်ယောက် နှစ်ယောက်အတွက်သာ အလုပ်များရပေသည်။

ယခုတလော မိုးကျလာချိန်တွင် ဆန်ဈေးသည် ကြောက်မက်ဖွယ်ရာ တက်လာပြန်သည်ဟု အဖက ဆိုပြန်သည်။ တစ်ခါတစ်ရံ စောနုသည် အဖ အလုပ်ပြန်ချိန်၌ စကားပင် မပြောလိုတော့ပေ။ အဖသည် အနိဋ္ဌာရုံ စိတ်မချမ်းမသာတွေကိုသာ ပြောတတ်လွန်းသည်ဟု စောနုက ထင်၏။ တစ်ခါတစ်ရံတော့လည်း သာတောင့်သာယာတွေ တွေးချင်၊ ကြားချင်ပေ၏။ ဦးစောသာဖြူအိမ်ကတော့ မြင်ကွင်းကောင်းသည်ဟု ဆိုရပေမည်။ တိုက်ခံနှစ်ထပ်အိမ်ဖြစ်၍ ဝင်းကြီးမှာ ကျယ်ပြန့်ရုံတင်မက အုတ်ဝင်းနံရံကြီးများနှင့် ခိုင်ခန့်စွာ ဝင်းခတ်၍ ထားပေသည်။ တိုက်ပန်းအဖြူများ ဝင်းတံတိုင်းပေါ်တွင် ဖွေးဖွေးလှုပ် ပွင့်ကြသောအခါ စောနုသည် အလုပ်လုပ်ရသည်ကို ပျော်၏။ သို့သော် ညနေစောင်း၍ အိမ်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် သူ့တဲစုတ်၏ အမိုက်ရှုပ်ရှုပ် ဝန်းကျင်ကိုသာ သူမြင်ရတော့သည်။ ဦးစောသာဖြူ၏ အိမ်ကို သွားရောက် အလုပ်လုပ်ရခြင်းသည် အိပ်မက်တိုင်းပြည်တစ်ခုသို့ သွားရောက် လည်ပတ်ရသလို ပျော်စရာကောင်းပေသည်။

မိုးဦးကျပြီး နောက်လတွင် အဖသည် အဖျားရောဂါ စွဲကပ်လာပြန်သည်။

"ဘယ့်နှယ် လုပ်မလဲ၊ ငါ အလုပ် မလုပ်နိုင်ဘူး မိန်းကလေး၊ သူဌေးဆီမှာ ဆန်ပိုတောင်းပါ"

အဖသည် ဆန်အကြောင်း ပြောလာပြန်သည်။

စောနုအတွက် အဖပြောသည်မှာ စိတ်ညစ်စရာ ဖြစ်သော်လည်း အမှန်တော့ အဖသည် ဖခင်ကောင်း ပီသပေသည်။ သူ နေမကောင်း၍ လဲနေစဉ်

mgyoe.com

m-gyoe.com


တွင် သားငယ်တို့ကို ဝဝလင်လင် စားစေချင်ပေသည်။ ယခင်က စောနု တစ်နေ့တွက် လုပ်ခကို ဈေးဝယ်စေ၍ အဖလုပ်ခအတွက်ကို ဆန်ဝယ်ပေသည်။ ယခုအချိန်တွင်လည်း စောနုသည် ဖြစ်သလို ကြံဖန်ဝယ်ချက်၏။ "အဖလိုသာ နေရရင် ရင်ကွဲရလိမ့်မယ်" ဟူ၍ စောနုက ဆိုပေသည်။

ယနေ့ အလုပ်ဆင်းချိန်တွင် သူသည် အဖ နေမကောင်းကြောင်းကို ဦးစောသာဖြူ၏ ဇနီးအား ပြော၍ ပြ၏။

"အဖသာ ဆန်အတွက် သိပ်ပူတတ်တာပဲ။ တစ်နေ့တစ်နေ့ ဆန် အကြောင်းပဲ ပြောတာပဲ။ ကျွန်မ အလုပ်ပိုလုပ်ရင် ဆန်အတွက် မပူရဘူးလို့ အဖက ပြောတာပဲ"

"အေး... ဘာအလုပ် ပိုလုပ်ရမယ် ဆိုတာကတော့ ကိုစောဖြူ ပြန်လာ ရင် ညည်းကို ပြောလိမ့်မယ်။ ညည်းအဖေ မမာတဲ့အကြောင်း ငါ ပြောပါ့မယ်"

ညနေတွင် ဦးစောသာဖြူနှင့်အတူ ဧည့်သည်တစ်ယောက် ပါလာလေ သည်။ ဧည့်သည်ကြီးမှာ ဖြူဖြူမြင့်မြင့်နှင့် လူချောကြီးတစ်ယောက် ဟူ၍သာ စောနုက အကဲခတ်လိုက်မိ၏။ ဘယ်သူဘယ်ဝါမှန်းသာ မသိပေ။ ဧည့်သည် ကြီးရှေ့တွင် ဖျော်ရည်နှင့် မုန့်များ သူကိုယ်တိုင် သွား၍ ထားပေးရလေသည်။

ထိုနေ့ညနေ သူပြန်ခါနီးတွင် ဦးစောဖြူက သူ့ကို ခေါ်လိုက်၏။

"မင်းအဖေကို ပြောလိုက်၊ တစ်လစာအတွက် ငါ ဆန်တစ်အိတ် ပေး ထားမယ်လို့နော်။ တစ်ခုတော့ ရှိတယ်ကွဲ့။ အဲဒီ ဆန်အိတ် တစ်အိတ်အတွက် အလုပ်ပို လုပ်ပေးရမယ်"

"ဆန်တစ်အိတ်"

စောနုသည် အလန့်တကြား အော်လိုက်၏။

"အေး... ဆန်တစ်အိတ်ပေါ့"

"အို... အဖက သိပ်ဝမ်းသာနေမှာ၊ ဆန်ရှားနေတုန်းသာ အဖ သေသွား ရင် ဆန်တွေကို စွဲလမ်းနေမှာတောင် စိုးရိမ်ရသေးတယ်၊ ကျွန်မ ကျွန်မ အလုပ် ပိုလုပ်ပေးပါ့မယ်"

ယနေ့ညနေ အိမ်ပြန်ချိန်တွင် သူ့ခြေလှမ်းများသည် သွက်လှ၏။ ဝမ်းသာ သွားမည့် အဖ၏မျက်နှာကို မြင်ယောင်ကာ ပျော်၍ လာသည်။

"တို့ ငွေ မလိုချင်ဘူး၊ ဆန်ပဲ လိုချင်တယ်ကွ"

m-gyoe.com